# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၆၀)


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)

# ချင်းတွင်းမြစ်ရေ သုံးစွဲ၍ရနိုင်သော်လည်း သောက်ရေအဖြစ်သုံးရန် မသင့်ကြောင်းထုတ်ပြန်ထား

**မျိုးဝင်းထွန်း(မုံရွာ)**

**စစ်ကိုင်း စက်တင်ဘာ ၂၈**

ချင်းတွင်းမြစ်အတွင်း ရေမည်းများ စီးဆင်းခြင်းသည် စာရာမေတိတောင်ခြေ၌ မြစ်ဖျားခံပြီး ချင်းတွင်းမြစ်နှင့် နန့်ဘုတ်ချောင်းအတွင်း စီးဝင်သည့် မိုင် ၁၃၀ ခန့်အရှည်ရှိ နန့်စလိန်ချောင်းလက်တက်တစ်ခုမှ မြေများ ပြိုကျ၍ မည်းပျစ်သောရေများ စီးဆင်းခြင်းကြောင့်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ရေမည်းလေ့လာစုံစမ်းရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ရဲ့ တာဝန်ပေးချက်အရ ချင်းတွင်းမြစ်ရေမည်းတဲ့ ကိစ္စကို လေ့လာစုံစမ်းဖို့ အဖွဲ့ဝင်ရှစ်ဦးပါတဲ့ ရေမည်းလေ့လာစုံစမ်းရေးအဖွဲ့ဖွဲ့စည်းခဲ့ပါတယ်။ ရေမည်းလေ့လာစုံစမ်းရေးအဖွဲ့ စက်တင်ဘာ ၆ရက်မှာ ခန္တီးကိုရောက်ပြီး တာဝန်ရှိသူ ဒေသခံတွေနဲ့ ညှိနှိုင်းဆွေးနွေးချက်တွေအရ ရေမည်းတွေဟာ

*စာမျက်နှာ ၃ ကော်လံ ၁*



ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေမည်းလေ့လာစုံစမ်းရေးအဖွဲ့ ကွင်းဆင်းလေ့လာနေမှုကို တွေ့ရစဉ်

# ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်မှု ၇၀ ရာခိုင်နှုန်းပြီးစီး



**ကလေးဝ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်စေရန် တံတားတည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၂)က စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကိုင်းရွာအနီး၌ ချင်းတွင်းမြစ်ကိုဖြတ်၍ ချင်းတွင်းတံတား (ကလေးဝ) ကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချင်းတွင်းတံတား(ကလေးဝ)ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ရေဦး - ကလေးဝ ကားလမ်း မိုင်တိုင်(၁၀၅/၄) ကိုင်းရွာအနီး၌ ချင်းတွင်းမြစ်ကိုဖြတ်၍ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကိုယ်ထည်နှင့် ကမ်းကပ်ခုံဖြစ်သည်။ အပေါ်ထည်မှာ သံမဏိသံပေါင်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ တံတားအရှည်မှာ ၈၅၄ ဒသမ ၈၈ မီတာဖြစ်သည်။ တံတားခန်းပွင့်အကျယ်မှာ ၂၇ ဒသမ ၄၃ မီတာ၊ သုံးခန်း ၁၂၀ မီတာ၊ ငါးခန်း ၂၇ ဒသမ ၄၃ မီတာ၊ ခြောက်ခန်းဖြစ်သည်။ တံတားအကျယ်မှာ ၁၀ ဒသမ ၂ မီတာဖြစ်သည်။ ချဉ်းကပ်လမ်းအရှည်ပေ ၈၅၂၀ (ကလေးဝဘက်လမ်း)၊ ၁၄၃၉ ပေ (ရေဦးဘက်လမ်း)တို့ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ AASHTOH. S.25 ဖြစ်သည်။ တံတားကင်းလွတ်အမြင့်မှာ ၁၂ မီတာဖြစ်သည်။ တံတားကင်းလွတ်အကျယ်မှာ ၁၀၅ မီတာဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၆*

## အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။

(မိုး/ဇလ)




မြန်မာ့အလင်း

# အတွေးအခေါ်ဟောင်း ဉခွံတို့မှ ဖောက်ထွက်မည့် ခြေလှမ်းများ

ရာစုနှစ်ဝက်ကျော်နောက်ကျခဲ့သည်ကို အမီလိုက်မည်ဆိုပါက သူများနိုင်ငံတို့က တစ်လှမ်းလှမ်းပါက ကိုယ့်နိုင်ငံက လေးငါးဆယ်လှမ်း လှမ်းနိုင်ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ လှမ်းနိုင်ရန် နိုင်ငံတော်ယန္တရားတို့သည် စိတ်တိုင်းကျလည်ပတ်နိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ စိတ်တိုင်းကျ လည်ပတ်နိုင်စွမ်းရှိရန် နိုင်ငံတော်ယန္တရား၏ အစိတ်အပိုင်းတို့ကို သူ့နေရာနှင့်သူ စနစ်တကျနေရာချနိုင်စွမ်းရှိရမည်။ နိုင်ငံတော်ယန္တရားအစိတ်အပိုင်းတို့ကြား ဟန်ချက်ညီညီ အပြန်အလှန်ချိတ်ဆက်နိုင်စွမ်းလည်း ရှိရမည်ဖြစ်ပါသည်။ လိုရင်းတင်ပြရပါက နိုင်ငံတော်ယန္တရားတို့သည် ခိုင်မာတောင့်တင်းရမည်ဖြစ်ပါသည်။ ကြံ့ခိုင်မှုရှိရမည် ဖြစ်ပါသည်။

နိုင်ငံတွင်း၌ ရာစုနှစ်ဝက်ကျော်တည်ရှိခဲ့သည့် အမိန့်ပေးမှုဆောင်ရွက်မည်ဟူသော စိတ်ဓာတ်နှင့်စနစ်တို့သည် ခုန်ပျံကျော်လွှား တိုးတက်ရေးအတွက်အဟန့်အတားဖြစ်နေသည်မှာ ရှင်းလင်းရန်မလိုအပ်သောကိစ္စဖြစ်ပါသည်။ သို့ဖြစ်၍ ဤစနစ်ကို မဖြစ်မနေပြောင်းလဲရမည် ဖြစ်ပါသည်။ ဤစိတ်ဓာတ်ကို မဖြစ်မနေပြောင်းလဲရမည် ဖြစ်ပါသည်။ သို့သော် မည်ကဲ့သို့ပြောင်းလဲမည်ကိုမူ စနစ်တကျသုံးသပ်ရန်လိုအပ်ပါသည်။ အခြေအနေတို့ကို ရုတ်တရက်ချက်ချင်း ပြောင်းပြန်လှန်သကဲ့သို့ ပြောင်းလဲ၍မရသည်မှာလည်း ထင်ရှားပါသည်။ အဆိုပါအပြောင်းအလဲတို့ကို ဖန်တီးရာ၌ သွက်လက်မြန်ဆန်ရှင်သန်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံရှိသော ပညာရှင်တို့၏ အကြံဉာဏ်ကိုရယူရန် လိုအပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမေရိကန်နိုင်ငံခရီးစဉ်အတွင်း ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော ပြည်ထောင်စုသား နိုင်ငံသားအားလုံးကို အမိနိုင်ငံအတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းစကားပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်ပနိုင်ငံများ၌ ရောက်ရှိနေကြသော ပြည်ထောင်စုသားနိုင်ငံသားတို့သည် အမိန့်ပေးမှုဆောင်ရွက်မည်ဟူသော ပုံစံသေစိတ်ဓာတ်တို့မှ ရုန်းထွက်နိုင်ပြီဖြစ်ပါသည်။ သွက်လက်မြန်ဆန်ရှင်သန်နေသည့် အုပ်ချုပ်ရေးစနစ်၏ အတွေ့အကြုံတို့ကိုလည်း ရရှိထားပြီး ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များထဲ၌ ပညာရှင်အဆင့် ပြည်ထောင်စုသား နိုင်ငံသားတို့ရှိပါက (ရှိလည်းရှိနေပါသည်) မြန်မာနိုင်ငံ၏ အရေးကြီးလှသော သမိုင်းအချိုးအကွေ့၌ တစ်တပ်တစ်အား အားဖြည့်ပါဝင်ကူညီနိုင်စွမ်းရှိကြပါသည်။ သို့ဖြစ်၍ အဆိုပါ ပြည်ထောင်စုသားနိုင်ငံသားတို့အား အမိနိုင်ငံတော်အတွက် အလုပ်အကျွေးပြုရန် ဖိတ်ကြားသင့်သည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်ပရောက်ပြည်ထောင်စုနိုင်ငံသား ပညာရှင်တို့အား ပြည်ပနိုင်ငံတို့၏ လုပ်ခလစာတို့နှင့် တန်းတူပေးနိုင်မည်မဟုတ်သော်လည်း အဆိုပါပညာရှင်တို့၏ မြန်မာနိုင်ငံ၌ နေထိုင်လုပ်ကိုင်စဉ်ကာလအတွင်း နေထိုင်စားသောက်သွားလာမှု ကိစ္စအရပ်ရပ်အဆင်ပြေချောမွေ့ရန်ကိုမူ လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။ အဆိုပါ ပညာရှင်တို့ မြန်မာနိုင်ငံသို့ အလွယ်တကူ သွားလာဝင်ထွက်နိုင်ရေးသည်လည်း အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံသည် ပြည်ပရောက် အိန္ဒိယနိုင်ငံသားပညာရှင်တို့ကို အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးရန် ဖိတ်ခေါ်ခဲ့သော်လည်း အစပထမပိုင်း၌ အောင်မြင်မှုရရှိခဲ့ခြင်း မရှိပါ။ ပြည်ပနိုင်ငံများတွင် ပညာသင်ကြားနေသော သားသမီးတို့၏ ပညာရေးနှင့် အိန္ဒိယနိုင်ငံ၏ လုပ်ခလစာသည် ပြည်ပနိုင်ငံတို့၏ လုပ်ခလစာနှင့် နှိုင်းယှဉ်ပါက သိသိသာသာ နည်းပါးနေခြင်းတို့သည် ပြည်ပနိုင်ငံများရောက် အိန္ဒိယပညာရှင်တို့၏ အဓိကအခက်အခဲများဖြစ်ခဲ့ပါသည်။ နောက်ဆုံး၌ အိန္ဒိယနိုင်ငံက အမိနိုင်ငံသို့ ပြန်လာမည့် ပြည်ပနိုင်ငံများရောက် အိန္ဒိယနိုင်ငံသား ပညာရှင်များအတွက် သားသမီးများ၏ပညာရေးမှအစ ပြည်ပနိုင်ငံများကဲ့သို့ဖြစ်စေရန် သီးခြားဇုန်နယ်မြေတစ်ရပ် ဖန်တီးထူထောင်ပေးသည့်အခါတွင်မှ အောင်မြင်မှုရရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံကို ပုံတူကူးချရန် မလိုအပ်သော်လည်း အမိနိုင်ငံသို့ပြန်လာ၍ တစ်တပ်တစ်အား ပါဝင်ကူညီမည့် ပြည်ပနိုင်ငံများရောက် ပြည်ထောင်စုသားပညာရှင်တို့ အဆင်ပြေပြေနေထိုင်သွားလာ လုပ်ကိုင်နိုင်ရေး ကူညီရမည်ဟူသော အခြေခံမှုကို ဆုပ်ကိုင်အကောင်အထည်ဖော်သင့်သည်ဟု ယူဆပါသည်။ ခုန်ပျံကျော်လွှားဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆုပ်ကိုင်ရရှိလိုပါက ခေတ်မီစီမံခန့်ခွဲရေး အတတ်ပညာနှင့် ကုန်ထုတ်လုပ်မှုနည်းပညာတို့လိုအပ်သည်မှာ ထင်ရှားပါသည်။ ဤလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်မည့် ပြည်ပနိုင်ငံများရောက် ပြည်ထောင်စုသား ပညာရှင်တို့အား ဖိတ်ခေါ်၍ အမိနိုင်ငံတော်အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခွင့်ပြုရန် တိုက်တွန်းတင်ပြအပ်ပါသည်။ ။



## မြန်မာနိုင်ငံ လူငယ်မူဝါဒ

မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင် နိုင်ရေးအတွက် လူငယ်ကိုယ်စား လှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါ သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ လူငယ်များ အားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထင်သာမြင်သာပြုပြင်စရာ

## ယိမ်းယိမ်းယိုင်ယိုင်ဆက်သွယ်ရေးတိုင်များ ပြုပြင်ပေးစေလို



ကြည့်မြင်တိုင်မြို့နယ်အတွင်း အချို့ရပ်ကွက်များရှိ မြန်မာ့ဆက်သွယ်ရေးမှ ဖုန်းတိုင်အတော်များများမှာ ယိမ်းယိမ်းယိုင်ယိုင်ဖြင့်ရှိနေပြီး အချို့တိုင်များမှာ အောက်ခြေပြတ်လုနီးပါးနှင့် အလယ်၌ အက်ကွဲကြောင်းများပေါ်၍ အတွင်းရှိ သံချောင်းများကို မြင်နေရသည်။

သာခုအနောက်ရပ်ကွက် စလင်းလမ်းနှင့် သာခုလမ်းထောင့်ရှိတိုင်မှာ ယိမ်းယိုင်နေမှုကြောင့် ပတ်ဝန်းကျင်နေသူများက သစ်သားချောင်းများဖြင့် ထောက်ကန်ထားရပါသည်။ ထို့အတူ ယင်းရပ်ကွက် ဆင်မလိုက်ဘက်မှလာသော ပလက်ဖောင်းအပေါ် သရက်တော (၆)လမ်းအနီးရှိတိုင်မှာလည်း အောက်ခြေပြတ်လုနီးပါးအပြင် တိုင်အလယ်၌ အက်ကွဲကြောင်းကြီးမှာ အထင်းသားဖြစ်နေပါသည်။

တစ်ဖန် သာခုအရှေ့ရပ်ကွက်ဦးဖိုးထူးလမ်းနှင့် နိဗ္ဗာန်လမ်းထောင့်မှ တိုင်မှာလည်း အတွင်းသံချောင်းများ ပေါ်လွင်လျက်ရှိပြီး အိမ်ဘက်အခြမ်းသို့ယိမ်းယိုင်လျက်ရှိနေသည်။ ထို့ထက်ပိုဆိုးသည်မှာ ဘောဂရပ်ကွက် ဘောဂလမ်းထိပ်(ဗားကရာဘက်အခြမ်း)ရှိ ဆက်သွယ်ရေးတိုင်မှာ ထက်ပိုင်းကျိုးကျပြီး ဆက်သွယ်ရေးကြိုးများကိုလာရှင်းသော်လည်း ကျိုးသွားသောတိုင်ကို ယခုတိုင်လာရောက်ရှင်း လင်းခြင်းမရှိသည်ကို တွေ့နေရသည်။

ယင်းသို့ အန္တရာယ်ဖိတ်ခေါ်နေမှုအပေါ် ရပ်ကွက်နေပြည်သူများက စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်နေပြီး သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**ဘော်ဂါသွေး**

## ပြည်သူ့ဆေးရုံဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အမ်း စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့်(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ကျောက်ဖြူခရိုင် အမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်စိုး၊ အမ်းမြို့မရဲစခန်းမှူးဒုတိယရဲမှူး သောင်းလွင်တို့ဦးစီး သောတပ်ဖွဲ့ဝင်များသည် အမှတ်(၄)ရပ်ကွက်အတွင်းရှိ အမ်းမြို့ ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာလတတိယပတ်က ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းပေးခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းများကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

(၁၅၇)

## မူးယစ်ဆေးဝါးအကြောင်း ဟောပြော

**နေပြည် စက်တင်ဘာ ၂၈**

နေပြည်မြို့နယ် ကျောင်းစုကျေးရွာ ကျောင်းစုအထက်တန်းကျောင်း(ခွဲ)၌ စက်တင်ဘာလတတိယပတ်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းစုနယ်မြေရဲစခန်းမှ နယ်မြေစခန်းမှူး ရဲအုပ်ပွဲနိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအား ချပြဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်သန္တာထွေး(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ်သို့ တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ လက်တော့ပ်များ ပေးအပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးတက္ကသိုလ်သို့ တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ လက်တော့ပ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာလ တတိယပတ်က မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ် Professor.Mr.Zhang Li က မန္တလေးတက္ကသိုလ်သို့ လက်တော့ပ်နှစ်လုံးကို ပေးအပ်လှူဒါန်းရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းကလက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင် (MU)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၈-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၇.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၁၉ |
| ထိုင်း | တစ်ဘတ် | ၃၅. ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈. ၄၃ |
| တရုတ် | တစ်ယွမ် | ၁၈၅.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

## တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅၅/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)**
**တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူညီသည့် အောက်ပါပုဂ္ဂိုလ်များကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(၁) ဦးခင်မောင်မောင်
(၂) ဒေါ်ခင်မာဌေး

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဗီယက်နမ်အမျိုးသားညီလာခံဥက္ကဋ္ဌ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၈**

ဗီယက်နမ်အမျိုးသားညီလာခံဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan နှင့် အဖွဲ့သည် ယနေ့ ည ၈ နာရီတွင် နေပြည်တော်သို့ရောက်ရှိလာရာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**
**(သတင်းစဉ်)**

❒ *ရွှေဖုံးမှ*

ချင်းတွင်းတံတား (ကလေးဝ) တံတား၏အပေါ်ထည်မှာ သံမဏိသံပေါင် ၁၂၀ မီတာ၊ အရှည်သံပေါင် ငါးပေါင်ဖြစ်သည်။ ယခုအခါ အပေါ်ထည်သံမဏိ သံပေါင်သုံးခု မုံရွာဘက်၌ တပ်ဆင်ပြီးစီးနေပြီဖြစ်ပြီး ကလေးဝဘက်မှ သံပေါင်နှစ်ပေါင်သာ တပ်ဆင်ရန်လိုတော့သည်။ ချဉ်းကပ်လမ်းမှာ ကလေးဝဘက်လမ်း ပေ ၈၅၂၀ နှင့် ရေဦး ဘက်လမ်း ၁၄၃၉ ပေတို့မှာ ပြီးစီးနေပြီဖြစ်သည်။

ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ပြီးစီးသွားပါက ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကလေးခရိုင် ကလေးမြို့က ကလေးဝမြစ်ကူးတံတားပေါ်၌ အရှည် ၂၀၀၅ ပေ၊ အကျယ် ၂၈ ပေရှိ နိုင်လွန်ကတ္တရာလမ်းခင်းပေးမည်ဖြစ်သည်။

ချင်းတွင်း(ကလေးဝ)တံတားမှ မန္တလေးသို့ ၁၉၇ မိုင်၊ လေးဖာလုံ၊ ကလေးဝတံတားမှ မော်လိုက်သို့ ၃၅ မိုင် ၇ ဖာလုံ၊ ကလေးဝတံတားမှ တမူးသို့ ၉၃ မိုင် ၃ ဖာလုံ၊ ကလေးဝတံတားမှ မုံရွာသို့ ၁၅၈ မိုင်နှင့် ကလေးဝတံတားမှ ဟားခါးသို့ ၁၄၈ မိုင် သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား အကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနား အကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

သတင်းစာရှင်းလင်းပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ယနေ့ကမ္ဘာတွင် ခရီးသွားလုပ်ငန်းသည် မိမိတို့လူသားများအတွက် အပန်းဖြေမှုအတွက်ဖြစ်စေ၊ ဗဟုသုတရရှိရန်အတွက်ဖြစ်စေ ကမ္ဘာကြီးတွင် နေထိုင်ကြသည့် လူသားမျိုးနွယ်စုများအကြား ရိုးရာယဉ်ကျေးမှုများ၊ သဘာဝအလှအပများကို သွားရောက်လေ့လာနိုင်ရန် ကမ္ဘာတစ်ဝန်း၌ ခရီးသွားခြင်းအလေ့အထများ ဖြစ်ပေါ်လာပါကြောင်း။

ယင်းလုပ်ငန်းကို ဆောင်ရွက်မည်ဆိုပါက မိမိသဘောနှင့်မိမိ ဆောင်ရွက်ခြင်းထက်တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်နိုင်ရန် ကမ္ဘာ့ခရီးသွားနေ့ကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းအား ပိုမိုစိတ်ဝင်စားမှုဖြစ်ပေါ်စေရန်နှင့် စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးပွားလာစေရန်သာမက ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်းကို အထောက်အကူပြုရာရောက်သည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အထောက်အကူဖြစ်စေမည့် ခရီးသွားလုပ်ငန်းကဏ္ဍအား ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုလာစေရန်အတွက် ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံအနှံ့တွင် ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ **(သတင်းစဉ်)**




## လူထုအခြေပြုလေ့လာမှုစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**သာယာဝတီ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် လူထုအခြေပြုလေ့လာမှုစခန်း (Community Learning Centre) ဖွင့်ပွဲအခမ်းအနားကို အင်းရွာရှေ့တန်းပညာရေးစခန်း၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးက နှုတ်ခွန်းဆက်စကားပြောကြားကာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မှူခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ပညာပေး

**ပေါက်ခေါင်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ ကြီးကြပ်မှု၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး မြင့်ကြည်တို့၏ ညွှန်ကြားမှုဖြင့် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လူစည်ကားရာနေရာများ၌ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးလုပ်ငန်းများကို ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အေးမင်းဦးစီး၍ စက်တင်ဘာ ၂၂ ရက်က အမှတ် (၄) ရပ်ကွက်၊ ဗိုလ်ချုပ်ကျောက်ရုပ်လမ်းဆုံ၊ အထက (ပေါက်ခေါင်း)၊ အမှတ် (၁) ရပ်ကွက်၊ အလက (၁) နှင့် အမှတ် (၅) ရပ်ကွက်တို့၌ ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

❍ *ရွှေဖုံးမှ*

နန့်စလိန်ချောင်းကနေ နန့်ပုတ်ချောင်း၊ အဲဒီကနေ ချင်းတွင်းမြစ်ထဲစီးဝင်တာပါ။ လေ့လာရေးအဖွဲ့ဟာ ရေမည်းစတင်ဖြစ်ပေါ်လာရတဲ့အကြောင်းရင်း၊ စတင်ဖြစ်ပေါ်တဲ့ဒေသနဲ့ စီးဆင်းရာနေရာကို ရှာဖွေခဲ့ကြတာပါ။ ဒါ့အပြင် ရေမည်းစီးဆင်းရာဒေသတစ်လျှောက်မှ ပြည်သူတွေ အန္တရာယ်ရှိနိုင်မှုအခြေအနေနဲ့ အများပြည်သူကို သတင်းအမှန် ထုတ်ပြန်ပေးနိုင်အောင် လေ့လာခဲ့တာဖြစ်ပါတယ်”ဟု ရေမည်းလေ့လာစုံစမ်းရေးအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ဦးစိုးလွင်က ပြောပြသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းတွင်းမြစ်တစ်လျှောက် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ နေရာ ကိုးနေရာတွင် ရေအခြေအနေကိုတိုင်းတာစစ်ဆေးခဲ့ရာ WHO စံနှုန်းအောက်ရောက်ရှိနေသဖြင့် ရေနေသတ္တဝါများအနည်းငယ် အန္တရာယ်ရှိနိုင်မှုကို တွေ့ရှိရပြီး ရေမည်းများ ပျောက်ကွယ်သည့်နောက်ပိုင်းတွင် တိုင်းတာစစ်ဆေးချက်အရ ရေများပုံမှန်အခြေအနေသို့ ရောက်ခဲ့သည်ကိုတွေ့ရကြောင်း အဖွဲ့ဝင် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၆ ရက်က ခန္တီးမြို့အနီး ချင်းတွင်းမြစ်တစ်လျှောက် မြစ်ရေကို တိုင်းတာစစ်ဆေးခဲ့ရာ သုံးစွဲရန်သင့်လျော်သော်လည်း သောက်ရေအဖြစ် သုံးစွဲရန်မသင့်လျော်ကြောင်း ခန့်မှန်းရရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒေါ်ဥမ္မာမြင့်ထံမှ သိရသည်။

နန့်စလိန်ချောင်းကို လေ့လာရာတွင် ရေလမ်းမှ လေ့လာစုံစမ်းရေးအဖွဲ့နှင့် ကုန်းလမ်းမှ လေ့လာစုံစမ်းရေးအဖွဲ့ဟူ၍ ခွဲကာစုံစမ်းခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း ဦးဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါဝင်သော အဖွဲ့သည် ချင်းတွင်းမြစ် နန့်ဘုတ်ချောင်းမှတစ်ဆင့် နန့်စလိန်ချောင်းအတွင်း စက်လှေဖြင့် ရေမိုင် ၂၅ မိုင်အကွာ နန့်စလိန်ကြိုးတံတားအထိလေ့လာရာ အမည်းရောင်မြေသားများ တွေ့ရှိခဲ့ရပြီး ချောင်းရေအခြေအနေမှာ အရောင်ဖျော့၍ အန္တရာယ်မရှိ နိုင်သည်ကို တွေ့ခဲ့ရကြောင်း သိရသည်။

“နန့်စလိန်ချောင်းဟာ စာရာမေတိတောင်ခြေက ချောင်းဖျားခံစီးတာဖြစ်ပြီး ချင်းတွင်းနဲ့ နန့်ဘုတ်ချောင်းအထိ မိုင် ၁၃၀ လောက်ရှည်ပါတယ်။ မိုင်တိုင် ၄၇/၃ မှာရှိတဲ့ နန့်စလိန်ချောင်းကို လေ့လာရာမှာ စီးနေတဲ့မြစ်အရောင်ဟာ မည်းနက်နေပြီး ဘေးတစ်ဖက်မှာရှိတဲ့ တောင်ကမ်းပါးနံရံတွေပြိုကျနေသလို မြေသားနဲ့ကျောက်သားတွေ မည်းနက်နေပြီး ဂရပ်ဖိုက် (Graphite) များဖြစ်ကြောင်း အတည်ပြုပါတယ်။ နာဂကျေးရွာ တာမောင်အနီးက နန့်စလိန်ချောင်းကို လေ့လာရာမှာတော့ ချောင်းရေဟာ မည်းနက်ပြီးစီးဆင်းနေတာတွေ့ရပါတယ်။ အိန္ဒိယနယ်စပ်အနီးက စာရာမေတိတောင်ခြေ နန့်စလိန်ချောင်းလက်တက်တစ်ခုမှာ မြေတွေပြိုပြီး မည်းပျစ်တဲ့ရေတွေ စတင်စီးဆင်းနေတာကို တွေ့ရပါတယ်”ဟု လေ့လာရေးအဖွဲ့ဝင် ဦးသန်းဌေး (ဝန်ကြီးချုပ် ကိုယ်ရေးအရာရှိ)က ပြောပြသည်။

နန့်စလိန်ချောင်းအတွင်းမှ ကောက်ယူသော မည်းမည်းအမှုန့်၊ အနည်အနှစ်များသည် Graphite ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး နမူနာကျောက်တုံးများသည် Graphite တွင်းထွက်ကျောက်တုံးများဖြစ်ကြောင်း၊ နန့်စလိန်ချောင်း တစ်လျှောက်လုံး၏ ဘူမိဗေဒမှာ နာဂအသွင်ပြောင်း ကျောက်များသာ အဓိကဖုံးလွှမ်းနေကြောင်း လေ့လာရေးတွင်ပါဝင်သော ဘူမိဗေဒပညာရှင်ထံမှ သိရသည်။

“Graphite တွေဟာကျောက်လွှာတွေကြားမှာ အလွှာပါးတွေဖြစ်နိုင်ပြီး မိုးသည်းတဲ့အခါ အလွှာကြား ရေစိမ့်ဝင်ကာ ပြိုကျပျော်ဆင်းလို့ ရေမည်းတွေ ချောင်းထဲစီးဝင်တာဖြစ်ပါတယ်။ Graphite အမှုန့်ဖြစ်သွားရင် လုပ်ငန်းခွင်တွေမှာ အန္တရာယ်ရှိနိုင်ပါတယ်။ သာမန်အခြေအနေမှာတော့ အန္တရာယ်မရှိနိုင်ပါဘူး။ Graphite မှာပါဝင်တဲ့ ကာဗွန်ဟာ မူလက ခဲအစရှိတဲ့ သတ္တုတွေပါဝင်သလို ကာဗွန်ရဲ့သတ္တိဟာ ကပ်ငြိဖမ်းယူနိုင်စွမ်းရှိတဲ့အတွက် ခဲ၊ ကြေးနီ၊ ရွှေစတဲ့ သတ္တုတွေကို ဖမ်းယူနိုင်ပါတယ်။ မြစ်ထဲကရေနမူနာမှာ သတ္တုဓာတ်တွေပါဝင်လာတာဖြစ်ပါတယ်”ဟု လေ့လာရေးတွင် ပါဝင်သော ဘူမိဗေဒပညာရှင် တစ်ဦးက ပြောပြသည်။

ဒေသခံပြည်သူများ၏ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုကြောင့် သစ်ပင်သစ်တောများပြုန်းတီးသလို မြေဆီလွှာထိန်းသိမ်းမှုပျက်စီးကာ နန့်စလိန်ချောင်းအတွင်း ပျော်ဝင်မျောပါစီးဆင်း၍ ရေညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ နန့်စလိန်ချောင်းသည်ဂရပ်ဖိုက်ကာဗွန်များ စီးဆင်းနေသည့်အတွက် အောက်ဆီဂျင်နည်းပါးကာ ရေနေသတ္တဝါငါးအစရှိသည့် သတ္တဝါများအသက်ဆုံးရှုံးနိုင်ပြီး ချောင်းရေကို သောက်သုံးရန်မသင့်တော်ဘဲ ချောင်းရေသုံးစွဲပါက အသားပြာခြင်း၊ ယားယံခြင်းတို့ဖြစ်နိုင်ကြောင်း ရေမည်းလေ့လာစုံစမ်းရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

# မြန်မာ-တရုတ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပဉ္စမအကြိမ် ဝန်ကြီးအဆင့် စည်းဝေး




**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပဉ္စမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် နေပြည်တော် Horizon Lake View Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ကောင်းရှန်ခွင်နှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ် များ တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံဝန်ကြီးများက အဖွင့်အမှာစကားများ ပြောကြားကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသထိန်းချုပ်ရေး စီမံခန့်ခွဲမှုနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မဲခေါင်မြစ်ကြောင်းတရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆိုက်ဘာကွန်ရက်တွင် ကျူးလွန်သောပြစ်မှုများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ၂၀၁၆-၂၀၁၇ ကာလအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများတွင် စွမ်းရည်မြှင့်တင်ရေးကဏ္ဍအတွက် လေ့ကျင့်သင်တန်းပေးရေး၊ သဘာဝသယံဇာတအရင်းအမြစ်များ ကာကွယ်စောင့်ရှောက်ရေးတို့တွင် တရုတ်နိုင်ငံအစိုးရမှ ပူးပေါင်းဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**

# မိုင်းကိုင်မြို့နယ်၌ ကျောင်းပေါင်း ၅၈ ကျောင်း ပိတ်ပင်မှုကို ခံနေကြရဟုဆို

**ရန်ကုန် စက်တင်ဘာ ၂၈**

ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) သည် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် တအာင်းဒေသခံပြည်သူများအား တစ်ပြည်တည်းနေ ညီအစ်ကိုမောင်နှမအချင်းချင်း စာနာထောက်ထားမှုမရှိဘဲ ကိုယ့်အားကိုယ်ကိုး ပညာရေးကျောင်းများကို မတရားပိတ်ပင်ခြင်း၊ တပ်သားသစ်အတင်းအဓမ္မစုဆောင်းခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ခြိမ်းခြောက်မှုများပြုလုပ်ခြင်းစသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရင်ဆိုင်နေကြရကြောင်း ယနေ့မွန်းလွဲပိုင်းတွင် တော်ဝင်နှင်းဆီခန်းမ၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"RCSS/SSA အနေနဲ့ NCA လက်မှတ်ရေးထိုးထားတာဖြစ်တာနဲ့အညီ စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရမှာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပြီးတဲ့နောက် ဒီလို လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ပိုပြီး ဆိုးရွားလာတဲ့အနေအထားဖြစ်ပါတယ်" ဟု တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ အထွေထွေအတွင်းရေးမှူး မိုင်းဆါည်ရံက်က ပြောသည်။

မိုင်းကိုင်မြို့နယ်အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတော်အဖွဲ့ (ဗဟို)၊ တအာင်းအမျိုးသမီးအဖွဲ့အစည်းနှင့် တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့တို့က ဦးစီးဖွင့်လှစ်ထားသော ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးပညာရေးကျောင်း ၂၃ ကျောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖွင့်လှစ်ရန်လျာထားသော ကျောင်းပေါင်း ၃၅ ကျောင်း စုစုပေါင်း ၅၈ ကျောင်းကို RCSS/SSA မှ ဖွင့်လှစ်ရန် ပိတ်ပင်ထားကြောင်း၊ ပိတ်ပင်ထားမှုကြောင့် ကျောင်းသားထောင်ပေါင်းများစွာ ပညာသင်ကြားခွင့်ဆုံးရှုံးနေကြောင်း၊ စာသင်ကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများကိုလည်း ခြိမ်းခြောက်မှုများရှိနေပြီး ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းနေသော သံဃာတော်ရှစ်ပါးကိုလည်း မတရားဖမ်းဆီးခဲ့ကြောင်း တအာင်းအဖွဲ့အစည်းများ၏ကြေညာချက်တွင် ဖော်ပြသည်။

ထို့ပြင် RCSS/SSA အနေဖြင့် ယခုစက်တင်ဘာလအတွင်း မိုင်းနောင်မြို့နယ် ကျွန်းတောင်ရွာမှ မိုင်းအိုက်လိုင်းနှင့် မိုင်းအိုက်ကျန်တို့ကို ရိုက်နှက်ဖမ်းဆီးထိန်းသိမ်းခြင်း၊ မိုင်းကိုင်မြို့နယ် နမ့်ခွန်အွန်းကျေးရွာမှ ဦးပေါ်အေးအား ဖမ်းဆီးထိန်းသိမ်းခြင်း ပြုလုပ်ခဲ့သည့်အပြင် မိုင်းကိုင်မြို့နယ် တအာင်း (ပလောင်) အမျိုးသားပါတီအဖွဲ့ ခေါင်းဆောင်များကို လည်းကောင်း၊ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော တအာင်းလူငယ်များကို လည်းကောင်း၊ RCSS/SSA တွင် စစ်မှုမထမ်းမနေရ ထမ်းဆောင်ပေးရမည်ဟု အမိန့်ပေးဆင့်ခေါ်ခဲ့ကြောင်း၊ ယင်းတို့အနေဖြင့် ပြန်မလာပါက ၎င်းတို့၏ ဆွေမျိုးသားချင်းနှင့် ၎င်းတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကိုလည်း သိမ်းဆည်းမည်ဟု ခြိမ်းခြောက်ထားကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တအောင်း (ပလောင်) ကိုယ့်အားကိုယ်ကိုးကျောင်းများ ပိတ်ပင်ထားမှုရပ်တန့်ရေးနှင့် RCSS/SSA အနေဖြင့် တပ်များ အမြန်ဆုံး ရုပ်သိမ်းပေးရန်အချက်များ အပါအဝင် အချက် ၁၅ ချက်ကို တအောင်းအဖွဲ့အစည်းများက တောင်းဆိုလိုက်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခွေးများအား ကာကွယ်ဆေးများ အခမဲ့ထိုးနှံ

**ကသာ စက်တင်ဘာ ၂၈**

ကသာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်သော ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မြို့ပေါ်ရှိ ခွေးများအား ကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြောက်ကျောင်းစာသင်တိုက်၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားအရ ခွေးရူးရောဂါကြောင့် တစ်နှစ်လျှင် လူပေါင်း ၃၀၀ကျော် သေဆုံးလျက်ရှိပြီး ၎င်းခွေးများသည် လူတွေနှင့် အနီးဆုံးနေထိုင်ကြသဖြင့် ခွေးမှတစ်ဆင့် လူကို ကူးစက်နိုင်သည့်အတွက် ရောဂါပိုးကူးစက်နိုင်ခြင်းတို့အပြင် ၎င်းပိုးကူးစက်ခံရပါက ကုစရာဆေးမရှိဘဲ အသက်သေဆုံးနိုင်သဖြင့် ယခုကဲ့သို့ ခွေးများအား နှစ်စဉ် တစ်နှစ်တစ်ကြိမ် ကာကွယ်ဆေးထိုးပေးခြင်းအားဖြင့် ခွေးရူးရောဂါကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာဝင်းထွန်းက ပြောသည်။

အဆိုပါ ခွေးရူးရောဂါကာကွယ်ဆေးကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ရပ်ကွက် (၁)နှင့် မြောက်ကျောင်းဘုန်းကြီးကျောင်းများတွင် ခွေးကောင်ရေ ၇၀ ခန့်အား နှစ်စဉ်အခမဲ့ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။
**မြင့်ကေခိုင် (ပြန်/ဆက်)**

# မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသပေးမည်

**နမ့်ခမ်း စက်တင်ဘာ ၂၈**

သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရထံမှ သြဝါဒခံယူ၍ နမ့်ခမ်းမြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော် ဇေယျသုခကျောင်းတိုက် သီတဂူစက္ခုဒါနဆေးရုံ၏ ဦးစီးပဓာန ဆရာတော် ဒေါက်တာ အရှင်ဝိနယာစာရ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်ဦးရွက်ပြုလျက် မျက်စိအထူးကု ဆရာဝန်များက နမ့်ခမ်းမြို့ သီတဂူစက္ခုဒါန ဆေးရုံ၌ အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအနေဖြင့် နမ့်ခမ်းမြို့သီတဂူစက္ခုဒါနဆေးရုံသို့ ဆက်သွယ်နိုင်ကြောင်းနှင့် အကယ်၍ မျက်စိခွဲစိတ်ကုသမှုခံရပါက ညအိပ်တည်းခိုရန်အတွက် နေရာများ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

# မြိုင်ကြီးငူဒေသ စစ်ဘေးရှောင်စခန်း၌ လူဦးရေ ၅၀၀၀ ကျော်ထိရှိလာ၊ ယာယီတဲနှင့် အိမ်သာများ လိုအပ်လျက်ရှိ

**မြိုင်ကြီးငူ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် မြိုင်ကြီးငူဒေသ စစ်ဘေးရှောင်စခန်း၌နေထိုင်ကြသော စစ်ဘေးသင့်ပြည်သူများအား တစ်စုတစ်စည်းတည်းဖြင့်နေထိုင်နိုင်ရန် ယခင်နေထိုင်ခဲ့သော မြတ်ပန်းဝတ်မှုံခန်းမဆောင်မှ တစ်ဆင့် အေးလင်းသာယာကျောက်စာကွင်းအတွင်း တဲတန်းလျားများ တည်ဆောက်ကာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"အခုဆောက်လုပ်နေတဲ့ တဲတစ်လုံးက ၁၅ သိန်းခန့်ရှိပြီး တဲတစ်လုံးမှာ အိမ်ထောင်စု ၂၀ ထားမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တဲတွေကတော့ သုံးလုံးပဲ တည်ဆောက်ပြီးစီးသေးတယ်။ ဆောက်ရမှာတော့ အလုံး ၂၀၊ အလုံး ၃၀ လောက် ဖြစ်ပါတယ်။ ဒုက္ခသည်တွေ ပြောင်းရွှေ့နေထိုင်ရေးနဲ့ တဲအိမ်တွေ ဆောက်လုပ်လှူဒါန်းရေး အတွက် အလှူရှင်တွေ၊ ပရဟိတအသင်း အဖွဲ့တွေ၊ အနယ်နယ်အရပ်ရပ်က စေတနာရှင်တွေရဲ့လှူဒါန်းမှုတွေနဲ့အတူ မြိုင်ကြီးငူဆရာတော်တပည့်အရင်းဖြစ်တဲ့ တိုက်အုပ်ဆရာတော် ဦးကုသလက ဦးဆောင်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဆရာတော် ဦးကုသလဆိုတာက စစ်ဖြစ်နေချိန်တုန်းက စစ်ဘေးသင့်ကျေးရွာတွေမှာ ကားပေါင်းအစီးရေ ၁၅၀ ခန့်နဲ့ သွားကြိုခဲ့တာလည်း အဲဒီ ဆရာတော်ပါပဲ။ စက်တင်ဘာ ၁၉ ရက်က ဒုက္ခသည် ဦးရေ ၃၈၇၄ ဦးရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂၇ ရက်အထိ ကျေးရွာပေါင်း ၃၃ ရွာက ထပ်ရောက်လာတဲ့အရေအတွက်နဲ့ဆို လူဦးရေ ၅၀၀၀ ကျော်သွားပါပြီ။ အိမ်ထောင်စုပေါင်း ၉၀၀ ကျော်ပါ။ သူတို့တွေအတွက် ယာယီတဲတန်းလျားတွေနဲ့ အိမ်သာတွေပါ ထပ်မံ ဆောက်လုပ်နိုင်ရန် အလှူရှင်တွေလည်း လိုအပ်လျက်ရှိပြီး စေတနာရှင်တွေ လာရောက်လှူဒါန်းနိုင်ပါတယ်" ဟု လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးနေလင်းထက်က ပြောသည်။

မြိုင်ကြီးငူဒေသတွင် စက်တင်ဘာ ၂ ရက်မှစတင်ခဲ့သည့် DKBA ခွဲထွက်အဖွဲ့နှင့် BGF (နယ်ခြားစောင့်တပ်) တို့ တိုက်ပွဲများကြောင့် ကျုံထော်ရေတံခွန် အထက်ပိုင်းရှိ ရွာပေါင်း ၃၃ ရွာမှ ဒေသခံများမှာ မြိုင်ကြီးငူဒေသသို့ လာရောက်ခိုလှုံခဲ့ကြရာ ယင်းကျေးရွာ ၁၂ ရွာမှ မူလတန်းကျောင်းများကိုလည်း ပိတ်ထားရပြီး စစ်ရှောင်တိုင်းရင်းသားများကို တိုက်အုပ်ဆရာတော် ဦးကုသလက နေ့စဉ် ထမင်းသုံးနပ်ချက်ပြုတ်ကျွေးမွေးထားရာ လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် မီးသတ်ဦးစီးဌာနနှင့် စစ်ဘေးရှောင်ပြည်သူများအား မြိုင်ကြီးငူအထူးဒေသမှ တိုက်နယ်ဆရာဝန် ဒေါက်တာ သန်းထိုက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးကူညီ စောင့်ရှောက်ပေးလျက်ရှိကြောင်း စစ်ဘေးရှောင်ဒုက္ခသည်စခန်းမှ သိရသည်။
**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မြန်မာ့ကော်ဖီအဆင့်အတန်း ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**သတင်း - သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သိန်း**



**နေပြည်တော် စက်တင်ဘာ ၂၈**

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာရပ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးသွားနိုင်ရန်နှင့် ကမ္ဘာ့ဈေးကွက်တွင် အဆင့်အတန်းမီမီ တည်ရှိနေသည့် မြန်မာ့ကော်ဖီဈေးကွက်၏ အဆင့်အတန်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် ရည်ရွယ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကော်ဖီရာသီသီးနှံဌာနခွဲမှ ကော်ဖီသီးနှံဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကိုစက်တင်ဘာ ၂၈ ရက်က နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ်၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

"မြန်မာ့ကော်ဖီကို အရည်အသွေးမီမီ ထုတ်လုပ်နိုင်ဖို့အတွက်ဆိုရင် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း၊ ကမ္ဘာ့ဈေးကွက်က ကြိုက်နှစ်သက်တဲ့ ကော်ဖီမျိုးတွေက ကျွန်တော်တို့နိုင်ငံမှာ ရှိပြီးသားဖြစ်နေပါတယ်။ ဒီ processing နည်းပညာတွေကလည်း အထိုက်အလျောက် ရှိပြီးသားဖြစ်နေပါတယ်။ ဒီ processing နည်းပညာတွေကို တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြဖို့၊ သိပြီးသွားရင်လည်း လိုက်နာကျင့်သုံးလာကြဖို့နဲ့ လိုက်နာကျင့်သုံးနိုင်ဖို့ ငွေကြေးအရင်းအနှီး အထောက်အပံ့တွေ ပေးနိုင်ဖို့ပဲ လိုအပ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင်တော့ စပါးကိုစားနပ်ရိက္ခာဖူလုံရေးအတွက်ပဲ စိုက်ပြီးတော့ အမြတ်အစွန်းများများနဲ့ ဝင်ငွေများများရဖို့အတွက်ကတော့ ကမ္ဘာ့ဈေးကွက်မှာ နေရာရပြီးသားဖြစ်တဲ့ ကော်ဖီလိုစက်မှုကုန်ကြမ်းသီးနှံတွေကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးဟာ မဖြစ်မနေ လုပ်ဆောင်သွားကြရမှာပဲ ဖြစ်ပါတယ်။ အာဖရိကစကားပုံတစ်ခုလိုပဲ "ဝေးဝေးသွားချင်ရင် တစ်ယောက်တည်းသွားပါ။ အကြာကြီးသွားချင်ရင်တော့ အတူတူသွားပါ" ဆိုတဲ့အတိုင်း မြန်မာ့ကော်ဖီ ကမ္ဘာ့အဆင့်မီ ရေရှည်တည်တံ့နိုင်ဖို့အတွက် ကျွန်တော်တို့ အစိုးရဌာန၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ၊ ကော်ဖီနဲ့ ဆက်စပ်နေသူများ၊ ပညာရှင်များနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားချင်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောသည်။

ပုဂ္ဂလိကကော်ဖီအခန်းကဏ္ဍအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ၂၀၁၄ ခုနှစ် ဧပြီ ၆ ရက်တွင် ပြင်ဦးလွင်မြို့ ရွှေပုဇွန်ကော်ဖီခြံ၌ စတင်ဖွဲ့စည်းခဲ့ပြီး အသင်းအနေဖြင့် နှစ်နှစ်ကျော်ကာလအတွင်းတွင် အောင်မြင်မှုများစွာ ရရှိနေကြောင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းအနေဖြင့် Speciality Coffee Association of America ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ်တွင် ရောက်ရှိလာခဲ့ကြောင်း၊ ပထမအကြိမ် မြန်မာ့ကော်ဖီ အကဲဖြတ်ပြိုင်ပွဲကိုလည်း ၂၀၁၅ ခုနှစ် အတွင်းမှာပင် USAID, Winrock International အဖွဲ့တို့၏ အကူအညီများနှင့်အညီ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းပြီး ကော်ဖီတွေ အများကြီးစိုက်ပျိုးလို့ ရပါသေးတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့လည်း လွန်ခဲ့တဲ့ နှစ်ပတ်သုံးပတ်က ဝါရှင်တန်ဒီစီကနေပြန်လာပြီး မြန်မာ့ကော်ဖီကို အမေရိကမှာ ဈေးကွက်ရှာဖွေခဲ့ပြီး promote လုပ်ခဲ့တာပါ။ နောက်ပြီး မြန်မာ့ကော်ဖီဟာ ကမ္ဘာကို ရင်ပေါင်တန်းနိုင်ခဲ့တဲ့ ဂုဏ်တစ်ခုလည်း ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ တရုတ် စတဲ့နိုင်ငံတွေနဲ့ ယှဉ်ရင်တောင် ပမာဏတန်ချိန်နည်းနည်းပဲ ထွက်ပါတယ်။ သူတို့ကို မယှဉ်နိုင်သေးပါဘူး။ လတ်တလောမှာ အရည်အသွေးမြှင့်တင်ရေး ကြိုးစားနေပြီး quaility drive နဲ့နိုင်ငံခြား export ရနေပါပြီ။ ရေရှည်မှာ တောင်သူတွေ ပိုပြီးအကျိုးအမြတ်ရလာတဲ့အခါ နိုင်ငံတော်အနေနဲ့ကလည်း ပံ့ပိုးပေးပြီး စိုက်ပျိုးဧကတွေ များလာတဲ့အခါမှာ ကော်ဖီထုတ်လုပ်မှုပိုများလာနိုင်ပါတယ်။ ကမ္ဘာကြီး ပူးနွေးလာမှုကြောင့်ရော၊ ကော်ဖီထုတ်လုပ်တဲ့ နိုင်ငံတွေက ကော်ဖီသောက်သုံးတဲ့ နိုင်ငံတွေ ဖြစ်လာတဲ့အတွက်ကြောင့် ကော်ဖီဟာ အနာဂတ်မှာ ပိုရှားပါးလာဖို့ ရှိပါတယ်။ အခုချိန်ကတည်းက ကော်ဖီကိုထုတ်လုပ်ဖို့ တာစူထားရင် မမှားပါဘူး။ ကျွန်တော်တို့ စည်သာကော်ဖီအနေနဲ့ကလည်း အဖွဲ့အစည်းအမျိုးမျိုးနဲ့ပူးပေါင်းပြီး တောင်သူတွေကို ပညာပေးနေသလို ကော်ဖီဖျော်တဲ့နေရာမှာလည်း နိုင်ငံခြားက တကယ့်နာမည်ကြီးပညာရှင်တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်"ဟု Sither Coffee Co.,Ltd. မှ Executive Director ဦးသုဇော်က ပြောသည်။

ဆက်လက်၍ Shwe Pu Zun Co.,Ltd မှ Assistant General Manager ဦးအပါလို့င်က "ကော်ဖီနည်းပညာနဲ့ပတ်သက်ရင် မြန်မာနိုင်ငံမှာ ကော်ဖီသောက်သုံးသူ ဦးရေများလာတာနဲ့အမျှ ကော်ဖီနည်းပညာတွေကလည်း မြင့်မားလာပါတယ်။ စိုက်ပျိုးရေးကနေ ဖျော်တဲ့နည်းစနစ်တွေထိအောင် နည်းပညာတွေ မြင့်တက်လာပါတယ်။ အခုလို ဆွေးနွေးပွဲတွေ များများလုပ်ပေးလေလေ အစိုးရပိုင်းအနေနဲ့ရော ပုဂ္ဂလိကပိုင်းအနေနဲ့ပါ လက်တွဲပြီးလုပ်မယ်ဆိုရင် အောင်မြင်မှုတွေ ရရှိလာမှာဖြစ်ပါတယ်"ဟု အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ၎င်း၏ အမြင်ကို ပြောကြားသည်။

"တောင်သူတွေရော ထုတ်လုပ်သူတွေပါ သိရှိဖို့အတွက် ဒီလို အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပေးရပါမယ်။ တကယ့်အပြင်မှာလုပ်နေတဲ့ တောင်သူတွေနဲ့ တွေ့ဆုံမယ်။ အခက်အခဲတွေကို ရှာဖွေပေးမယ်။ နောက်ပြီး အဖြေထုတ်ပေးမယ် စသဖြင့်ပေါ့။ ဒါတွေက ဒီ workshop တွေရဲ့ အကျိုးကျေးဇူးတွေပါ။

ကော်ဖီတစ်တန်ရဲ့ အမေရိကန်ဒေါ်လာဈေးဟာ အခြားထုတ်ကုန်ပစ္စည်းတွေနဲ့ယှဉ်ရင် ကော်ဖီက ဈေးကြီးကြီးနဲ့ ပေးရတယ်။ အရင်နှစ်ပေါင်းများစွာ ဆိုရှယ်လစ်ခေတ်တုန်းကလည်း နိုင်ငံခြားတိုင်းပြည်တွေကို မြန်မာနိုင်ငံက အများအပြားပို့ပေးခဲ့တယ်။ အဲဒီ record တွေကို ရှာဖွေတဲ့အခါမှာ ဆိုရှယ်လစ်ခေတ်မှာကိုပဲ တန်ချိန် ၂၅၀ လောက် ပြည်ပကို တင်ပို့တာရှိတယ်။ ချက်ကိုစလိုဗက်ကီးယားကို တင်ပို့တယ်။ အဲဒီကလူတွေနဲ့ ပြန်တွေ့တဲ့အခါကျတော့ မင်းတို့မြန်မာနိုင်ငံက ကော်ဖီငါတို့ဆီ ရောက်မလာတော့ဘူး။ ငါတို့ သိပ်သတိရနေတယ်ဆိုတဲ့ အကြောင်းလေးတောင် သူတို့က ပြောကြတယ်။ အဲဒီ ဂုဏ်ထူးဝိသေသတွေကို နောက်မျိုးဆက်သစ်တွေက ဆက်ရှိစေချင်တယ်။ ဆက်လုပ်စေချင်တယ်။ ကမ္ဘာ့အလယ်မှာရှိခဲ့တဲ့ ဂုဏ်ထူးဝိသေသတွေကို ပြန်လည်ရရှိနိုင်မှာ ဖြစ်ပါတယ်"ဟု ကော်ဖီအထူးပြုလေ့လာသူ ဦးဥက္ကာအောင်က အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (စက်မှုသီးနှံ)တို့က အမှာစကားပြောကြားကြပြီး ကော်ဖီဆိုင်ရာနည်းပညာများ၊ အကျိုးကျေးဇူးများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

---

● *ကျောဖုံးမှ*

သတိမထားမိချိန်ဖြစ်ပွားပါက အန္တရာယ်များကြောင်း ကမ္ဘမြို့ပြည်သူများက ပြောသည်။

အဆိုပါ ရေနံပိုက်လိုင်းပေါက်သည့်နေရာသို့ ပခုက္ကူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နွယ်၊ ကမ္ဘမြို့အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်၊ မြစ်ခြေမီးသတ်နယ်မြေစခန်းမှူး ဦးစည်သူအောင်နှင့် မီးသတ်ရဲတပ်ဖွဲ့ဝင်များ ချက်ချင်းသွားရောက်ခဲ့ပြီး ရေနံမှ တာဝန်ရှိသူများထံ အကြောင်းကြားခဲ့ရာ ယာကြီးတောင်ရေနံမြေမှ အထွေထွေမန်နေဂျာ ဦးသန်းနိုင်နှင့် လက်ပံတိုရေနံမြေမှ တာဝန်ရှိသူများ ရောက်ရှိပြင်ဆင် အပေါက်ဖာထေးရာ နံနက် ၁၀ နာရီခန့်က ပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

---

❀ *ကျောဖုံးမှ*

ပထမဆုံးပွဲစဉ်ဖြစ်သည့် ရဲမာန်ဟိန်း(မုဒုံ)နှင့် မင်းနိုင်ထွန်း (ယူနိုက်တက်)တို့ပွဲတွင် အလဲထိုးဖြင့် နိုင်သူအား ဆုငွေသုံးသိန်း၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် နက္ခအောင် (တောင်ကလေး)၊ မိုက်ရိုင်း(ရွှေဖူး)နှင့် ရဲသွေးနီ(တောင်ကလေး)၊ ရွှေရာမာဉ် (Mandalay1886)နှင့် သားအသည်းတစ်ပွင့် (ဗမာ့သွေး)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် စောမင်းအောင်(တောင်ကလေး)တို့ပွဲများတွင် အလဲထိုးဖြင့် အနိုင်ရသူကို ဆုကြေးငွေငါးသိန်းစီ၊ ဖိုးကေ(မန္တလေး)နှင့် သွေးသစ်အောင်(ဘီးလင်း)တို့ပွဲတွင် ငွေကျပ် ခုနစ်သိန်းစီ၊ စိုးလင်းဦး(ဒို့ရိုးရာ)နှင့် သပြေညို(ဘိလပ်မြေစက်ရုံ)၊ ဂေါ်မူဒို(သတ္တိ)နှင့် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)တို့ပွဲတွင် ငွေ ၁၀ သိန်းစီ၊ တူးတူး(နဂါးမာန်)နှင့် ဗာနီယွန်(ထိုင်း)၊ ထွန်းထွန်းမင်း(မြန်မာ)နှင့် ဒေ့ဗ်လက်ဒပ်(ကနေဒါ)တို့ပွဲများတွင် အမေရိကန်ဒေါ်လာ တစ်ထောင်စီ အပိုချီးမြှင့်မည်ဖြစ်ပြီး ယင်းအပိုဆုငွေများကို သရေကျသည့် တွဲဆိုင်းများအား ချီးမြှင့်ပေးမည်မဟုတ်ကြောင်း သိရသည်။

"ကျွန်တော်တို့ GTG အနေနဲ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲလုပ်တာ မန္တလေးမှာ တစ်ကြိမ်၊ ရန်ကုန်မှာနှစ်ကြိမ် စုစုပေါင်း ဒါနဲ့ဆိုရင် သုံးကြိမ်ရှိပါပြီ။ အရင်ပွဲတွေတုန်းက ထိုးကြေးအပြင် အခုလို အပိုဆောင်းငွေမပေးပါဘူး။ အခုလို ပေးရတဲ့ရည်ရွယ်ချက်ကလည်း အနိုင်၊ အရှုံးပေါ်ဖို့ရယ်၊ ပြိုင်ဆိုင်မှုပြင်းထန်ပြီးတော့ မခိုမကတ်ဘဲ ရေကုန်ရေခန်း ထိုးသတ်တာကို ရိုးရာလက်ဝှေ့ချစ်ပရိသတ်တွေ တစ်ဝကြီးရှုစားစေချင်လို့ ချီးမြှင့်ပေးတာဖြစ်ပါတယ်"ဟု ပွဲစီစဉ်သူ GTG မှ ဦးမြင့်လွင်(ဆရာကျား)က ပြောကြားသည်။

ယခု အောက်တိုဘာ ၉ ရက်တွင် ကျင်းပမည့် သုံးနိုင်ငံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ GTG အနေဖြင့် သုံးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး လာမည့်လေးကြိမ်မြောက် ကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မျိုးဆက်သစ်များနှင့် လူငယ်သွေးသစ်လက်ဝှေ့ကျော်များကို ပွဲထုတ်သွားမည်ဖြစ်ကာ ယခုပွဲတွင် ရုံဝင်ကြေးအနေဖြင့် ငွေကျပ်ငါးသောင်း၊ နှစ်သောင်းခွဲနှင့် တစ်သောင်းခွဲတို့ဖြင့် ရိုးရာလက်ဝှေ့ ချစ်ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

# ကမ္ဘောဇဘဏ်လီမိတက်၏ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့် မလေးရှားနိုင်ငံဗဟိုဘဏ်က တရားဝင်ထုတ်ပြန်ကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၈**




**ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်း ထိုင်းနိုင်ငံရှိ ကမ္ဘောဇဘဏ်လီမိတက်၏ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်**

မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို မလေးရှားနိုင်ငံတွင် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်ပြုကြောင်း မလေးရှားနိုင်ငံ ဗဟိုဘဏ် (Central Bank of Malaysia) က စက်တင်ဘာ ၂၇ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ဖွင့်လှစ်ခွင့်ရရှိခြင်းသည် မြန်မာနိုင်ငံ ဘဏ္ဍာရေးကဏ္ဍ၏ သမိုင်းဝင် ခြေလှမ်းတစ်ခုဖြစ်ပြီး ကမ္ဘောဇဘဏ်လီမိတက်၏ တတိယမြောက် နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ခွင့်ရရှိခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အတူ ကမ္ဘောဇဘဏ်လီမိတက်သည် ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံမှ ပထမဆုံး နိုင်ငံတကာ ကိုယ်စားလှယ်ရုံးကို ထိုင်းနိုင်ငံဗဟိုဘဏ် ခွင့်ပြုချက်ဖြင့် ၂၀၁၆ ဧပြီ ၂၈ ရက်က တရားဝင်ဖွင့်လှစ်ခွင့်လိုင်စင်ရရှိခဲ့ပြီး ရုံးခွဲကို ဩဂုတ် ၃ ရက်တွင် ဖွင့်လှစ်ကာ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ စင်ကာပူနိုင်ငံ၌လည်း နိုင်ငံတကာကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ကို စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore)ထံမှ ၂၀၁၆ ဇွန် ၁၅ ရက်တွင် တရားဝင် လိုင်စင်ရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ် လီမိတက်သည် မြန်မာနိုင်ငံတစ်ဝန်း၌ ဘဏ်ခွဲပေါင်း ၄၂၀ ကျော် ဖွင့်လှစ်ထားပြီး ဝန်ထမ်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ IT နည်းပညာပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်း၊ New Product များ တိုးချဲ့ဆောင်ရွက်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က ရှင်းပြသည်။

ကမ္ဘောဇဘဏ်၏ ကမ္ဘောဇ အနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် နိုင်ငံနှင့် ပြည်သူ့ အကျိုးပြုလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး ၂၀၀၇ ခုနှစ်မှ ယနေ့ထိ နိုင်ငံတော်နှင့် ပြည်သူအတွက် စုစုပေါင်း ငွေ ၁၀၉ ဘီလီယံကျော် အသုံးပြုလှူဒါန်းခဲ့သည့်အပြင် ကမ္ဘောဇဘဏ် လီမိတက်သည် နိုင်ငံတော် အခွန်ဘဏ္ဍာတာဝန်ကို ပထမနေရာမှ လေးနှစ်ဆက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ထားသောကြောင့် နိုင်ငံတော်အစိုးရက ချီးမြှင့်သော နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို ကျေပွန်စွာသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် (ပထမဆု) ကိုလည်း လေးနှစ်ဆက် ရရှိထားပြီး နိုင်ငံတကာက ချီးမြှင့်သော ဘဏ်လုပ်ငန်းဆိုင်ရာ နိုင်ငံတကာဆုအမြောက်အမြားကိုလည်း နှစ်စဉ်ရရှိလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ငယ်စဉ်ကစခဲ့သော အတွေးများ

**မြကြေးမောင်**

သောမတ်စ်ဂျက်ဖာဆင် (Thamas Jafferson)က "သင်အရင်ကမရဖူးတဲ့အရာတွေလိုချင်ရင် သင်အရင်က မလုပ်ဖူးတဲ့အရာတွေကို လုပ်ရမယ်"ဟု ပြောခဲ့ဖူးပါသည်။ ကျွန်ုပ်တို့မရခဲ့သေးသောအရာများအတွက် အရင်ကမလုပ်ခဲ့ဖူးတဲ့ အလုပ်များကို ပြောင်းလဲမလုပ်ကိုင်ဘဲ တစ်နည်းအားဖြင့် လမ်းကြောင်းမပြောင်းဘဲ အရင်က လမ်းအိုလမ်းဟောင်းကြီးအတိုင်း အရင်ကအလုပ်တွေကိုပဲ ဆက်လုပ်နေကြသေးသလားဆိုပြီး ကျွန်ုပ်တို့ဆန်းစစ်လေ့လာကြရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ ပြောင်းလဲချိန်တန်ပြီဆိုသော်လည်း မပြောင်းလဲကြသေးတဲ့အရာများအတွက် ယခုဆောင်းပါးကို ရည်ရွယ်ရေးသားတင်ပြလိုက်ရပါသည်။

ငယ်စဉ်ကကျောင်းသင်ခန်းစာတစ်ပုဒ်နှင့် ဆရာမ၏သွန်သင်ဆုံးမခဲ့သောစကားတစ်ခွန်းကို အမြဲမှတ်မိနေပါသည်။"**ကောင်းမှု တစ်ခုနေ့စဉ်ပြု**"ဆိုသည့် ကျောင်းသင်ခန်းစာကို သင်ကြားခဲ့စဉ်က "တပည့်တို့သူတစ်ပါးကို ကူညီစောင့်ရှောက်ရတာမြင့်မြတ်တယ်။ သူတစ်ပါး၏အကူအညီကိုမျှော်လင့်ရတာ အောက်တန်းကျတယ်။ ဒါ့ကြောင့် တပည့်တို့ဟာ သူတစ်ပါးကို အစဉ်အမြဲကူညီစောင့်ရှောက်နိုင်တဲ့ ဘဝရအောင်ကြိုးစားစေချင်တယ်။ တစ်ဖက်ကလည်းဘဝကံအလှည့်မပေးလို့ ချို့တဲ့ကြတဲ့သူတွေအပေါ် အမြဲကူညီစောင့်ရှောက်မှုပြုစေချင်တယ်"ဟု ဆရာမ၏သွန်သင်ဆုံးမစကားကြားရပြီးကတည်းက တစ်ဖက်သားအပေါ် တတ်နိုင်သမျှကူညီစောင့်ရှောက်ဖို့ အမြဲကြံစည်တွေးတောလုပ်ဆောင်မိခဲ့ပါသည်။ ထိုငယ်စဉ်ကစခဲ့သောတွေးတောဆင်ခြင်မှုများသည်ကြီးပြင်းလာသည်အထိ မရပ်စဲသေးဘဲ အခွင့်အရေးကြုံတိုင်း အတွေးနယ်ဖြန့်ခဲ့မိပါသည်။ ထို အတွေးများကိုအခြေခံ၍ ကိုယ်တိုင်ဆောင်ရွက်ပေးနိုင်ခဲ့သောကိစ္စရပ်မြောက်မြားစွာရှိခဲ့သော်လည်း မိမိမတတ်နိုင်၊ မစွမ်းနိုင်သည့်ကိစ္စရပ်များလည်း မြောက်မြားစွာရှိနေဆဲဖြစ်ပါ သည်။

နံနက်စောစော ချမ်းချမ်းစီးစီး မိမိက အိပ်ရာထဲကွေးနေခိုက်တွင် မိုးမကြောက်၊ နှင်းမကြောက်ဘဲ၊ မြွေမကြောက်၊ ကင်းမကြောက်ဘဲ လုပ်ငန်းခွင်ဝင်နေသော တောင်သူများကိုမြင်ရသောအခါ များစွာအံ့ဩမိခဲ့ပါသည်။ နေ့လယ်နေပူပူထဲတွင် နွားနှင့်ဖက်၍ ထယ်ရေးထွန်ရေးငင်နေသူများကို တွေ့မြင်ရသောအခါများ၌လည်း အလွန်ကိုယ်ချင်းစာမိပါသည်။ ထယ်ရေးပြင်၊ ထွန်ရေးပြင်၊ သမန်းပြင်ထဲ ကိုယ်တိုင်ဆင်းမိ၍ ခြေခိုင်အောင်မနည်းရပ်ရသောအခါမှ ခြေတစ်လှမ်းအတွက် မနည်းရုန်းကန်ရသောဘဝများကို သိရှိသဘောပေါက်ခဲ့ရပါသည်။ ထိုသို့သော နင်းပြားတောင်သူလယ်သမားများ၏ ဘဝသည်လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော်က ဘဝများထက်ဘာများ တိုးတက်ပြောင်းလဲလာပြီလဲဟု ဆန်းစစ်သောအခါ ပို၍ပင်မင်သက်သွားခဲ့မိပါသည်။

တောင်သူလယ်သမားအများစု၏ဘဝသည် ဒုံရင်းဒုံရင်းပင် ရှိပါသေးသည်။ တိုးတက်ပြောင်းလဲသူများမှာ အရေအတွက်အနည်းငယ်မျှသာဖြစ်နေပါသည်။ တောင်သူလယ်သမားဘဝများဖွံ့ဖြိုးတိုးတက်စေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစကားရပ်များသည် လှုပခမ်းနားသော်လည်း စာရွက်ပေါ်ကရေးထားသော"ဆား"ကို စားရသကဲ့သို့ လက်တွေ့မဆန်သေးကြောင်း တွေ့ရှိရပါသည်။ ထိုအခါမှ အမေရိကန်သမ္မတကြီး"သောမတ်စ်ဂျက်ဖာဆင်"၏ပြောစကားကိုသွား၍ အမှတ်ရမိပါသည်။ တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အခြေအနေအသစ်တစ်ရပ်ကိုလိုချင်လျှင် နှစ် ၅၀ လုံးလုံး အကျိုးမပြုနိုင်ခဲ့သည့် လမ်းကြောင်းဟောင်းကြီးမှဖယ်ခွာကြရပါလိမ့်မည်။ ယခင်က စိုက်ပျိုးရေးအဓိကလမ်းကြောင်းဟောင်းကြီးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုမစွမ်းဆောင်နိုင်ခဲ့ကြောင်း သမိုင်းကသက်သေခံလျက်ရှိပါသည်။ ထိုလမ်းကြောင်းကြီးကို ဆက်မလျှောက်ဘဲ လမ်းကြောင်းသစ်ကိုထွင်နိုင်မှ ပြောင်းလဲချိန်တန်ပြီဆိုသောစကားအတိုင်း ပြောင်းလဲတိုးတက်သောဘဝသစ်များကို ရရှိနိုင်ပါလိမ့်မည်။ ထို့ကြောင့် မိမိတို့လက်ရှိလျှောက်လှမ်းနေသောလမ်းကြောင်းကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်နေပြီဟု တင်ပြလိုပါသည်။

စာသားများ၊ စကားလုံးများ၊ ဝါကျဖွဲ့စည်းပုံများဆန်းသစ်စွာတင်ပြထားသော်လည်း အခြေခံအတွေးအခေါ်မပြောင်းသေးဘူးဆိုလျှင် လမ်းကြောင်းဟောင်းကြီးကို ဆေးအသစ်သုတ်၊ ဆိုင်းဘုတ်အသစ်ထူ၍ပြသမှုသာ ဖြစ်နေပါလိမ့်မည်။

တောင်သူလယ်သမားများ၏ဘဝကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေလိုလျှင် မိမိ၏အတွေးအမြင်မှာ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရေးမှာ အဓိကအချက်ဖြစ်သည်ဟု ယူဆပါသည်။ ကမ္ဘာ့ဘဏ်၏ဆန်းစစ်ချက်အရမြန်မာနိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေမှာ (အခြေခံခုနှစ် ၂၀၁၁ ခုနှစ်)တစ်နှစ်လုံးအတွက် အမေရိကန်ဒေါ်လာ ၈၂၄ ဒေါ်လာ ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထိုငွေကြေးပမာဏသည် မြန်မာကျပ်ငွေ ၁၀ သိန်းဝန်းကျင်နှင့်ညီမျှသောဝင်ငွေဖြစ်ပါသည်။ ယင်းသည်အမြင့်ဆုံးဝင်ငွေဖြစ်ပြီး အနိမ့်ဆုံးဝင်ငွေသည် ဒေါ်လာ ၁၂၉ ဒေါ်လာဖြစ်ကြောင်း ခန့်မှန်းထားသည့်အတွက် မြန်မာငွေကျပ်တစ်သိန်းခွဲဝန်းကျင်ရှိဝင်ငွေကို ဆင်းရဲနွမ်းပါးသူများက ရရှိနေကြောင်းတွေ့ရှိရပါသည်။ အမြင့်ဆုံးဝင်ငွေကျပ် ၁၀ သိန်းသည်ပင် တစ်လအတွက် ကျပ်ရစ်သောင်းကျော်သာရှိကြောင်းတွေ့ရှိနိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် ၎င်းတို့၏တစ်ဦးချင်းဝင်ငွေသည် ကမ္ဘာ့ဘဏ်၏ ၂၀၁၅ ခုနှစ်စာရင်းဇယားများအရ(၁) စင်ကာပူနိုင်ငံသည် ၅၁၈၅၅ ဒေါ်လာ၊ (၂)မလေးရှားနိုင်ငံသည် ၁၀၈၇၇ ဒေါ်လာ၊ (၃) တရုတ်နိုင်ငံသည် ၆၄၁၆ ဒေါ်လာ၊ (၄) ထိုင်းနိုင်ငံသည် ၅၇၇၅ ဒေါ်လာ၊ (၅) အိန္ဒိယနိုင်ငံသည် ၁၈၀၆ ဒေါ်လာ၊ (၆) ဗီယက်နမ်နိုင်ငံသည် ၁၆၈၅ ဒေါ်လာ၊ (၇)လာအိုနိုင်ငံသည် ၁၅၃၈ ဒေါ်လာ၊ (၈) ကမ္ဘောဒီးယားနိုင်ငံသည် ၁၀၂၁ ဒေါ်လာဖြစ်နေကြောင်း တွေ့ရှိရပါသဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ဝင်ငွေအနိမ့်ဆုံးနှင့် တစ်ဆက်တည်းမှာပဲ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်အနိမ့်ဆုံးဝင်ငွေနှုန်းထား(၁၂၉ ဒေါ်လာ)၏ အထက်၌ရှိသော ဝင်ငွေသည် တောင်သူလယ်သမားများ၏ ဝင်ငွေဖြစ်နေလိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။

တောင်သူလယ်သမားများသည်ဝင်ငွေကို အဓိကအားဖြင့် နည်းလမ်းသုံးမျိုးဖြင့်ရရှိနေပါသည်။ ယင်းတို့မှာ(၁)စိုက်ပျိုးရေး၊ (၂)မွေးမြူရေးနှင့် (၃)အခြားလုပ်ငန်းများဖြစ်ပါသည်။

> **ယခင်က စိုက်ပျိုးရေးအဓိကလမ်းကြောင်းဟောင်းကြီးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မစွမ်းဆောင်နိုင်ခဲ့ကြောင်း သမိုင်းက သက်သေခံလျက်ရှိပါသည်။ ထိုလမ်းကြောင်းကြီးကို ဆက်မလျှောက်ဘဲ လမ်းကြောင်းသစ်ကို ထွင်နိုင်မှ ပြောင်းလဲချိန်တန်ပြီဆိုသော စကားအတိုင်း ပြောင်းလဲတိုးတက်သောဘဝသစ်များကို ရရှိနိုင်ပါလိမ့်မည်။**

ကမ္ဘာ့ကုလသမဂ္ဂ FAO အဖွဲ့၏ နည်းပညာပံ့ပိုးမှုဖြင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာရင်းကောက်ယူပြုစုခဲ့သော ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း(MCA 2010)ပင်မစာရင်း ကောက်ယူခြင်းစာရင်းအချက်အလက်များအရ ကျေးလက်ဒေသတွင် နေထိုင်သူလူဦးရေ ၃၀ ဒသမ ၀၄ သန်းအနက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူ ၁၀ ဒသမ ၉၉ သန်း(၃၆ ဒသမ ၅၈)ရာခိုင်နှုန်း၊ စားသောက်ကုန်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူပေါင်း ၀ ဒသမ ၆၀ သန်း(၁ ဒသမ ၉၉) ရာခိုင်နှုန်း၊ လက်မှုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူပေါင်း ၀ ဒသမ ၃၆ သန်း(၁ ဒသမ ၂၁)ရာခိုင်နှုန်း၊ လစာရအစိုးရ/ ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်နေသူပေါင်း ၀ ဒသမ ၃၁ သန်း(၀ ဒသမ ၀၄)ရာခိုင်နှုန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူပေါင်း ၀ ဒသမ ၈၂ သန်း(၂ ဒသမ ၇၂)ရာခိုင်နှုန်း၊ သစ်တောထွက်ပစ္စည်း ရောင်းဝယ်နေသူပေါင်း ၀ ဒသမ ၀၈ သန်း (၀ ဒသမ ၅၉) ရာခိုင်နှုန်း၊ အခြားလုပ်ငန်း (စက်ဘီးပြုပြင်၊ ဆိုင်ကယ်ပြင်၊ ဆံညှပ်၊ ရက်ကန်းယက်၊ အင်္ကျီချုပ်စသည်)လုပ်ကိုင်နေသူပေါင်း ၁ ဒသမ ၉၁ သန်း(၆ ဒသမ ၃၄)ရာခိုင်နှုန်းဖြင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် စုစုပေါင်းပါဝင်လုပ်ကိုင်နေသူပေါင်း ၁၅ ဒသမ ၁၇ သန်း(၅၀ ဒသမ ၄၈)ရာခိုင်နှုန်းရှိကြောင်းနှင့် မှီခိုအရေအတွက် ၁၄ ဒသမ ၈၈ သန်း(၄၉ ဒသမ ၅၂)ရာခိုင်နှုန်းရှိကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူ ၁၀ ဒသမ ၉၉ သန်းအနက် (၇၁ ဒသမ ၅၀) ရာခိုင်နှုန်းသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်၍လည်းကောင်း၊ ၂၀ ဒသမ ၅၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးသီးသန့်လုပ်ကိုင်၍လည်းကောင်း၊ ၈ ရာခိုင်နှုန်းသည် မွေးမြူရေးသီးသန့် လုပ်ကိုင်၍လည်းကောင်း အသက်မွေးဝမ်းကျောင်း ပြုလုပ်နေကြကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းသီးသန့်လုပ်ကိုင်သူပေါင်း ၂ ဒသမ ၂၅ သန်း(၇ ဒသမ ၄၉) ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွဲဖက်လုပ်ကိုင်သူ ၇ ဒသမ ၈၆ သန်း(၂၆ ဒသမ ၁၇)ရာခိုင်နှုန်း၊ မွေးမြူရေးလုပ်ငန်းသီးသန့်လုပ်ကိုင်သူ ၀ ဒသမ ၈၈ သန်း(၂ ဒသမ ၉၃) ရာခိုင်နှုန်းနှင့် အခြားဝင်ငွေရလုပ်ငန်းခြောက်မျိုးတွင် ဝင်ရောက်လုပ်ကိုင်နေသူပေါင်း ၄ ဒသမ ၁၈ သန်း(၁၃ ဒသမ ၉၂)ရာခိုင်နှုန်းရှိကြောင်းနှင့် မှီခိုသူပေါင်း ၁၄ ဒသမ ၈၈ သန်း(၄၉ ဒသမ ၅၂) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

အထက်မှ တွေ့ရှိချက်များအရ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း သုံးမျိုးအပေါ်အမှီပြု၍ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မှီခိုသူဦးရေကိုလည်း ဝင်ငွေရလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လာစေရေးဆောင်ရွက်ရမည်ဖြစ်သည်ကို ထင်ရှားစွာတွေ့မြင်ရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် ထိုက်သင့်သည့်အားလျော်စွာဖွံ့ဖြိုးမှုရှိနေ၍ ထို့ထက်အဆများစွာ တိုးတက်လာစေရေးမှာ အခက်အခဲများစွာရှိပါသည်။ ဈေးကွက်အခက်အခဲ၊ နည်းပညာအခက်အခဲ၊ သွင်းအားစုအခက်အခဲနှင့် မြေသယံဇာတပြုန်းတီးမှု အခက်အခဲ၊ ရာသီဥတုဖောက်ပြန်မှု အခက်အခဲ၊ လုပ်သားရှားပါးမှုအခက်အခဲများကြောင့် ရာခိုင်နှုန်းများစွာ တိုးတက်မှုရရှိလာစေရေးမှာ အမှန်ပင်စိန်ခေါ်မှုဖြစ်နေပါသည်။ သို့သော် ထိုစိန်ခေါ်မှုအခက်အခဲများကိုရှောင်လွှဲ၍မရသဖြင့် ရင်ဆိုင်ဖြေရှင်းရမည် ဖြစ်သော်လည်း တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကထားအားမပြုသင့်ပါကြောင်း သုံးသပ်ပါသည်။ အမှန်အားပြုရမည့်လုပ်ငန်းမှာ မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်းများ တိုးမြှင့်ရေးပင်ဖြစ်ပါသည်။ ပြည်သူလူထုကို အာဟာရဓာတ်ပြည့်ဝစွာ ကျွေးမွေးနိုင်ရေးအတွက် မွေးမြူရေးကဏ္ဍကို အားကိုးမှုပြုသင့်ပါသည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ရင်းနှီးမြှုပ်နှံလာအောင် အားပေးဆောင်ရွက်သင့်ပါသည်။

အခြားတစ်ဖက်မှလည်း အခြားဝင်ငွေရလုပ်ငန်းများတိုးတက်လာစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများကို ကျေးလက်နေပြည်သူလူထုအား ကျယ်ပြန့်စွာပညာပေးဆောင်ရွက်စေသင့်ပါသည်။ ဤနည်းအားဖြင့် သုံးချောင်းထောက်ဖိုခနောက်ဆိုင်နည်းလမ်းဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေကိုတိုးတက်လာအောင်ဆောင်ရွက်သင့်ပါသည်။ သို့မှသာ (All inclusive Growth) အဘက်ဘက်ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပါလိမ့်မည်။

အဘက်ဘက်က ဆင်းရဲနိမ့်ကျနေသော တောင်သူလယ်သမားများတွင် ဝင်ငွေနိမ့်ကျသကဲ့သို့ အသိပညာနိမ့်ကျမှုလည်း ရှိနေကြသည်။ ထိုအသိပညာနိမ့်ကျမှုကိုလည်း ကူညီအားပေးမြှင့်တင်ပေးရမည်ဖြစ်ပါသည်။ ဘာသာရေး၊ ကျန်းမာရေး၊ စိုက်ရေးပျိုးရေး၊ ဘဝတိုးတက်ရေး၊ အထွေထွေဗဟုသုတတိုးတက်ရေး၊ ဥပဒေထိန်းကျောင်းမှုဆိုင်ရာ အသိပညာတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ပြည်သူလူထုတိုင်း သိရှိနားလည်သဘောပေါက်ထားသင့်သည်များကို FM ရေဒီယို၊ TV၊ စာအုပ်၊ စာနယ်ဇင်းများသာမက ကျေးလက်နေပြည်သူလူထုအတွက် အဓိကရည်ရွယ်ထုတ်ဝေသော ပုံပြစာအုပ်များ၊ လက်ကမ်းစာစောင်များသာမက တစ်လလျှင် နှစ်ကြိမ်(သို့မဟုတ်) အခြေအနေပေးသည့်အပေါ်မူတည်၍ စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊ စကားဝိုင်းများပြုလုပ်ပေးခြင်းများကိုလည်း မကြာခဏပြုလုပ်ပေးသင့်ပါသည်။ တက်ရောက်သူများလာအောင် လက်ဆောင်များ၊ ပံ့ပိုးမှုများပြုလျက် ဆွဲဆောင်သိမ်းသွင်းစည်းရုံးမှုများဖြင့် လူထုလှုပ်ရှားမှုအသွင်ဆောင်ရွက်ပေးသင့်ပါသည်။ ယင်းတာဝန်ကို လွတ်လပ်လူ့အဖွဲ့အစည်းများဖြင့် ပီပြင်စွာအကောင်အထည်ဖော်စေသင့်ပါသည်။

ဤတင်ပြချက်များသည် မိမိ၏ငယ်စဉ်က စတင်ခဲ့သော အတွေးများအပေါ် အတွေ့အကြုံနှင့်ပေါင်းစပ်၍ ခြယ်မှုန်းတင်ဆက်မှုဖြစ်ပါသည်။ မိမိ၏ အတွေးအခေါ်များသည် ပြည့်စုံလိမ့်မည်ဟု မယူဆပါ။ ပညာရှင်များက လိုသလို ပုံသွင်းဖြည့်စွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ အောက် ဝင်ငွေရစာရင်းအတွင်း ထည့်သွင်းခြင်းခံထားရသည့် အမိမြန်မာနိုင်ငံသည် ဒေါ်လာ ၁၀၀၀၀ အောက် စာရင်းတွင် အမြန်ဆုံးဝင်ရောက်နိုင်ပါစေကြောင်း တင်ပြလိုက်ရပါသည်။ သူတစ်ပါးကို ကူညီရသည့် မြင့်မြတ်သောဘဝကို လူတိုင်းရရှိနိုင်စေကြောင်းနှင့် အရင်ကမရရှိခဲ့ဖူးသော ဘဝများကိုရရှိစေနိုင်ရန်အတွက် အတွေးအခေါ်လမ်းကြောင်း ပြောင်းလျက်ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

တောင်သူလယ်သမားအားလုံး အမြန်ဆုံးတိုးတက်ချမ်းသာကြပါစေ။



ဝမ်းတွင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းနိုင်ဦးနှင့်အဖွဲ့သည် စက်တင်ဘာလတတိယပတ်က (၅၂)နှစ်မြောက်ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ဝမ်းတွင်းမြို့ အမှတ်(၂) ရပ်ကွက်ရှိ မြတ်ညီနောင် ဘုရားရင်ပြင်ပေါ်ရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်ကြစဉ်
ကိုရဲ

## ဝါးခယ်မမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး

**ဝါးခယ်မ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရေးအတွက် အသိပညာပေးဆောင်ရွက်မှုအနေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက စက်တင်ဘာ ၂၈ ရက်က လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လျှပ်စစ်ဓာတ်အားကို နေရာအနှံ့အပြား၌ သုံးစွဲလျက်ရှိရာ အချို့သောသူများက လျှပ်စစ်အန္တရာယ် ကြီးမားမှုကို မသိရှိ၍ အမှတ်မထင်ပေါ့ဆစွာပြုလုပ်မှုကြောင့် ဓာတ်လိုက်ခံရခြင်း၊ ဓာတ်လိုက်သေဆုံးခြင်း၊ မီးလောင်မှုဖြစ်ပွားစေနိုင်သည့်အတွက် ကြိုတင်သတိပြုဆောင်ရွက်နိုင်ရန်နှင့် စနစ်တကျကိုင်တွယ်အသုံးပြုကြစေရန် ကျောင်းသားကျောင်းသူများသာမက ဈေးရောင်း၊ ဈေးဝယ်များ၊ ခရီးသွားပြည်သူများပါ သိရှိစေရန် အသိပညာပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာဈေး၊ အ.ထ.က (၁) ကျောင်းရှေ့၌ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဈေးရပ်ကွက် မြို့ရုံးလမ်းနှင့် ခေါက်ဆွဲတန်းလမ်းထိပ်၌ မြေစိုက်ပိုစတာစိုက်ထူပြီး အသိပညာပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# ပြည်တွင်း၌ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် အလုပ်သမားအခွင့်အရေး ရရှိရေးကို ဦးစားပေးဆောင်ရွက်သင့်

နေပြည်တော် စက်တင်ဘာ ၂၈

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုအား ဆွေးနွေးခြင်း၊ အဆိုတစ်ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။**



ဦးမောင်မြင့်
မင်းကင်းမဲဆန္ဒနယ်

အစည်းအဝေးတွင် မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ **ဖုန်းတာဝါတိုင်ကို မန်တုံမြို့ပေါ် ရပ်ကွက်သို့ ရွှေ့ပြောင်းပေးရန်နှင့် အခြားလူဦးရေထူထပ်သည့် ကျေးရွာအုပ်စုများတွင် ဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၏ **ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဆက်သွယ်နိုင်ရန် တယ်လီဖုန်းလိုင်းများကို မည်မျှတပ်ဆင်ဆောင်ရွက်ထားပြီး မိုင်းကိုင်မြို့နယ်နှင့် ဒေသတွင်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်တို့ကို သိရှိလိုကြောင်း မေးခွန်းများ**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မန်ပတ်ဆက်သွယ်ရေးစခန်းရှိ တာဝါတိုင်မှာ မြေပြင်အနေအထားအရ အဝေးဆက်သွယ်မှုဆက်ကြောင်း ချိတ်ဆက်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်၍ မန်တုံမြို့ပေါ်ရပ်ကွက်သို့ ပြောင်းရွှေ့ပေးနိုင်ခြင်း မရှိပါကြောင်း။။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မန်တုံမြို့နယ်အတွင်း ဆက်သွယ်ရေးပိုမိုတိုးတက်ကောင်းမွန်စေရန် လုံးတောင်ကျေးရွာတွင် စခန်းတစ်ခု၊ နောင်ရှမ်းကျေးရွာတွင် စခန်းတစ်ခု၊ တိုးချဲ့ဖွင့်လှစ်နိုင်ရန်မြေနေရာရရှိပါက တာဝါတည်ဆောက်ခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်း ၊ အဝေးဆက်သွယ်မှုဆက်ကြောင်း ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုဘိုင်းဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ တယ်လီနော မြန်မာလီမိတက်အနေဖြင့် မန်တုံမြို့နယ်အတွင်းရှိ ဆိုဒ်အမှတ် (SH 0530) နှင့် ဆိုဒ်အမှတ် (SH 0941) တို့တွင် တာဝါတိုင်တစ်တိုင်စီ တည်ဆောက်နိုင်ရန် မြေနေရာရရှိပါက အဝေးဆက်သွယ်မှုဆက်ကြောင်း ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အော်ရီဒူးမြန်မာလီမိတက်အနေဖြင့် ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်မှုတိုးချဲ့ဆောင်ရွက်သည့်အခါ ထည့်သွင်း လျာထားဆောင်ရွက်သွားမည်ဟု သိရကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းတွင် အော်တိုအိတ်ချိန်း ၃၂ ခု၊ ADSL အင်တာနက်စနစ် ၁၈ ခု၊ GSM/UTMS မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၃၈ ခု၊ CDMA-800 Mhz မိုဘိုင်းဆက်သွယ်ရေးစခန်း ငါးခုနှင့် CDMA-450 MHZ မိုဘိုင်းဆက်သွယ်ရေးစခန်း အခု ၂၀၊ တယ်လီနော မြန်မာလီမိတက်မှ GSM မိုဘိုင်းဆက်သွယ်ရေးစခန်း ၁၉၂ ခုနှင့် အော်ရီဒူးမြန်မာလီမိတက်မှ GSM မိုဘိုင်းဆက်သွယ်ရေးစခန်း ၈၁ ခု တည်ဆောက်ထားပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ မိုင်းကိုင်မြို့နယ်တွင် တယ်လီနောမြန်မာလီမိတက်မှ GSM စခန်းနှစ်ခုနှင့် အော်ရီဒူးမြန်မာလီမိတက်မှ စခန်းနှစ်ခုတို့သည် စက်ပစ္စည်းများ တပ်ဆင်ရန်နှင့် အဝေးဆက်ကြောင်း ချိတ်ဆက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အော်ပရေတာများမှ နှစ်အလိုက်ရရှိသည့် စုစုပေါင်းဝင်ငွေ၏ အများဆုံး ၂ ရာခိုင်နှုန်း Universal Service Fund (USF) ထည့်ဝင်ငွေရရှိမှုဖြင့် စီးပွားရေးတွက်ခြေ



ဗိုလ်မှူးဟိန်းမင်းထက်
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

ကိုက်မှုများကို တွက်ချက်စိစစ်ခြင်းမပြုဘဲ လူဦးရေနည်းပါးပြီး သွားလာရေးခက်ခဲသည့် တောင်ပေါ်ဒေသများပါမကျန် ဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် ထပ်မံပြင်ဆင်ချက် ၁၀၂ ချက်ကို တင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ပြင်ဆင်ချက် ၁၁ ချက်၏ အပိုဒ်၊ အပိုဒ်ခွဲများကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **မိမိနိုင်ငံအတွင်း အလုပ်အကိုင် ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံး ထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

**မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်**က အဆိုတွင် နိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံခြားသို့ထွက်၍ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများဟူသည့် အပိုင်းနှင့် သက်ဆိုင်ရာအလုပ်ရှင်နိုင်ငံများ၏ ဥပဒေမဲ့ခိုင်းစေအနိုင်ကျင့်စော်ကားနှိပ်စက်မှုများကို အစိုးရချင်း ညှိနှိုင်း၍ အမြန်ဆုံးအကူအညီပေးရေး အပိုင်းတို့ ပါဝင်ပါကြောင်း။

အလုပ်သမားအချို့သည် အခွင့်အလမ်း ပိုမိုကောင်းမွန်သည့် နိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြပါကြောင်း၊ ပြည်ပ၌ အလုပ်လုပ်ကိုင်နေကြသူများသည် ၎င်းတို့၏ ကာယ၊ ဉာဏအားဖြင့် ဝန်ဆောင်မှုများ ပေးနေခြင်းဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်မှသာ တရားဝင်အလုပ်သမားဖြစ်ပါကြောင်း၊ တရားမဝင်သွားလျှင် တရားမဝင်သည့် အလုပ်သမားဖြစ်ပြီး နှိပ်စက်စော်ကားခံနေကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအဆက်ဆက်သည် ပြည်ပရောက် မြန်မာအလုပ်သမားများကို တရားဝင်ဖြစ်ရန် ကြိုးပမ်းခဲ့ပါကြောင်း။

ပြည်တွင်း၌ အလုပ်အကိုင်ဖန်တီးပေးရေးနှင့် အလုပ်သမားအခွင့်အရေးရရှိရေးကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ တရားမဝင်သွားရောက်လုပ်ကိုင်နေသရွေ့ အနိုင်ကျင့်ခံရမှု သံသရာထဲတွင် ရှိနေဦးမည်ဖြစ်ကြောင်း၊ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို Semi Skill Labour များ ဖြစ်ရန် ကျွမ်းကျင်မှု သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံများရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုရှင်၏ ကောင်းစေလိုသည့် စေတနာကို အသိအမှတ်ပြုသော်လည်း နိုင်ငံတော်အစိုးရအဆက်ဆက်၏ လက်တွေ့ဆောင်ရွက်မှုများကို သိရှိနားလည်မှု၊ အားနည်းနေသည်ဟု ရှုမြင်ပါသဖြင့် အဆိုကို မထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဟိန်းမင်းထက်**က နိုင်ငံတော်အနေဖြင့် အလုပ်သမားများအား Semi Skill Worker များမှ တစ်ဆင့် Skillful Worker များ ဖြစ်လာစေရန် တိုးတက်မှုအားနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ အဓိကသင်တန်းပေးဆောင်ရွက်ခြင်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ဒေသနှင့် လိုက်လျောညီထွေရှိသည့် သက်မွေးဝမ်းကျောင်းအတတ်ပညာသင်တန်းများကို နိုင်ငံတော်အစီအစဉ်ဖြင့် လည်းကောင်း၊ ကမ္ဘာ့ဘဏ်၊ ADB ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်ပေးစေလိုပါကြောင်း။

နိုင်ငံခြားသို့ တရားဝင်သွားရောက်လုပ်ကိုင်စေခြင်းဖြင့် အစိုးရအနေဖြင့် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ၊ စာချုပ်စာတမ်းများနှင့်အညီ မိမိတို့၏ နိုင်ငံသားများကို တရားဥပဒေအရ အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ မှန်ကန်ကောင်းမွန်၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေး ဖြေလျှော့ပေးမှုများအပါအဝင် အစိုးရဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းအသီးသီးနှင့် တရားဝင်နည်းလမ်းများအတွင်းမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်တွင်း၌ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ပြည်တွင်းအလုပ်အကိုင်၊ အခွင့်အလမ်းများ ခိုင်မာတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် သွားရောက်မည့် နိုင်ငံ၏ ပထဝီအနေအထား၊ ၎င်းတို့နှင့် သက်ဆိုင်မည့် ဌာနဆိုင်ရာရုံးများ၊ သံရုံးများ၊ အလုပ်သမား သံမှူးရုံးများ၊ နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းရုံးများ၊ ရဲစခန်းများ စသည့်အလုပ်သမားများနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ တည်နေရာနှင့် ဆက်သွယ်ရန်များကို သိရှိနိုင်ရန် နိုင်ငံပိုင်ရုပ်သံလွှင့်အစီအစဉ်များ၊ ရေဒီယိုအစီအစဉ်များ၊ သတင်းစာများ၊ အင်တာနက်ဝက်ဘ်ဆိုက်များမှ လည်းကောင်း၊ ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်များ၊ ရုပ်သံထုတ်လွှင့်မှု အစီအစဉ်များမှ လည်းကောင်း အလွယ်တကူ လေ့လာနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် စီမံဆောင်ရွက်သင့်ပါကြောင်း။

အလုပ်သမားများ အခွင့်အရေးအတွက် အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ အလုပ်သမားဆိုင်ရာဥပဒေများ ခိုင်မာစွာပြဋ္ဌာန်းထားရန် လိုအပ်သကဲ့သို့ပြဋ္ဌာန်းပြီး ဥပဒေများကိုလည်း ခေတ်စနစ်နှင့်အညီ ပြင်ဆင်သွားရန် လိုအပ်ပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားပြဿနာများမဖြစ်စေရေးအတွက် နှစ်ဖက်သဘောတူပဋိညာဉ်များကို နိုင်ငံတကာနည်းတူ သတ်မှတ်သဘောတူထားရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင် စက်မှုဇုန်များတွင် မြေယာပြဿနာ၊ အခြေခံအဆောက်အအုံ၊ ကျွမ်းကျင်လုပ်သားလုံလောက်စွာ ရရှိရေးတို့အတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ဖြေလျှော့နိုင်မည့်နည်းလမ်းများကို ကြိုတင်စဉ်းစားထားရန် လိုအပ်ကြောင်း အဆိုကိုထောက်ခံကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ကျောင်းသားအားကစားပွဲတော် ပြန်လည်ကျင်းပနိုင်ရေး စီမံချက်ရေးဆွဲပြုစု၍ ခွင့်ပြုရန်ပုံငွေဖြင့် စီစဉ်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

ကျောင်းသား အားကစားပွဲတော်အား ပြန်လည် ကျင်းပပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲပြုစု၍ ခွင့်ပြုရန်ပုံငွေဖြင့် အစဉ်အလာ စွမ်းရည်ကောင်းသောအားကစားပြိုင်ပွဲများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းစီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ထို့ပြင် နှစ်နှစ်တစ်ကြိမ်ကျင်းပသော အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games) တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်နည်းတူ အခြားနိုင်ငံများမှ ဖိတ်ကြားသည့် အားကစားပြိုင်ပွဲများသို့လည်း သွားရောက်ယှဉ်ပြိုင်လျက်ရှိပါကြောင်း၊ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အားကစားပြိုင်ပွဲများကို နိုင်ငံတကာ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့်ပေါင်းစပ်ပြီး ကူညီပံ့ပိုးပေးခြင်း၊ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံများ စီစဉ်ပေးခြင်းတို့ကို လိုအပ်ချက်များအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့တွင် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ **"မန်းထွန်းကြိုင်၏ ကျောင်းသားလူငယ် အားကစားပွဲတော်ကို နိုင်ငံတော်မှ ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်၏ **"ကျောင်းသား အားကစားပြိုင်ပွဲများ နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့်ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

**အားကစားပြိုင်ပွဲများကို နိုင်ငံတကာပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ပြီး ကူညီပံ့ပိုးပေးခြင်း၊ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံများ စီစဉ်ပေးခြင်းတို့ကို လိုအပ်ချက်များအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားအားကစားပွဲတော်များကို ၁၉၉၀-၁၉၉၁ ပညာသင်နှစ်မှ ၁၉၉၇-၁၉၉၈ ပညာသင်နှစ်အထိ ရှစ်ကြိမ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များ၌ အလှည့်ကျစနစ်ဖြင့် လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ နှစ်ကြိမ်ကို နေပြည်တော်၌ လည်းကောင်း ကျင်းပပေးခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ပညာရေးပြက္ခဒိန်ပါ လအလိုက် ဇူလိုင်နှင့် ဩဂုတ်လများတွင် ကျောင်းတွင်း အားကစားပြိုင်ပွဲများကို လည်းကောင်း၊ စက်တင်ဘာလတွင် မြို့နယ် ကျောင်းသား အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ နိုဝင်ဘာလတွင် ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျောင်းသား အားကစားပြိုင်ပွဲများကို လည်းကောင်း၊ သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းကျင်းပပေးလျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ လေ့လှော်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်

*စာမျက်နှာ ၈ ကော်လံ ၅ သို့*

# အာဆီယံ-အမေရိကန် ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေးများ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီရှိ ဟိုနိုလူလူမြို့၌ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည့် အာဆီယံ-အမေရိကန် ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည့် (၆၇) ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီ အစည်းအဝေးများ တက်ရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အမေရိကန်နိုင်ငံ ဟိုနိုလူလူမြို့သို့ ယနေ့နံနက်တွင် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုပ်သားများကျွမ်းကျင်မှုမြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဒိန်းမတ်နိုင်ငံအလုပ်သမားဝန်ကြီး Mr.JornNeergaard Larsen နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်တင်ဘာ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် 2nd Stakeholders Forum on Labour Laws Reform and Institutional Capacity Building ကျင်းပရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမားဈေးကွက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုရေးဆွေးနွေးပွဲများ ကျင်းပရေး၊ လုပ်သားများ ကျွမ်းကျင်မှုမြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်သွားရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် ဒိန်းမတ်နိုင်ငံမှ ပံ့ပိုးကူညီသွားမည့်နယ်ပယ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**


# မြန်မာ-စင်ကာပူ ပညာရေးအားဖြင့် ဆက်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် စင်ကာပူနိုင်ငံ၊ Lee Kuan Yew School of Public Policy (NUS)မှ Mr.Louis Low (The Coordinating Head of Regions Admission) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Lee Kuan Yew School of Public Policy (NUS) ၌ သင်ကြားပို့ချနေသော သင်တန်းများ၊ သင်တန်းတက်ရောက်ရန် လိုအပ်သော အချက်အလက်များနှင့် ပညာတော်သင်ဆုများ၊ နှစ်နိုင်ငံပညာရေးအားဖြင့် ဆက်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လီကွမ်ယုကျောင်း၌ သင်ကြားလျက်ရှိသော မြန်မာနိုင်ငံမှ ကျောင်းသားများ၏ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**







# ဇေယျာသီရိမြို့နယ်တွင် မြေငှားဂရန်များပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာရှိ ဒေသခံများအား မြေငှားဂရန်များပေးအပ်ခြင်းကို စက်တင်ဘာ ၂၇ ရက်က ကျောက်ချက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ အတွင်းရေးမှူး နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်က မြေငှားဂရန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ကောင်စီ အတွင်းရေးမှူး၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူးဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်နှင့် တာဝန်ရှိသူများက ဒေသခံများအား ကျေးရွာမြေငှားဂရန်များကို ပေးအပ်ခဲ့သည်။ **(ယာပုံ)**



ထို့နောက် ကျေးရွာအတွင်းရှိ မြေငှားဂရန်မရရှိသေးသည့်ဒေသခံများ၏ တင်ပြချက်ကို နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးမြင့်အောင်က သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ကာ ကွင်းဆင်းဆောင်ရွက်မှုပြုလုပ်ပေးခဲ့ပြီး စည်းကမ်းချက်ပါ အချက်အလက်များနှင့်တိုက်ဆိုင်စိစစ်၍ သတ်မှတ်စည်းကမ်းနှင့်ညီညွတ်သည့်ဒေသခံများအား မြေငှားဂရန်ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြေငှားဂရန် ပေးအပ်ပွဲတွင် ဒေသခံ ၈၅ ဦးကို မြေငှားဂရန်များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

*စာမျက်နှာ ၇ မှ*

စသည့် အားကစားပြိုင်ပွဲများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအလိုက်၊ ဇုန်အလိုက်၊ ဦးစီးအဆင့်အလိုက် ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးသိန်းလွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က **"၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ဦးမင်းဦးက ယင်းဥပဒေကြမ်းအား အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

လွှတ်တော်ဥက္ကဋ္ဌက **"၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

# မြစ်သားမြို့နယ်၌ တပ်မတော်သားရေစက်ရုံပိုင်၊ တောင်ဖီလာစိုက်ပျိုးရေးစခန်းမြေဧရိယာအတွင်း ကျူးကျော်၍ နေအိမ်/ဈေးဆိုင်ခန်းနှင့် ခြံဝင်းကာရံခဲ့သူများအား တရားစွဲဆိုထား

မြစ်သား စက်တင်ဘာ ၂၈

**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ တပ်မတော်သားရေစက်ရုံပိုင်၊ တောင်ဖီလာစိုက်ပျိုးရေးစခန်းပိုင်မြေဧရိယာအတွင်းသို့ ကျူးကျော်၍ နေအိမ်၊ ဈေးဆိုင်ခန်းနှင့် ခြံဝင်းကာရံခဲ့သူ ၄၈ ဦးကို တရားစွဲဆိုထားကြောင်း မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။**



တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ ဝါစိုက်ပျိုးရန်သိမ်းဆည်းထားသည့် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၅၁)ရှိ ခန့်မှန်းမြေဧရိယာ ဧက ၁၁၀၀ ကျော်အနက်မှ တောင်တောကုန်းကျေးရွာအတွက် မြေဧရိယာ ၄၀၀ ခန့်အားမူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ပေးပါရန် ယင်းကျေးရွာရှိ တောင်သူများကိုယ်စား ဦးအောင်စန်းဦးက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး ဗဟိုကော်မတီ (နေပြည်တော်)သို့ လိပ်မူပြီး တင်ပြစာနှင့်ပတ်သက်၍ မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ယင်းမြေယာများနှင့်ပတ်သက်ပြီး ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့သောကြောင့် စက်တင်ဘာ ၇ ရက်က ယခုတရားစွဲဆိုခဲ့သော မြေနေရာသို့ အထက်က ကွင်းဆင်းစစ်ဆေးရာ ဈေးဆိုင်ခန်း ၄၅ ခန်း၊ မြေဧရိယာနှစ်ဧကခန့်၊လူနေအိမ် ၄၃ လုံးနှင့်မြေကွက်လွတ် ၃၇ ကွက် စုစုပေါင်း ၈ ဒသမ ၄၃ဧကကိုတွေ့ရှိပြီး**(အောက်ဝဲပုံ)** အဆိုပါနေရာများကို ကျူးကျော်နေထိုင်သူ ၄၂ ဦး ကို အဆိုပါမြေမှ ဖယ်ရှားပေးရန်၊ ဆက်လက် ကျူးကျော်ခြင်းမပြုရန်နှင့် မလိုက်နာပါက သက်ဆိုင်ရာဌာနက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစက်ရုံပိုင် မြေဧရိယာအတွင်း မော်တော်ယာဉ်/စက်ယန္တရားများထားရန်နှင့် သနပ်ခါးစိုက်ပျိုးရန်အတွက် မြေဧရိယာ ရှစ်ဧကခန့်ကို ခြံစည်းရိုးကာရံထားသော မုဒုံမောင်မောင်ကုမ္ပဏီမှ တာဝန်ခံအား ဆက်လက်လုပ်ကိုင်ခြင်း မပြုဘဲရပ်ထားရန်၊ စက်ရုံပိုင်မြေဧရိယာအတွင်း ခြံဝိုင်းကွက်များရိုက်ခြင်း၊ ကွန်ကရစ်တိုင်များဖြင့် ခြံစည်းရိုးကာရံနေမှုအား ဦးဆောင်ဆောင်ရွက်သူ တောင်တောကုန်းကျေးရွာနေ ရာအိမ်မှူးအား ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းရန်နှင့် ဆက်လက်ကျူးကျော်မှုကို တွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးစာများ ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျူးကျော်မှုဖြင့် တရားစွဲခံထားရမှုနှင့်ပတ်သက်၍ "ကျွန်တော်တို့ကို ကျူးကျော်နေထိုင်သူလို့ဆိုပြီး တပ်မတော်သားရေစက်ရုံ (မန္တလေး) တာဝန်ခံ ဦးထွန်းထွန်းဝင်းက တရားစွဲ ဖယ်ရှားခိုင်းတယ်။ မြေနေရာဟာဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ခန့်မှစတင်ပြီး နေထိုင်လာတဲ့ ကျေးရွာဖြစ်ပြီး အိမ်ခြေ ၅၀ ခန့်နဲ့ လူဦးရေ ၂၀၀ ကျော်ခန့်နေထိုင်လာတဲ့ ကျေးရွာဖြစ်ပါတယ်၊ စက်တင်ဘာ ၁၄ ရက်က စတင်တရားစွဲဆိုထားပါတယ်။ တကယ်လို့ ယခု မြေပေါ်ကဖယ်ရှားရမယ်ဆိုရင် အိုးမဲ့အိမ်မဲ့ဘဝတွေ ဖြစ်သွားမှာဖြစ်သလို မိမိတို့ရဲ့သားသမီးတွေ ပညာရေးက အစ အခက်အခဲပေါင်းများစွာ တွေ့ကြုံနိုင်တာကြောင့်တရားစွဲခံထားရတဲ့ တောင်သူတွေကိုယ်စား ကျွန်တော်ဦးဆောင်ပြီး စက်တင်ဘာ ၂၂ ရက်မှာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အထိကို အသနားခံ တင်ပြထားပါတယ်" ဟု အဆိုပါ တရားစွဲခံထားရသော ကျေးရွာမှ ရွာခွဲတာဝန်ခံ ဦးဖိုးဆောင်းက ပြောသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးရဲစခန်းက ကျူးကျော်၍ နေအိမ်/ ဈေးဆိုင်ခန်းနှင့် ခြံဝင်းကာရံခဲ့သူ ၄၈ ဦးကို အရေးယူထားကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

# သက်ကြီးရွယ်အိုဦးရေတိုးပွားလာမှုနှင့် အကျိုးသက်ရောက်မှုများ

**အောင်ကျော်မိုး(လူမှု)**

**၂၀၁၅-၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းအရ စုစုပေါင်းလူဦးရေ ၅၂ သန်းကျော်အနက် ၄ ဒသမ ၇၅ သန်း(၉ ဒသမ ၀၆ ရာခိုင်နှုန်း)ဟာ အသက် ၆၀ နဲ့အထက် သက်ကြီးရွယ်အိုတွေဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် လူ ၁၁ ဦးမှာ တစ်ဦးဟာ သက်ကြီးရွယ်အိုဘဝကိုရောက်ရှိနေကြပြီလို့ ဆိုနိုင်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ၁၅ ရာခိုင်နှုန်းနှင့် ၂၀၅၀ ပြည့်နှစ်မှာ ၂၅ ရာခိုင်နှုန်းအထိ မြင့်မားလာမယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားပါတယ်။**

ယနေ့ခေတ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာခြင်း၊ မွေးဖွားမှုနှုန်း ကျဆင်းလာခြင်းစသည့်တို့ကြောင့် ကမ္ဘာတစ်ဝန်းသက်ကြီးရွယ်အို အချိုးအစားပြောင်းလဲလာတာကို တွေ့ရှိရပါတယ်။ သက်ကြီးရွယ်အိုအရေအတွက် မြင့်မားလာခြင်းဟာ အခွင့်အလမ်းတစ်ရပ်ဖြစ်သလို စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါတယ်။ အထူးသဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များဖွံ့ဖြိုးမှု အားနည်းတဲ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ သက်ကြီးရွယ်အိုအရေအတွက် တိုးတက်လာခြင်းဟာ စိန်ခေါ်မှုအသွင်ဆောင်လာတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေလို သက်ကြီးရွယ်အိုအလွန်များပြားလာတဲ့ပြဿနာကို မရင်ဆိုင်ရသေးသော်လည်း နောင်လာမယ့်ဆယ်စုနှစ်များအတွင်း ယင်းပြဿနာကိုရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ တိုးပွားလာတဲ့သက်ကြီးရွယ်အိုများအားလုံး ဂုဏ်သိက္ခာရှိရှိနဲ့ သွက်လက်ကျန်းမာပြီး လုံခြုံစိတ်ချရတဲ့ဘဝမျိုးနဲ့ လျှောက်လှမ်းနိုင်မယ့်အစီအစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနက သက်ကြီးရွယ်အိုတွေအတွက် အဓိကလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုတိုးတက်များပြားလာမယ့် သက်ကြီးရွယ်အိုများရဲ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရာမှာ အောက်ပါအချက်တွေကို သုံးသပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

- သက်ကြီးရွယ်အို ဦးရေတိုးပွားလာမှုသည် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသလဲ။
- သက်ကြီးရွယ်အိုဦးရေတိုးပွားလာမှုသည် စီးပွားရေးဖွံ့ဖြိုးမှုကို နှောင့်နှေးစေသလား။
- သက်ကြီးရွယ်အို ဦးရေတိုးပွားလာမှုသည် စီးပွားရေးဖွံ့ဖြိုးမှုအပေါ် ဆိုးရွားစွာသက်ရောက်မှုမရှိစေရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည့် အခြေ အနေများ။
- တိုင်းပြည်၏ ဖွံ့ဖြိုးမှုအသီးအပွင့်များကို အားလုံးအညီအမျှ ခံစားရရှိစေရန်အတွက် မည်ကဲ့သို့မျှဝေခံစားမည်။
- စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals)(၂၀၁၆-၂၀၃၀)ကို အကောင်အထည်ဖော်ရာ၌ နိုင်ငံတော်၏ အမှန်တကယ်တွေ့ကြုံရမည့် တိုးတက်များပြားလာမည့်သက်ကြီးရွယ်အိုဦးရေ။
- သက်ကြီးရွယ်အိုဦးရေများပြားလာမှုသည် နိုင်ငံတော်၏ အခွန်ဘဏ္ဍာကို မည်ကဲ့သို့အကျိုးသက်ရောက်နိုင်သည်ကို ထည့်သွင်းစဉ်းစားနိုင်ရန် (ဥပမာ-ကျန်းမာရေးစောင့်ရှောက်မှု၊ ရေရှည်စောင့်ရှောက်မှု၊ ပင်စင်ကဲ့သို့သော နိုင်ငံတော်ဘဏ္ဍာငွေမှတိုးမြှင့်ထောက်ပံ့ပေးနေရသည့် ကိစ္စရပ်များ)၊ အစိုးရအနေဖြင့် အခွန်ဘဏ္ဍာဆိုင်ရာမညီမျှမှုကို ဘယ်လိုချိန်ညှိနိုင်မလဲဆိုတာရော ပြည်သူကို ဘယ်လိုအကာအကွယ်ပေးနိုင်မလဲဆိုတာ ပါစဉ်းစားရမှာဖြစ်ပါတယ်။

အာရှပစိဖိတ်ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းအရ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနဲ့ဟောင်ကောင်နိုင်ငံတို့လို ကြွယ်ဝချမ်းသာတဲ့ နိုင်ငံများရဲ့လက်ရှိလူဦးရေအရ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုဦးရေ ၁၄ ရာခိုင်နှုန်းခန့်ရှိနေပြီး အလားတူ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မွန်ဂိုလီးယားနဲ့ ဗီယက်နမ်နိုင်ငံတွေမှာလည်း အသက်အရွယ်ကြီးမြင့်မှုနှုန်းလျင်မြန်စွာ ပြောင်းလဲလျက်ရှိပါတယ်။

ဒါ့အပြင်ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ပါပူရာ နယူးဂီနီ၊ ဖိလစ်ပိုင်၊ အရှေ့တီမောနိုင်ငံများနဲ့ ပစိဖိတ်ကျွန်းစုနိုင်ငံများကဲ့သို့သောဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံတွေမှာ အသက်အရွယ်ငယ်ရွယ်သူများပြီး အဆိုပါနိုင်ငံများရဲ့၂၀၁၀ ပြည့်နှစ်နိုင်ငံလူဦးရေ၏ ပျမ်းမျှ ၄ ရာခိုင်နှုန်းခန့်က အသက် ၆၅ နှစ်အထက်(သို့မဟုတ်) သက်ကြီးရွယ်အိုများ ဖြစ်ကြပါတယ်။ အဆိုပါနိုင်ငံများအနေနဲ့လာမယ့်နှစ် ၂၀ မှ ၃၀ အတွင်းသက်ရွယ်ကြီးမြင့်မှုနှုန်း လျင်မြန်စွာ ပြောင်းလဲလာမှာဖြစ်တဲ့အတွက် မဝေးတော့တဲ့ အနာဂတ် မှာကြုံတွေ့ရမယ့် သက်ကြီးရွယ်အိုနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများကို ရင်ဆိုင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ အဆိုပါနိုင်ငံများအနေနဲ့ အခြားအာရှနိုင်ငံများဖြစ်တဲ့ ထိုင်း၊ တရုတ်၊ ဗီယက်နမ်နဲ့ အင်ဒိုနီးရှား နိုင်ငံတွေရဲ့သက်ကြီးရွယ်အိုဦးရေ တိုးတက်မှုနှုန်းနဲ့စပ်လျဉ်းပြီး ဆောင်ရွက်မှုအစီအစဉ်များ၊ စိန်ခေါ်မှုများ၊ ရင်ဆိုင်ရမယ့်အခက်အခဲတွေကို လေ့လာပြီး ကြိုတင်စီမံဆောင် ရွက်ထားရမှာဖြစ်ပါတယ်။

သက်ရွယ်ကြီးမြင့်မှုနှုန်းလျင်မြန်စွာ ပြောင်းလဲလာတဲ့နိုင်ငံတွေဟာ အဆိုပါပြောင်းလဲမှုဖြစ်စဉ်များကို လိုက်လျောညီထွေအောင် မဆောင်ရွက်နိုင်လျှင် စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများကို တွေ့ကြုံရမှာဖြစ်ပါတယ်။ အဆိုပါနိုင်ငံတွေမှာအလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အရွယ်နည်းပါးလာပြီး ကုန်ထုတ်လုပ်မှုစွမ်းအားလည်း ကျဆင်းလာမှာဖြစ်သလို စီးပွားရေးဖွံ့ဖြိုးမှုကိုထိခိုက်စေမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ စီးပွားရေးဖွံ့ဖြိုးမှုကျဆင်းခြင်း၊ အစိုးရ၏အခွန်ဘဏ္ဍာငွေကျဆင်းခြင်းနဲ့အတူ အခြားတစ်ဖက်၌ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေရှည်စောင့်ရှောက်မှုလုပ်ငန်းများ၊ ပင်စင်လစာကဲ့သို့သော အစိုးရအသုံးစရိတ်များမှာလည်း တိုးမြင့်လာမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံကဲ့သို့ အသက်အရွယ်ငယ်ရွယ်သူများပြားတဲ့ နိုင်ငံတွေအနေနဲ့ သက်ရွယ်ကြီးမြင့်မှုနှုန်း လျင်မြန်စွာ ပြောင်းလဲမှုကို (၂၀၃၀ ပြည့်နှစ်ထက်)စောစွာ ရင်ဆိုင်ကြုံတွေ့ရနေတဲ့ အခြားနိုင်ငံများရဲ့အတွေ့အကြုံများကို ရယူ၍ သက်ကြီးရွယ်အိုများရဲ့အရေး ကိစ္စအဝဝကို တက်တက်ကြွကြွလှုပ်ရှားဆောင်ရွက်မည်ဆိုပါက ၁၀ နှစ်မှ နှစ် ၂၀ ခန့်အထိ အချိန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။**

မြန်မာနိုင်ငံကဲ့သို့ အသက်အရွယ်ငယ်ရွယ်သူ များပြားတဲ့နိုင်ငံတွေအနေနဲ့ သက်ရွယ်ကြီးမြင့်မှုနှုန်း လျင်မြန်စွာပြောင်းလဲမှုကို (၂၀၃၀ ပြည့်နှစ်ထက်)စောစွာ ရင်ဆိုင်ကြုံတွေ့နေရတဲ့အခြားနိုင်ငံများရဲ့အတွေ့အကြုံများကိုရယူ၍ သက်ကြီးရွယ်အိုများရဲ့အရေး ကိစ္စအဝဝကို တက်တက်ကြွကြွလှုပ်ရှားဆောင်ရွက်မည်ဆိုပါက ၁၀ နှစ်မှ နှစ် ၂၀ ခန့်အထိ အချိန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်။

သက်ရွယ်ကြီးရင့်မှုနှုန်းလျင်မြန်စွာပြောင်းလဲခြင်းကို လိုက်လျောညီထွေအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင်

(၁) ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကျဆင်းခြင်း၊
(၂) အစိုးရဘဏ္ဍာငွေကျဆင်းခြင်း၊
(၃) ပင်စင်လစာခံစားမှုဦးရေများပြားလာခြင်း၊
(၄) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေရှည်စောင့်ရှောက်မှုအတွက်ကုန်ကျစရိတ်မြင့်မားလာခြင်း၊
(၅) အစိုးရအနေဖြင့်ဘတ်ဂျက်လိုငွေပြမှု ပြဿနာဖြင့်ကြုံတွေ့နိုင်ခြင်း၊
(၆) ပင်စင်လစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဖြတ်တောက်မည်ဆိုပါက လူမှုရေးဆိုင်ရာတင်းမာမှုများနှင့် ပဋိပက္ခများကြုံတွေ့လာနိုင်ခြင်းနှင့်
(၇) မိသားစုများနှင့် အိမ်ထောင်စုများအနေဖြင့် အခြေခံအားဖြင့် ဘဝနေထိုင်မှုဆိုင်ရာ စွန့်စားမှုနှင့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့လာနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကဲ့သို့နိုင်ငံများတွင် အသက်အရွယ်ငယ်ရွယ်သူဦးရေနဲ့နှမ်းပါးတဲ့မိသားစုဦးရေလည်း များပြားလျက်ရှိရာနိုင်ငံတော်အစိုးရအနေနဲ့ အောက်ပါအခန်းကဏ္ဍတွေမှာ အာရုံစူးစိုက်ဆောင်ရွက်သင့်ပါတယ်။

(၁) လူငယ်ကုန်ထုတ်လုပ်မှုနဲ့စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ နည်းပညာဆိုင်ရာ၊ ဝန်ဆောင်မှုလုပ်ငန်းစတဲ့ အခန်းကဏ္ဍတွေမှာ လူငယ်များအတွက် စီးပွားရေးအခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ပေးရန်၊ လူငယ်များအတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများတွင် အပြိုင်အဆိုင် တိုးမြှင့်ထုတ်လုပ်စေခြင်းဖြင့် အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်ခြင်း လျော့နည်းမှာဖြစ်ပါတယ်။ ဝင်ငွေနိမ့်ပါးတဲ့ နိုင်ငံများရှိလူငယ်များအနေနဲ့ အပြိုင်အဆိုင်ကျွမ်းကျင်မှုရှိရင် သက်ရွယ်ကြီးမြင့်နှုန်းများတဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ လုပ်သားအင်အားရှားပါးမှုပြဿနာကြောင့် နိုင်ငံခြားတိုင်းပြည်တွေမှာလည်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိခံစားနိုင်စေရန်။
(၂) ဘဝတစ်လျှောက်လုံး ကျန်းမာရွှင်လန်းသော ဘဝနေထိုင်မှုပုံစံရရှိခံစားနိုင်စေရန်အတွက် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး၊ လူငယ်လူရွယ်ဖွံ့ဖြိုးမှုမူဝါဒများနဲ့ အစီအစဉ်များတိုးမြှင့်ဆောင်ရွက်ပေးရမယ်။ သွက်လက်ကျန်းမာတဲ့ သက်ကြီးရွယ်အိုအစီအစဉ်များတွင် ကူညီဆောင်ရွက်ပေးပြီး ကျန်းမာရွှင်လန်းတဲ့ဘဝမျှော်လင့်ချက်များကို မြှင့်တင်ပေးခြင်းဖြင့် သက်ကြီးရွယ်အိုဘဝတွင် နှစ်ရှည်ကြာကျန်းမာစွာ နေထိုင်သွားနိုင်စေရန်။
(၃) လူငယ်များကြားတွင် ခြိုးခြံချွေတာမှုကို မက်လုံးပေး၍ဆောင်ရွက်စေရန်။
(၄) မြန်မာနိုင်ငံကဲ့သို့သော တိုင်းပြည်များရှိ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများရှိ လူသားအရင်းအနှီးဖွံ့ဖြိုးမှုဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်။ (လူမှုကာကွယ်စောင့်ရှောက်ရေးသည် စွန့်ကြဲပေးကမ်းခြင်းမဟုတ်ဘဲ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုပေါင်းစည်းခြင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်တယ်။)
(၅) အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဟာ အကုန်အကျသက်သာစေပြီး အလုပ်အကိုင်ကောင်းရရှိရေးကို အထောက်အကူဖြစ်စေရန်။
(၆) ဝန်ကြီးဌာနများကြား (အထူးသဖြင့် စီမံကိန်းနဲ့ဘဏ္ဍာရေး၊ လူမှုဝန်ထမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး) အတူတကွ ညှိနှိုင်းဆောင်ရွက်ရန်။
(၇) သက်ကြီးရွယ်အိုများအတွက်သာ ရည်ရွယ်ပြီး မူဝါဒရေးဆွဲရန်သာ မဟုတ်ဘဲ နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးအတွက် မူဝါဒများ ရေးဆွဲဆောင်ရွက်ရန်။(ရည်ရွယ်ချက်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ "Leaving no one behind" ဟူသော ရည်မှန်းချက်အတိုင်း ဖြစ်ရပါမယ်။

နိုင်ငံတော်အနေနဲ့ အဆိုပါအချက်တွေကို ထည့်သွင်းစဉ်းစားရမှာဖြစ်သလို အနာဂတ်မှာမဖြစ်မနေကြုံတွေ့ရမယ့် "သက်ရွယ်ကြီးရင့်မှုနှုန်း လျင်မြန်စွာပြောင်းလဲခြင်း"ဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် သက်ကြီးရွယ်အိုတွေကို ရေရှည်အလုပ်လုပ်ကိုင်နိုင်ရန်၊ အမျိုးသမီးများပါဝင်ဆောင်ရွက်မှုများပြားလာစေရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှု တိုးမြှင့်ဆောင်ရွက်ရန်၊ ပင်စင်ခံစားမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကိုစတင်ဆောင်ရွက်ခြင်း၊ ချွေတာစုဆောင်းခြင်းဖြင့် သက်ကြီးရွယ်အိုဘဝတွင် အသုံးပြုနိုင်ရန်အားပေးဆောင်ရွက်ခြင်း၊ ကျန်းမာရွှင်လန်းသော ဘဝမျှော်လင့်ချက်များကို မြှင့်တင်ပေးခြင်းဖြင့်သက်ကြီးရွယ်အိုဘဝတွင် နှစ်ရှည်ကြာကျန်းမာစွာနေထိုင်သွားနိုင်စေရန်၊ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် လူငယ်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်နဲ့ သက်ကြီးရွယ်အိုဘဝအတွက် ကြိုတင်ပြင်ဆင်သွားနိုင်ရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း နှိုးဆော်ပန်ကြားလိုက်ပါတယ်။

## စိုက်ပျိုးပြီးသောသစ်ပင်များအား အလေအလွင့်မရှိစေရန်ပြုပြင်ထိန်းသိမ်း

**အမ်း စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ်ကျောက်ဖြူခရိုင်အမ်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်စုများမှ ပြည်သူများပူးပေါင်းကာ ယခုနှစ်မိုးရာသီတွင် အမ်းမြို့နယ်အတွင်းရှိ စိုက်ပျိုးခဲ့သော ကျွန်းပင်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ် အမျိုးအစားပါသစ်ပင် ၄၀၀၀၀ ကိုစိုက်ပျိုးပေးနိုင်ခဲ့သည့် သစ်ပင်များ အလေအလွင့်မရှိစေရန် ပြည်သူများမှ ပေါင်းမြက်ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၅၇)

## အောက်တိုဘာ ၁ ရက်နေ့ ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုကဗျာ

### နားပါရစေတော့

■ မနွမ်းလျပါဘူး
ပန်းသမျှတွေ အရာထင်ခဲ့တာ
ကမ္ဘာဆိုတာ ရွာတစ်ရွာလိုဖြစ်အောင်
လမ်းတံတားယာဉ်တွေ ဆင်ပေးခဲ့တယ်လေ။

■ မတမ်းတပါဘူး
လန်းခဲ့တဲ့တစ်ချိန်ခါတုန်းက
မန်းမှုတ်ပြီးလုပ်ခဲ့ ပြယုဂ်တွေမှမဟုတ်တာ
လွမ်းလောက်အောင်ကို လုပ်ခဲ့ကြတာပါ။

■ မညာခဲ့ပါဘူး
သာယာနေတဲ့ ကမ္ဘာကိုကြည့်ပါ
လာသမျှ သဘာဝရန်တွေကို
ကာကွယ်ကြတာ အားလုံးအသိပါ။

■ မငြိုငြင်လိုက်ပါနဲ့
ပျိုခဲ့စဉ်အချိန်အခါဆိုတာ ရှိခဲ့ပါတယ်
အိုတယ်ဆိုတာ ဟိုကမ္ဘာဦးအစတည်းက
မအိုဘဲ သေခဲ့ကြတယ်လို့မှ မရှိတာ။

■ မမေ့လိုက်ပါနဲ့
ရွှေနေတဲ့အချိန်ရှိသမျှ သင်လည်း
တစ်နေ့ အိုရ နာရ သေရမှာပဲမို့
'ငါ'ဆိုတဲ့ အတ္တကို ခဝါချကာ
မာနဇလာနဲ့ နေကြပါ သား သမီးတို့ရယ်။

ဇာမဏီ(ပုဂံ)

# အစ္စရေးသမ္မတဟောင်းပီရက်စ် အသက် ၉၃ နှစ်တွင် ကွယ်လွန်

**ဂျေရုဆလင် စက်တင်ဘာ ၂၈**

အစ္စရေးနိုင်ငံ၏ အသက်အကြီးဆုံး နိုင်ငံရေးသမားနှင့် သမ္မတဟောင်းတစ်ဦးဖြစ်သူ ရှီမွန်ပီရက်စ်သည် တဲလ်အဗစ်မြို့အနီး ဆေးရုံပေါ်၌ ဗုဒ္ဓဟူးနေ့ မနက်ပိုင်းက ကွယ်လွန်သွားခဲ့ပြီဖြစ်သည်ဟု ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

ပီရက်စ်သည် အစ္စရေးနိုင်ငံ၏ အဓိကနိုင်ငံရေးသမားတစ်ဦး ဖြစ်ပြီး နိုဘယ်ဆုရှင် တစ်ဦးလည်း ဖြစ်သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏အသက် ၉၃ နှစ်ရှိကြောင်း သိရသည်။

၎င်းသည် စက်တင်ဘာ ၁၃ ရက်က စတင်၍ လေသင်တုန်းဖြတ်သည့် ရောဂါခံစားခဲ့ရပြီး ဆေးရုံ၌ဆေးကုသမှုခံယူခဲ့ရသည်။ အင်္ဂါနေ့မွန်းလွဲပိုင်းတွင် ဒေသတွင်း မီဒီယာများက ၎င်း၏အခြေအနေမှာ စိုးရိမ်ရကြောင်းဖော်ပြခဲ့ကြသည်။

ဆရာဝန်များက ၎င်း၏မိသားစုဝင်များနှင့် အရင်းအနှီးဆုံးမိတ်ဆွေများကို ဖိတ်ခေါ်၍ ၎င်း၏နောက်ဆုံးအချိန်အတွက်နှုတ်ဆက်ရန် ပြောဆိုခဲ့သည်။



၎င်းသည် ၁၉၂၃ခုနှစ်တွင် ပိုလန်နိုင်ငံ၌ မွေးဖွားခဲ့ပြီး ၁၉၃၄ခုနှစ်တွင် မိသားစုနှင့်အတူ အစ္စရေးသို့ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် နိုင်ငံရေးနယ်ပယ်၌ နှစ်ပေါင်း ၇၀နီးပါးကျင်လည်ခဲ့ပြီး နိုင်ငံ၏ အရေးပါသောနေရာများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့ရုံသာမက ဝန်ကြီးချုပ်အဖြစ်နှစ်ကြိမ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ လေဘာပါတီ၏ ဥက္ကဋ္ဌနှင့် ပါလီမန်အတွင်း အတိုက်အခံအုပ်စုခေါင်းဆောင် စသည်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

ဒါ့အပြင် အစ္စရေးနိုင်ငံအတွက် နျူကလီးယားအစီအစဉ်ကို စတင်ခဲ့သူဖြစ်ပြီး ပါလက်စတိုင်းနှင့်ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအတွက် ၁၉၉၄ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆုကိုရရှိခဲ့သည်။

**(ဆင်ဟွာ)**

# အာဘေးက ၎င်း၏စီးပွားရေးမူဝါဒမှာ အလုပ်ဖြစ်ကြောင်းပြောကြား

**တိုကျို စက်တင်ဘာ ၂၈**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်း၏မူဝါဒများသည် ဂျပန်နိုင်ငံ၏စီးပွားရေးဖော်ဆောင်မှုတွင်အလုပ်ဖြစ်ကာ နိုင်ငံအားငွေကြေးဖောင်းပွမှုမှဆွဲထုတ်နိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စက်တင်ဘာ ၂၈ ရက်တွင် အထက်လွှတ်တော် အမေးအဖြေကဏ္ဍ၌ အာဘေးက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့အပြင် အာဘေး၏စီးပွားရေးမူဝါဒသည် ၎င်းကတိပေးထားခဲ့သည့်အတိုင်း ရလဒ်များ မပီပြင်သေးဟု ဆိုလာသည့် အတိုက်အခံ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ရန်ဟို၏ဝေဖန်မှုများကိုလည်း အာဘေးအနေဖြင့် ပြန်လည်တုံ့ပြန်လိုက်သည်။ ရန်ဟိုက အာဘေးစီးပွားရေးမူဝါဒကိုပြန်လည်သုံးသပ်ရန် အချိန်အခါဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့်အနေအထားများကိုလည်း ပြန်လည်သုံးသပ်ရန်လိုကြောင်း အကြံပြုခဲ့သည်။

ထို့အပြင် ရန်ဟိုကအစိုးရအနေဖြင့် စီးပွားရေးတည်ဆောက်ရန် လူများကိုရင်းနှီးမြှုပ်နှံမှုပြုနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

ထိုကဲ့သို့သောရင်းနှီးမြှုပ်နှံမှုတွင် ပညာရေးနှင့် ကလေးသူငယ်ပြုစုပျိုးထောင်ရေး အကူအညီပေးရေးအပြင် အလုပ်သမားများအတွက် သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အသက်ကြီးနိုင်ငံသားများအတွက် လူမှုဖူလုံရေးကိစ္စများလည်း ပါဝင်သင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အာဘေးက ဂျပန်နိုင်ငံသည်၎င်း၏ စီးပွားရေးမူဝါဒ (Abenomics) ကို မကျင့်သုံးခင်နှစ် ၂၀ လုံး ငွေကြေးဖောင်းပွမှု သံသရာ၌ ဝဲလည်နေပြီး ရုန်းမထွက်ဘဲရှိနေသည်ဟုဆိုကာ ရန်ဟို၏ပြောကြားချက်ကို ခုခံချေပခဲ့သည်။



ထို့အပြင် ၎င်းအနေဖြင့် နောက်ထပ် ထပ်ဆောင်းဘဏ္ဍာရေးအသုံးစရိတ် (ဘတ်ဂျက်) ကိုလည်း မကြာမီတွင် နိုင်ငံ၏အနာဂတ်အတွက် ပြည်တွင်းဝယ်လိုအားနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ထောက်ကူနိုင်ရေးအတွက် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဘေးက ၎င်း၏နည်းဗျူဟာများသည် လက်တွေ့အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး အနာဂတ်အတွက် လမ်းဖွင့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်အဖွဲ့ထူထောင်သည်ဟု သံသယရှိသူ ငါးဦးအား ဥရောပတွင်ဖမ်းဆီး

**ဘာစီလိုနာ စက်တင်ဘာ ၂၈**

စပိန်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီတို့တွင် အိုင်အက်စ်အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ရန်အတွက် အိုင်အက်စ်အဖွဲ့ထူထောင်သည်ဟု သံသယရှိသူ ငါးဦးအားရဲအဖွဲ့က ဖမ်းဆီးခဲ့ကြောင်းစပိန်ပြည်ထဲရေးဝန်ကြီးက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

သုံးဦးကိုစပိန်တွင် ထိန်းသိမ်းခဲ့ရာ ၎င်းတို့အနက်နှစ်ဦးကို ဘာစီလိုနာတွင်လည်းကောင်း၊ ကျန်တစ်ဦးကို မယ်လီလာတွင် လည်းကောင်း ထိန်းသိမ်းခဲ့သည်။ နောက်ထပ် နှစ်ဦးကို ဂျာမနီနိုင်ငံတွင် ထိန်းသိမ်းခဲ့သည်။ ၎င်းအဖွဲ့မှာ လူမှုကွန်ရက် ဝက်ဘ်ဆိုက်များကိုသုံးကာ အစွန်းရောက်တော်လှန်ရေးဝါဒများနှင့် အကြမ်းဖက် ဝါဒများအား ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် စပိန်နိုင်ငံ၌ အိုင်အက်စ်သံသယရှိသူ လေးဦးကိုဖမ်းဆီးနိုင်ခဲ့ ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဦးခေါင်းနှစ်လုံးပုံသဏ္ဌာန်ပါရှိသည့်မြွေကို မောင်ခိုအဖွဲ့များလက်ထဲမှ ကယ်တင်

**နယူးဒေလီ စက်တင်ဘာ ၂၈**

ရှားပါးတိရစ္ဆာန်တစ်မျိုးဖြစ်သည့် ဦးခေါင်းနှစ်လုံးပါရှိသည့်မြွေကို မောင်ခိုသမားများလက်ထဲမှ အိန္ဒိယရဲများက ကယ်တင်နိုင်ခဲ့သည်။ ယင်းမြွေအမျိုးအစားမှာ ကာကွယ်ထိန်းသိမ်းထားသည့် မြွေအမျိုးအစားဖြစ်ပြီး ၎င်း၏အသွင်အပြင်မှာ ဦးခေါင်းနှစ်လုံးပုံသဏ္ဌာန်ပါရှိပြီး အမြီးမှာ ဦးခေါင်းပုံပေါက်နေ၍ ထူးဆန်းနေခြင်းပင်ဖြစ်သည်။ ယင်းမြွေအမျိုးအစားမှာ မှောင်ခိုဈေးကွက်တွင် လွန်စွာအဖိုးတန်သည်။

၎င်းမြွေမျိုးမှာ ဆေးဖက်ဝင်ပြီး ကံကောင်းစေသည့်အဆောင်ဟု ယူဆကြသောကြောင့်ပင်ဖြစ်သည်။ အဆိုပါမြွေကို လူလေးဦးက ဒေါ်လာ ၁၅၀၀ ဖြင့် ရောင်းချရန် ကြိုးပမ်းနေစဉ် ရဲများကဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# လေထုညစ်ညမ်းမှုများအတွက် အရေးယူဆောင်ရွက်ရန် WHO မှ တောင်းဆို

**ဂျီနီဗာ စက်တင်ဘာ ၂၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း WHO က နိုင်ငံများကို လေထုညစ်ညမ်းမှုအတွက် တင်းကျပ်စွာ အရေးယူဆောင်ရွက်ရန် တိုက်တွန်းပြောဆိုလိုက်သည်။ အကြောင်းမှာ နှစ်စဉ်လေထုညစ်ညမ်းမှုကြောင့် လူပေါင်း ၆ ဒသမ ၅ သန်း အသက်ဆုံးရှုံးခဲ့ရသည်။ဗြိတိန်ရှိ တက္ကသိုလ်တစ်ခုက ကျေးလက်နှင့်မြို့ပြတို့မှ လူဦးရေ ၃၀၀၀တို့နှင့် နိုင်ငံပေါင်း ၁၀၃နိုင်ငံတို့တွင် လေထုညစ်ညမ်းမှုများကိုသုတေသနပြုလုပ်ခဲ့ကြသည်။ တရုတ်၊ အမေရိကန်နှင့် တခြားသောစီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အာရှနိုင်ငံများ၌ ကားများနှင့်စက်ရုံများကြောင့် လေထုညစ်ညမ်းမှုများပို၍များလာခဲ့သည်။ WHO ၏အဆိုအရ လေထုညစ်ညမ်းမှုကြောင့် နှလုံးရောဂါ၊ အဆုတ်ရောဂါနှင့် အခြားသောရောဂါများကြောင့် ခန့်မှန်းခြေ ၆ ဒသမ ၅ သန်း နှစ်စဉ် သေဆုံးလျက်ရှိသည်။

သေဆုံးမှုများ၏ ၉၀ ရာခိုင်နှုန်းမှာ ဆင်းရဲ၍ ဝင်ငွေနည်းပါးသော နိုင်ငံများ၌ဖြစ်သည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများမှာ အများဆုံးထိခိုက်ခံစားရသူများပင်ဖြစ်ကြသည်။နိုင်ငံများသည် စက်ရုံအလုပ်ရုံများမှ မီးခိုးငွေ့ထုတ်လွှတ်မှုများကိုလျှော့ချရန်နှင့် ရေရှည်၌အကျိုးပြုမည့် သယ်ယူပို့ဆောင်ရေးစနစ်များကို အသုံးပြုသွားရန် WHO က တောင်းဆိုထားသည်။

**(အင်န်အိတ်ချ်ကေ)**



# တောင်ကိုရီးယား၌တက်ဒ်စနစ်ဖြန့်ကြက်ရန် အမေရိကန်ရှေ့တိုးလုပ်ဆောင်

**ဝါရှင်တန် စက်တင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စုသည် ဒုံးခွင်းဒုံး(တက်ဒ်)စနစ်ကို တောင်ကိုရီးယား၌ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့လုပ်ဆောင်ခြင်းမှာ မြောက်ကိုရီးယား၏ဒုံးလက်နက်စမ်းသပ်မှုများကို ခုခံကာကွယ်နိုင်ရေးဟုဆိုကာ ယင်းအစီအစဉ်ကို ဖြစ်နိုင်သမျှ ဆောလျင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးစားမည်ဖြစ်ကြောင်း အရှေ့အာရှဆိုင်ရာထိပ်တန်း အမေရိကန် သံတမန်တစ်ဦးက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နောက်ဆုံးနျူကလီးယားစမ်းသပ်မှုပြုလုပ်ပြီးနောက် အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားအားအပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်း ခွင့်ပြုရေးကိုငြင်းဆိုရန် ဥရောပသမဂ္ဂအပါအဝင်နိုင်ငံတကာအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်မှုများလုပ်ဆောင်နေချိန် အရှေ့အာရှဆိုင်ရာလက်ထောက်နိုင်ငံခြားရေးထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ ဒန်နီရယ်ရက်စ်ဆဲလ်က တက်ဒ်စနစ်ဖြန့်ကြက်ရေးအတွက် ကွန်ဂရက်တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏နျူကလီးယားဒုံးကျည်စမ်းသပ်မှုကို အမီလိုက်နိုင်ရေးအတွက် တက်ဒ်စနစ်ကို အလျင်အမြန်ဖြန့်ကြက်ဖို့လိုကြောင်း ရက်စ်ဆဲလ်ကပြောကြားခဲ့သည်။

ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ တပ်မှူး ဂရေးရိုစ့်အနေဖြင့် တက်ဒ်စနစ်ကို ဖြန့်ကြက်ဖို့လိုကြောင်းထောက်ခံပြောကြားခဲ့သော်လည်း တိကျသည့်အချိန်ကို ပြောကြားခြင်းမရှိခဲ့ပေ။ **(ရိုက်တာ)**

# သူတင်ကိုယ်တင်အပြိုင်ကြဲကြမည့် ထရန့်နှင့် ကလင်တန်တို့ စကားစစ်ထိုးပွဲ

**တင်လင်းအောင် . . . . . . .**




အမေရိကန်သမ္မတဆိုသည်မှာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံကို အုပ်စိုးရရုံသာမက ကမ္ဘာတစ်ဝန်း သြဇာလွှမ်းမိုးသူဟုဆိုလျှင် မှားအံ့မထင်။ ထို့ကြောင့် အမေရိကန်သမ္မတဖြစ်လာဖို့ မလွယ်သလို ယင်းကဲ့သို့သော အရည်အချင်းများနှင့် ပြည့်စုံရန် တော်ရုံတန်ရုံလုပ်ယူရုံမျှနှင့် မရ။ အမျိုးမျိုးသော အရည်အချင်း ပါရမီများနှင့် ပြည့်စုံဖို့ လိုအပ်သည်ဆိုသည်မှာ ပြောဖို့တောင် လိုမည်မထင်။

ထိုထိုသော အရည်အချင်းများထဲတွင် စကားစစ်ထိုးခြင်းပရိယာယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ရကား အမေရိကန်သမ္မတဖြစ်ရေး သူတင်ကိုယ်တင် အနိုင်ကြဲမည့် သမ္မတလောင်းများဖြစ်ကြသည့် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီ ကလင်တန်နှင့် ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရန့်တို့သည် စက်တင်ဘာ ၂၆ရက် တနင်္လာနေ့က နယူးယောက်ပြည်နယ် တက္ကသိုလ်တစ်ခုတွင် ပဝါမကူ ရေမရှူစတမ်း သူတစ်ပြန် ကိုယ်တစ်ပြန် အပြန်အလှန် စကားစစ်ထိုးခဲ့သည်မှာ ကမ္ဘာ့ပြည်သူအပေါင်းအတွက် ရင်သပ်ရှုမောစရာကောင်းလှပေသည်။

စကားစစ်ထိုးပွဲအစတွင် ဟီလာရီကလင်တန်နှင့် ဒေါ်နယ်ထရန့်တို့သည် အပြန်အလှန် လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီးနောက် စစချင်းဆောက်နှင့်ထွင်းဆိုသလို ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်က ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရန့်အား လူမျိုးခွဲခြားဆက်ဆံရေးဝါဒီ၊ ကျား၊ မ ခွဲခြားဆက်ဆံသူနှင့် အခွန်ရှောင်သူအဖြစ် စွပ်စွဲပြောကြားလိုက်သည်။

အိမ်ခြံမြေလုပ်ငန်းတွင် သြဇာတိက္ကမကြီးမားသည့် သူဌေးကြီး ထရန့်ကလည်း အားကျမခံ ကလင်တန်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကာလရှည်ကြာ တာဝန်ထမ်းဆောင်ခဲ့သော်လည်း အကျိုးရလဒ်မဖြစ်စလောက်သာဖြစ်ထွန်းခဲ့ပြီး အမွေဆိုးများသာကျန်ရှိခဲ့သူဟု ပြောဆိုရုံသာမက ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် ထမ်းဆောင်ရန်တောင် သက်လုံမကောင်းဟု ပြန်လည်ချေပ ပြောကြားလိုက်သည်။

ထို့အပြင် ထရန့်က ကလင်တန်ထောက်ခံသည့် ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးမူဝါဒ (တီပီပီ) ကိုထိုးနှက်တိုက်ခိုက်သလို ကလင်တန်ကလည်း လွတ်လပ်သည့်ကုန်သွယ်ရေး စာချုပ်ကို ဆန့်ကျင်ကြောင်းပြန်လည်တုံ့ပြန်လိုက်သည်။ ဟီလာရီကလင်တန်အား အဓိကထိုးနှက်ချက်ဖြစ်စေမည့် နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်စဉ်အခါက ကိုယ်ပိုင်အီးမေးလ်အကောင့်အသုံးပြုခဲ့မှုအပေါ် ထရန့်က ထောက်ပြဝေဖန်ပြောဆိုခဲ့သလို ထရန့်အနေဖြင့် အခွန်များပေးဆောင်ခြင်းမရှိဟုဆိုကာ ဟီလာရီကလင်တန်က ပြန်လည်ချေပပြောကြားလိုက်သည်မှာ ချက်ပိုင်ပိုင်ရှိလှသည်။

ထို့အပြင် အမေရိကန် သမ္မတလောင်းနှစ်ဦးသည် မိတ်ဖက်နိုင်ငံများနှင့်ပတ်သက်ပြီး အမေရိကန်ကာကွယ်ရေးမူဝါဒကို ပြောကြားရာ၌ ထရန့်က အမေရိကန်နိုင်ငံသည် ကာကွယ်ရေးနှင့် ပတ်သက်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် အခြားသောနိုင်ငံများအပေါ် ကြီးကြီးမားမား ထောက်ပံ့ထားရသော်လည်း သင့်တင့်မျှတသော ကုန်ကျစရိတ်ကို ယင်းနိုင်ငံများဘက်မှ ကျခံခြင်းမရှိဟု ပြောကြားခဲ့သလို ကလင်တန်ကလည်း ထရန့်သည် ဂျပန်၊ တောင်ကိုရီးယားနှင့်အခြားသော နျူကလီးယားလက်နက်ပိုင်ဆိုင်သော နိုင်ငံများကို အလေးထားခြင်းမရှိဟု ပြန်လည်ပြောကြားလိုက်သည်။

ကလင်တန်အနေဖြင့် အဆုတ်ရောင်ရောဂါမှ နာလန်ပြန်ထခါစဖြစ်သည့်အပြင် နေမကောင်းခြင်းကြောင့် လူထုထောက်ခံမှုများလည်း အနည်းငယ် ကျဆင်းနေသည့်အကြောင်းများကြောင့် စကားစစ်ထိုးပွဲတွင် ဖိအားများဖြစ်ပေါ်ခဲ့သော်လည်း ၎င်း၏ကာလရှည်ကြာ ကြုံတင်ပြင်ဆင်မှုများကြောင့် ထရန့်အား မိနစ် ၉၀ ကြာစကားစစ်ထိုးပွဲတွင် လက်ရည်မျှခဲ့သည်ဟု သုံးသပ်ရမည်ဖြစ်သည်။



**✻ ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်က ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရန့်အား လူမျိုးခွဲခြားဆက်ဆံရေး ဝါဒီ၊ ကျား၊ မ ခွဲခြားဆက်ဆံသူနှင့် အခွန်ရှောင်သူအဖြစ် စွပ်စွဲပြောကြား**

**✻ အိမ်ခြံမြေလုပ်ငန်းတွင် သြဇာတိက္ကမကြီးမားသည့် သူဌေးကြီးထရန့်ကလည်း အားကျမခံ ကလင်တန်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကာလရှည်ကြာ တာဝန်ထမ်းဆောင်ခဲ့သော်လည်း အကျိုးရလဒ်မဖြစ်စလောက်သာဖြစ်ထွန်းခဲ့ပြီး အမွေဆိုးများသာ ကျန်ရှိခဲ့သူဟုပြောဆို**

လက်တွေ့ဘဝအကြောင်းအရာများကို တင်ဆက်နေသူ တီဗွီစတား ထရန့်သည် ကနဦးတွင် စကားလုံးများဖြင့် တရစပ်ထိုးစစ်ဆင်နိုင်သော်လည်း စိတ်လောကြီးပြီး စည်းကမ်းမလိုက်နာဘဲ မကြာခဏကြားဖြတ်ပြောဆိုမှုများ ပြုလုပ်နေသဖြင့် ထိုကဲ့သို့သောအမူအရာများသည် စကားစစ်ထိုးပွဲကို စောင့်ကြည့်နေသူ ပြည်သူပေါင်း သန်း ၁၀၀ ကျော် ပရိသတ်ရှေ့တွင် ကိုးရိုးကားရားနိုင်လှကြောင်းရှုမြင်မိသည်။

စကားစစ်ထိုးပွဲသည် အမေရိကန် သမ္မတဖြစ်ရေးအရေးပါသလို ဝါဒရေးရာများအားပြိုင်သည့်ပွဲလည်းဖြစ်ကာ ပရိသတ်များအနေဖြင့်လည်း မည်သူ့ကို အမေရိကန်သမ္မတအဖြစ် ရွေးချယ်ရမည်ဆိုသည့်အဖြေကို ကွင်းကွင်းကွက်ကွက်ကြီး တွေ့ရမည့်ပွဲလည်းဖြစ်သည်။

စကားစစ်ထိုးပွဲစစ်တမ်းကောက်ယူမှုအပေါ် ဖြေကြားသူများ၏ စာရင်းများအရ ၆၂ ရာခိုင်နှုန်းသော ဖြေကြားသူများက ကလင်တန် နိုင်မည်ဟုဆိုကာ ၂၇ ရာခိုင်နှုန်းသော ဖြေကြားသူများက ထရန့်သာ အနိုင်ရမည့်သူဟု ဖော်ပြကြသည်။

မည်သူက အမှန်တကယ်အနိုင်ရမလဲဆိုသည်မှာ နောက်ထပ်ပြုလုပ်သော စကားစစ်ထိုးပွဲများတွင် ဆက်လက်ရွေးချယ်ဆုံးဖြတ်ကြရမည်ဖြစ်သည်။

မည်သို့ဆိုစေ အမေရိကန်သမ္မတဖြစ်လာရေး သူတင်ကိုယ်တင် အပြိုင်ကြဲကာ အနိုင်မခံအရှုံးမပေးဘဲ လေှခွက်ချည်း ကျန်အလံမလဲသည့် စိတ်ဓာတ်ဖြင့် တစ်ဖက်နှင့်တစ်ဖက် အကဲစမ်းကြသည်မှာ ရင်ခုန်လှုပ်ရှားစရာကောင်းသလို အမေရိကန် ပြည်ထောင်စု၏ အနာဂတ်အရေးသည်လည်း ပွဲကိုင်ရှင်အပေါ်တွင် မူတည်နေလေသည်တကားဟု သုံးသပ်မိရင်း နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ရလေသတည်း။ ။ **(ရိုက်တာ-၂၈-၉-၂၀၁၆)**

## တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် ကျောက်မီးသွေးတွင်းပေါက်ကွဲ၊ သေဆုံးသူ ၁၈ ဦးထိမြင့်တက်

**ရင်ချွမ် စက်တင်ဘာ ၂၈**



တရုတ်နိုင်ငံအနောက်မြောက်ပိုင်း နင်ရှားဟွေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စက်တင်ဘာ ၂၇ ရက်ကကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့်သေဆုံးသူဦးရေမှာ ၁၈ ဦးထိမြင့်တက်လာခဲ့ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် စက်တင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လင်းလီကျောက်မီးသွေးမိုင်းတွင်းကုမ္ပဏီပိုင် ကျောက်မီးသွေးတွင်းပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် မိုင်းတွင်းအလုပ်သမား ၂၀ ခန့်မှာ မိုင်းတွင်းထဲတွင် အလုပ်လုပ်နေချိန်ဖြစ်ကြောင်း၊ လက်ဖြစ်တဲအတွင်းမှ မိုင်းတွင်းအလုပ်သမားတစ်ဦးအား ကယ်ဆယ်ခဲ့ပြီးနောက် ၎င်းမှာသေဆုံးခဲ့ကာ အခြားသေဆုံးသူ ၁၇ ဦး၏ ရုပ်အလောင်းများကို ဖော်ထုတ်နိုင်ခဲ့သော်လည်းနှစ်ဦးမှာ ဆက်လက်ပျောက်ဆုံးလျက်ရှိကြောင်းသိရ သည်။

ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာမှတာဝန်ရှိသူများက လာရောက်စစ်ဆေးကာလိုအပ်သည်များ ညွှန်ကြားခဲ့ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# အသံချဲ့စက်မိုက်ကြိုးများ ဆွဲဖြုတ်သူ နိုင်ငံခြားသားအား ရုံးထုတ်စစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် သုစရိတဓမ္မာရုံ၌ စက်တင်ဘာ ၂၃ ရက် ညက ဝတ်ရွတ်နေစဉ် အသံချဲ့စက်မိုက်ကြိုးများ ဆွဲဖြုတ်ခဲ့သဖြင့် တရားစွဲခံထားရသည့် နယ်သာလန်နိုင်ငံသားကို စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် မဟာအောင်မြေတရားရုံးတွင် ရုံးထုတ်စစ်ဆေးခဲ့သည်။ **(ယာပုံ)**

၎င်းနိုင်ငံခြားသားသည် ရာဇသတ်ကြီး ပုဒ်မ ၂၉၅ အရလည်းကောင်း၊ မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိက မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ (၄) ၂/၁၃(၁)တို့အရ လည်းကောင်း တရားစွဲဆိုခံထားရခြင်းဖြစ်သည်။

"ဗီဇာနဲ့ လာရောက်လည်ပတ်ရာမှာ အိမ်ရှင် မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေနဲ့ ဘာသာသာသနာ ဓလေ့ထုံးတမ်းစဉ်လာတွေကို လိုက်နာရမယ်ဆိုတာ ဗီဇာလျှောက်ထားစဉ်ကတည်းက လက်မှတ်ရေးထိုးရပါတယ်။ အခုဖြစ်စဉ်က ဗီဇာစည်းကမ်းနဲ့မညီလို့ ဥပဒေကြောင်းအရ တရားစွဲဆိုတာပါ" ဟု တရားလိုဖြစ်သူ လဝက ဦးစီးမှူးက တရားရုံး၌ ထွက်ဆိုခဲ့သည်။

နယ်သာလန်နိုင်ငံသားမှာ Mr. KLAAS HAYTEMA (၃၀ နှစ်) ဖြစ်ကာ မန္တလေးမြို့ FOUR RIVERS ၌ တည်းခိုပြီး ၎င်းအနေဖြင့် ရည်ရွယ်၍ လုပ်ဆောင်ခြင်းမဟုတ်ဘဲ ဘာသာရေး အဆောက်အအုံမှန်း မသိရှိပါကြောင်း တရားရုံး၌ ထွက်ဆိုခဲ့သည်။



ယနေ့ရုံးချိန်းတွင် လဝကဦးစီးမှူးနှင့် နယ်သာလန်နိုင်ငံသားတို့ကို မေးမြန်းစစ်ဆေးခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင် အခြားသက်သေများအားလုံးကို စစ်ဆေးရန် ထပ်မံချိန်းဆိုလိုက်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဘုရားမှပြန်လာသူများကို အုပ်စုဖွဲ့၍ ဓားဖြင့်ခုတ်ပြီး ဆိုင်ကယ်ဖျက်ဆီးသူများအား အရေးယူ

**ဘားအံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့၏ အထင်ကရနေရာဖြစ်သော ကော့ကသောင်ဂူမှ ဘုရားဖူး ပြန်လာသည့်ဆိုင်ကယ်များကို အရက်မူးနေသည့် ခုနစ်ဦး ပါဝင်သော လူငယ်အဖွဲ့က မုခ်ဝအထွက်မှ တားဆီးကာ ဓားဖြင့် လိုက်ခုတ်ပြီး ထွက်ပြေးသူများ၏ ဆိုင်ကယ်များအား ဖျက်ဆီးသည့်သူများကို စက်တင်ဘာ ၂၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့ကို စက်တင်ဘာ ၂၆ ရက်က လုံခြုံရေးအဖွဲ့နှင့် ပတ်ဝန်းကျင်က ဝိုင်းဝန်းဖမ်းဆီးရာ ဘားအံမြို့နယ် နောင်ထလုံးကျေးရွာ၌ နေထိုင်သည့် မြင့်ဦး(၂၂ နှစ်)ကို ဖမ်းဆီးရမိခဲ့သည်။ ဆက်လက်စစ်ဆေး ပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများမှာ ဘားအံမြို့နယ်အတွင်း နေထိုင်ကြသည့် လှိုင်ဝါးကျေးရွာနေ အဂျိုင်း(၂၃ နှစ်)၊ ကော့ဝါးဆူးကျေးရွာနေ အောင်ဇော်ဦး (၁၈ နှစ်)၊ ဖာလင်ကျေးရွာနေ နေမင်းထွန်း (ခ) ချာပေါင် (၁၈ နှစ်)၊ လှိုင်ကားကျေးရွာနေ အောင်မြင့်ဦး(ခ)အခိန် (၁၆ နှစ်)၊ ကော့ပရံကျေးရွာနေ ကျော်အဲခလိန်း (၁၈ နှစ်)နှင့် ကော့ဒိုင်းကျေးရွာနေ ဇော်ဝမ်း(ခ)မီးသီး (၁၉ နှစ်) တို့ **(ဝဲပုံ)** ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဖမ်းဆီးရမိရေး စုံစမ်းရာမှ စက်တင်ဘာ ၂၇ ရက် နံနက် ၁ နာရီက လှိုင်ဝါးကျေးရွာအတွင်းမှ ဖမ်းဆီးရမိခဲ့၍ အိန္ဒြနယ်မြေရဲစခန်းက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



၎င်းအဖွဲ့က ဓားဖြင့်ခုတ်၊ ဆိုင်ကယ်စီးဦးထုပ်တို့ဖြင့် ရိုက်ခဲ့သည့်အတွက် ဘားအံမြို့နယ် ကော့ဝုန်းကျေးရွာနေ အောင်ထွန်းမျိုး (၂၁ နှစ်)တွင် ဒဏ်ရာများရရှိခဲ့ပြီး အိန္ဒြနယ်မြေရဲစခန်းက အဆိုပါလူငယ်တစ်စုကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်း - နေမျိုးလွင်(ဘားအံ)**

**ဓာတ်ပုံ - ထွန်းထွန်းထွေး**


# အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်

**ညောင်လေးပင် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဖအောင်းရွာအနီး၌ စက်တင်ဘာ ၂၈ ရက် နံနက် ၅ နာရီခန့်က သကြားများ တင်ဆောင်လာသော ၂၂ ဘီးမော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ညောင်လေးပင်မြို့ ဖအောင်းကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၉၆/၇ နှင့် ၉၇/၀) အကြား ရန်ကုန်ဘက်မှ မန္တလေးသို့ ယာဉ်မောင်း ဇော်မင်းထွန်း (၄၀ နှစ်) မြရတနာလမ်း ဇီးကုန်းမြို့နေသူ မောင်းနှင်ပြီး အကူယာဉ်မောင်း ထွန်းနိုင် (၃၇ နှစ်) သစ်နဖားလမ်း ဇီးကုန်းမြို့နေသူ လိုက်ပါလာသော ၂၂ ဘီးယာဉ်သည် သကြားများတင်ဆောင် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက် ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# အိမ်အကူအဖြစ်ခိုင်းစေနေသည့် မိန်းကလေးအား ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပွား

**လွိုင်ကော် စက်တင်ဘာ ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့ မင်း/၂၅၉ အုပ်စု(၁၁) မင်းစုရပ်ကွက်နေအိမ်၌ စက်တင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက အိမ်အကူအဖြစ် ခိုင်းစေနေသည့် မိန်းကလေးတစ်ဦးကို ညှဉ်းပန်းနှိပ်စက်သည့် အခင်းတစ်ရပ် ဖြစ်ပွားခဲ့သည်။

မမီးမီးခင်နှင့် ညီမဖြစ်သူ မသက်သက်ထွန်းတို့နှစ်ဦးသည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က ဦးမောင်ပုံ- ဒေါ်ဇာဇာတို့ထံသို့ ဟင်းများ သွားရောက် ပို့ဆောင်စဉ် တစ်ဝိုင်းတည်းရှိ ကောင်လေး(ခ)မျိုးနိုင်ထွန်း၊ ဇနီးဖြစ်သူ မဖြူသွယ်(ခ)သူဇာအောင်နှင့် မိထက်တို့ သုံးဦး အတူနေထိုင်ကြောင်း၊ မိထက်က အိမ်ရှင်က ညတိုင်းနှိပ်စက်ပြီး ထမင်းလည်းမကျွေး၊ ရိုက်နှက်မှုလည်း ပြုလုပ်သောကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အိမ်ရှင်ဇနီးမောင်နှံက တစ်လလျှင် ငွေကျပ် သုံးသောင်းပေး၍ ခိုင်းစေခဲ့ကြောင်း၊ ယင်းနေအိမ်မှ ကယ်ထုတ်ပေးရန် မမီးမီးခင်တို့အား ပြောပြရာ မင်းစုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံသို့ သွားရောက်သတင်းပို့ခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ လွိုင်ကော်မြို့မရဲစခန်းက ကောင်လေး(ခ) မျိုးနိုင်ထွန်းနှင့် မဖြူသွယ်(ခ) မသူဇာအောင်တို့ကို အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ကိုစိုင်း(လွိုင်ကော်)**

# အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံး

**ရေတာရှည် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ တောင်ဘက်အထွက် နတ်ရေတွင်းကျေးရွာအနီး ရန်ကုန်- မန္တလေးရထားလမ်း၌ စက်တင်ဘာ ၂၇ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က အရက်မူးပြီး လမ်းလျှောက်လာသူ အမျိုးသားတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ မင်းကို(၃၀ နှစ်) ခင်တန်းလေး ကျေးရွာ ရေတာရှည်မြို့နယ်နေသူဖြစ်ကြောင်း၊ ၎င်းသည် အရက်မူး၍ ဖခင်ဖြစ်သူ၏ နေအိမ်မှ ရထားလမ်းအတိုင်း လမ်းလျှောက် ပြန်လာစဉ် မန္တလေး-ရန်ကုန် အမှတ်(၈)အစုန် အမြန်ရထားက တိုက်မိ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မြို့မရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။

**ကိုလွင်(ဆွာ)**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ညောင်ရွှေ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ သာစည်ရပ်ကွက်ရှိ သနပ်ခါးဥယျာဉ်စားသောက်ဆိုင်၌ စက်တင်ဘာ ၂၈ ရက် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာစည်ရပ်(၃)အကွက် သာစည်(၂)လမ်းရှိ သနပ်ခါးဥယျာဉ်စားသောက်ဆိုင်၌ တပ်ဆင်အသုံးပြုသည့် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် စားသောက်ဆိုင် မျက်နှာကြက် သစ်သားတန်းများ မီးလောင်ခဲ့ကြောင်း၊ မီးလောင်မှုကို ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့နယ်၊ အလက(ခွဲ)၊ သရက်တပင် ဆဋ္ဌမတန်းမှ မသက်ထား၏ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၇/ပခတ(နိုင်)၀၅၇၀၃၈ ဖြစ်ပါကြောင်း။ **ဦးမင်းအောင်**

## အမည်မှန်နှင့်ဖခင်အမည်မှန်

တာလေ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ(B)မှ မထရီနာလှ အမည်မှန်မှာ မထီးနာလဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးရှီလ ၁၃/တခလ(နိုင်) ၀၁၆၀၅၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မကျော့ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းမြင့် ၈/ပခက(နိုင်)၁၀၅၅၄၀ ဖြစ်ပါကြောင်း။ **ဦးဖုန်းမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ မင်းစု အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇေယျာမြင့်၊ ကန်သာယာ အလယ်တန်းကျောင်း (ခွဲ)အဋ္ဌမတန်းမှ မောင်ဝင်းကိုဇော်နှင့် တတိယတန်းမှ မသဲစုဖြိုးတို့၏ဖခင် ဦးချစ်ကိုလင်း (ခ) ဦးစန်းဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးချစ်ကိုလင်း(ခ)ဦးစန်းဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ ရွာသစ် အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းဇင်ဦး၊ သတ္တမတန်းမှ မောင်ကျော်ဇင်လင်းနှင့် ဆဋ္ဌမတန်းမှ မဇင်ဇာလွင်တို့၏ ဖခင် ဦးစိန်ဝင်း(ခ)ဦးကျော်ထွန်း ၉/တသန(နိုင်)၀၉၆၇၄၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိန်ဝင်း(ခ)ဦးကျော်ထွန်း**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းကျေးရွာအုပ်စု၊ နမ့်တောစံပြကျေးရွာ အထက နမ့်တော တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ်(၁၃၇) မခင်မာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် YEU-၀၉၆၄၇၃ ဖြစ်ပါကြောင်း။ **ဦးသန်းလွင်**

## မိဘအမည်မှန်

ရွှေတောင်မြို့နယ်၊ ကျီးသဲ (အထက) အဋ္ဌမတန်းမှ မငြိမ်းပြည့်ပြည့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဟန်မင်းဇော် ၇/ရတန(နိုင်) ၀၉၈၁၃၆ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ပိုပိုသင်း ၇/ရတန(နိုင်)၁၀၁၁၅၀ ဖြစ်ပါကြောင်း။ **ဦးဟန်မင်းဇော်-ဒေါ်ပိုပိုသင်း**

## မိခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဖရေရယ်၏ မိခင်အမည်မှန်မှာ ဒေါ်လီမြာ ၂/လကန(နိုင်)၀၃၈၄၉၃ ဖြစ်ပါကြောင်း။ **ဒေါ်လီမြာ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) နောင်ခဲ၊ အဋ္ဌမတန်းမှ မောင်ခွန်လှဖေ၏ဖခင်အမည်မှန်မှာ ဦးမောင်ပေါ် ၁၃/တကန(နိုင်)၀၉၃၂၉၈ ဖြစ်ပါကြောင်း။ **ဦးမောင်ပေါ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ (စီ)အုပ်စု၊ ၁၂ လမ်း၊ အမှတ် ၁၂၅၊ ဒေါက်တာဒေါ်တင့်တင့်ကြည်အမည်ပေါက်(၆၅×၆၅)ပေ ပါမစ်မြေကွက်အား အိမ်ဝိုင်းမြေကွက်များ သတ်မှတ်ချထားပေးခြင်း အကြောင်းကြားစာ၊ ငွေရပြေစာ၊ ဆက်စပ်စာချုပ်များအရ ဦးစိုးမိုးဇော် ၈/မကန(နိုင်) ၁၁၂၈၄၉ က ပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိက ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်လင်းဦး LL.B တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၂၄၊ ၇ လမ်း၊ အောင်မေတ္တာရပ်ကွက် (ခ)အုပ်စု၊ မကွေးမြို့**
**ဖုန်း-၀၉-၄၃၀၇၁၇၃၇၊ ၀၉-၉၇၁၄၄၇၆၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူ၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ ၀ဒသမ ၃၆၇ဧကရှိ ဦးငွေ၊ ဒေါ်တင့်ရီ၊ ဒေါ်တင့်တင့်ကြည် အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား ဒေါ်တင့်တင့်ကြည်၊ ဒေါ်တင့်ရီ ၉/တကန(နိုင်)၀၁၁၆၁၂၊ ၉/တကန(နိုင်)၀၀၃၇၉၇ (ဘ) ဦးငွေမှ ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးထားရှိသော ဦးငွေ (ပါ-၃)ဦး အမည်ပေါက် နှစ်(၃၀) အငှားဂရန်မူရင်း၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဦးငွေသေဆုံးကြောင်း ထောက်ခံချက်မူရင်း၊ဒေါ်တင့်တင့်ကြည်၊ ဒေါ်တင့်ရီမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်မူရင်း ဒေါ်တင့်ရီမှ ဒေါ်တင့်တင့်ကြည်သို့ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၁/၂၀၁၃ မူရင်းများတင်ပြ၍ မှတ်ပုံတင်အမွေဆက်ခံစာချုပ်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အောင်ဆိပ်ကျေးရွာနေ ဦးမောင်ပုချေ၏သမီး မခိုင်ကြည်ဝင်း ၁၁/ရသတ(နိုင်)၀၇၉၃၈၅ အား မခင်ကြည်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ကြည်ဝင်း**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အောင်ဆိပ်ကျေးရွာနေ ဦးချစ်ထွန်းစံ၏သား မောင်စံထွီး ၁၁/ရသတ(နိုင်) ၀၀၇၁၇၈ အား ဦးမောင်ပုချေဟု ပြောင်းလဲခေါ်ပါရန်။ **ဦးမောင်ပုချေ**

## ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက၊ လွိုင်လင်လေး၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးစန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးကိုဇော် ၁၃/မမန(နိုင်)၀၂၂၆၀၀ ဖြစ်ပါကြောင်း။ **ဦးကိုဇော်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) နောင်ခဲ၊ တက္ကသိုလ်ဝင်တန်းမှ ခွန်နေလင်း၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၁၃/တကန(နိုင်)၀၄၂၆၉၅ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၂၃၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ဦး ၇/တငန(နိုင်)၁၁၀၄၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၁)၊ အိမ်မှတ်(၈)၊ ဦးအပေါင်း-ဒေါ်အဲလွန်တို့၏သား စိုင်းကျော်ကျော်ဝင်းသည် မိဘမောင်နှမတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိဘတို့၏ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် စိုင်းကျော်ကျော်ဝင်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးအပေါင်း CA-၀၃၈၅၉၃၊ မိခင်-ဒေါ်အဲလွန် ၁၃/လရန(နိုင်)၀၁၈၉၇၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8197 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မယ်ချဉ်ပေါင်အုတ်ရေလွှဲဆည်ပေါင် ရေနောက်မျောပါ

**တောင်တွင်းကြီး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီး ဆည်ရေသောက် တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာ မယ်ချဉ်ပေါင်အုတ်ရေလွှဲဆည် မြေသားဆည်ပေါင် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အနက်ပေ ၂၀ ခန့်သည် စက်တင်ဘာ ၂၂ ရက်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ရေစီး နောက် မျောပါပျက်စီးသွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆည်ပေါင် ရေစီးနောက်မျောပါသွားသဖြင့် ဒေသခံ တောင်သူများ စုပေါင်းကာ စက်တင်ဘာ ၂၈ ရက်က စတင်၍ သဲအိတ်ချခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေအနေနဲ့ မယ်ချဉ်ပေါင်ဆည်ကြီး ကောင်းမွန်မှသာ တောင်သူတွေ စိုက်ပျိုးထားတဲ့ မိုးစပါးဧက ၅၀၀ ခန့် အောင်မြင်ဖြစ်ထွန်းမှာဖြစ်ပါတယ်။ ဒါကြောင့် ဆည်ကြီး အမြန်ဆုံးကောင်းမွန်ရေး သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ဆည်ကော်မတီဝင် ဦးသိန်းစိုးက ပြောကြားသည်။

**နိုင်ဝင်း**

# စက်တင်ဘာ ၂၈ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၅၀၀ |
| ၂။ | ညှော့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၁၉၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၁၉၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နှွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၈၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၃၀၀၀၀ |
| ၈။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပခုက္ကူ၊ မုံရွာ၊ ပျော်ဘွယ်၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၅ မှ ၇၂၅ |
| ၉။ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ မှ ၄၂၅၀ |
| ၁၀။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၈၅၀ |
| ၁၁။ | ငရုတ်ရှည် | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀၀ |
| ၁၂။ | ငရုတ်(မိုးထောင်) | သဲတော၊ ပျော်ဘွယ်၊ ကျောက်ဆည် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၈၀၀ |
| ၁၃။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၀ မှ ၆၅၀ |
| ၁၄။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၅၀၀ |
| ၁၅။ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ |
| ၁၆။ | နဂါးမောက်သီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၅၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။ | | | | | |

# ချန်ပီယံလိဂ်အုပ်စုပွဲစဉ် လက်စတာတို့ နိုင်ပွဲဆက်နိုင်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်း အဆင့် အုပ်စုပွဲစဉ်(၂) ပွဲများ ကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (G) မှ လက်စတာနှင့် ပေါ်တို တို့ပွဲတွင် **(ယာပုံ)** လက်စတာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် လက်စတာအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် လည်းကောင်း၊ ပေါ်တိုအသင်းမှာ ၄-၃-၃ ပုံစံတို့ဖြင့် ပွဲထွက်ခဲ့သည်။ အိမ်ရှင် လက်စတာ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် မာရက်ဇ်၏ ဖြတ်တင်ဘောမှတစ်ဆင့် တိုက်စစ်မှူး ဆလီမန်နီက ခေါင်းတိုက်သွင်းယူခဲ့သည်။ အုပ်စု (G) မှ ပွဲစဉ်တစ်ပွဲဖြစ်သော ကိုဘင်ဟောဂင်နှင့် ကလပ်ဘရုပ္ပဲတွင် ကိုဘင်ဟောဂင်က လေးဂိုး - ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

အခြားပွဲစဉ်များအဖြစ် အုပ်စု(E) မှ မိုနာကိုနှင့် လေဗာကူဆင်တို့ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့ပြီး စပါးက တစ်ဂိုး-ဂိုးမရှိဖြင့် CSKA မော်စကိုကို အနိုင်ရခဲ့သည်။ အုပ်စု (F) တွင် ဒေါ့မွန်နှင့် ရီးရဲ မက်ဒရစ်တို့ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ပြီး စပို့တင်းက လီဂီယာဝါဆောကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(H) တွင် ဆီဗီလာက လိုင်ယွန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဂျူဗင်တပ်စ်က အဝေးကွင်းတွင် ဒိုင်နမိုဇာဂရက်ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**



# နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၂၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁၇) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်ထိန်လင်း၏ ဦးဆောင်မှုဖြင့် ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး အောင်စည်သူအေး ဦးစီးသော တပ်ဖွဲ့ဝင် ၅၂ ဦးတို့သည် စက်တင်ဘာ ၂၈ ရက်က နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၉-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၂ ပါ "ရန်ကုန်မြို့၏ အမိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မည့်စက်ရုံ ၇၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး------ " သတင်း၏ ဒုတိယပိုဒ်၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက် **(အစား)** ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မြန်မာ့အလင်း)**

# သွေးအန်၍ အရေးပေါ်သွေးလိုနေသူ တစ်ဦးအား ရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

**ရမည်းသင်း စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံ၌ မီးရထားဝင်းအတွင်းနေ ဦးစိုးဝင်းသည် သွေးအန်၍ ဆေးကုသလျက်ရှိရာ အရေးပေါ်သွေးထပ်မံလိုအပ်နေသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်စိုး ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မစခန်းမှူးတို့ ပူးပေါင်းကာ စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကုသရေးဦးစီးဌာန
## ပြည်နယ်ကုသရေးဦးစီးဌာန-မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်ရှိ ဖော်ပြပါဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**လုပ်ငန်းများ**

(၁) ရေးမြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း။
(၂) ကျိုက်မရောမြို့နယ် တရနာတိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ခြင်းလုပ်ငန်း။
(၃) မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် OPD နှင့် CT ပါ နှစ်ထပ်တိုးချဲ့ဆောင် ပေ(၁၅၀×၅၆) ဆောက်လုပ်ခြင်းနှင့် ရေမီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း။
(၄) ဘီးလင်းမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် နှစ်ထပ်တိုးချဲ့ဆောင် ပေ(၁၅၀×၅၆) ဆောက်လုပ်ခြင်းနှင့် ရေမီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း။

၂။ **လျှောက်လွှာများရောင်းချမည့်ရက်** - ၂၉-၉-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီ
၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ကုသရေးဦးစီးဌာန**
**မွန်ပြည်နယ်-မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၈၃၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၃၅)၊ ဦးပိုင်အမှတ်(၁၄၁)။ မြေဧရိယာ ၀ဒသမ၀၉၀ ဧကကို ဦးထွန်းရ ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ဒေါ်လီလီအားရောင်းချခဲ့ရာ ဇန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၄-၆-၂၀၁၆ ရက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဦးထွန်းရအမည်မှ ဒေါ်လီလီ ၁/ဗမန(နိုင်)၀၀၁၀၄၄ အမည်သို့ အမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အမည်ပြောင်းမြေငှားဂရန်အသစ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၉၆၂၀ Toyota Hilux LN106,P/U(4x4), Double Cab ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်မွန်းခွက် ၁၃/လရန(နိုင်)၀၀၃၅၉၈ကေ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၆၆၈၀၅ Luojia 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူဇော် ၉/ခအဇ(နိုင်) ၀၃၅၉၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## သေတမ်းစာအတည်ပြုလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
## အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၉

ကွယ်လွန်သူ ဒေါ်ထရီဇာအန်ထော်နီ ၁၃/တကန(နိုင်)၀၆၈၆၂၉၏ ကျန်ရစ်သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု

၁။ ဒေါ်ကော်နီလီယာ ၁၃/တကန(နိုင်)၁၃၀၇၄၅
၂။ ဒေါ်အဲန်ဂျလင်း ၁၃/တကန(နိုင်)၀၆၈၆၃၁ **လျှောက်ထားသူများ**
၃။ ဒေါ်လူစီ ၁၃/တကန(နိုင်)၀၆၈၆၃၂

ကွယ်လွန်သူ ဒေါ်ထရီဇာအန်ထော်နီသည် သေတမ်းစာရေးသား၍ ကွယ်လွန်သူ ဒေါ်ထရီဇာအန်ထော်နီက မှတ်ပုံတင်ကျမ်းကျိန်လွှာ (၂၉/၂၀၀၀)အရ ပိုင်ဆိုင်ခွင့်ရရှိထားသော တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကွင်းအမှတ် (၃၉)၊ ကွင်းအမည် သစ်တောရပ်၊ ဦးပိုင်အမှတ် (၆၀-က)၊ ဧရိယာ ၀ဒသမ၀၈၈ဧကရှိ မြေကွက်နှင့် သစ်တောရပ်ကွက်၊ ဇောတိကလမ်း၊ အိမ်အမှတ် (၂၇၂)ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးနှင့်တကွ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ကွင်းအမှတ် ၈၇၊ ကွင်းအမည် မုံတဝရွာမြောက်၊ ဦးပိုင်အမှတ် ၁၁၃၊ ဧရိယာ ၀ဒသမ၀၅၉ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို လျှောက်ထားသူများအား သေတမ်းစာဖြင့် ပေးကမ်းခဲ့သည်ဖြစ်၍ သေတမ်းစာအတည်ပြုလက်မှတ် ထုတ်ပေးစေလိုကြောင်း အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ-၃၇၇အရ ဒေါ်ကော်နီလီယာ၊ ဒေါ်အဲန်ဂျလင်း၊ ဒေါ်လူစီတို့က လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်) နံနက် ၁၀း၀၀နာရီတွင် ကြားနာရန် ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဒေါ်ထရီဇာအန်ထော်နီ၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆိုအမှုတွင် လာဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောရက်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျလွှဲအပ်ပေးထားသော ကိုယ်စားလှယ်တစ်ဦးဦးသော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃ နှင့်အညီ ဆင့်ဆိုလိုက်ပါသည်။ ယင်းသို့လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူများ၏ လျှောက်လွှာအား ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်ကြောင်း စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်သောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**

## လုပ်သားများကောလိပ်၊ ဓာတုဗေဒမိသားစုအစည်းအဝေးဖိတ်ကြားခြင်း

လုပ်သားများကောလိပ်၊ ဓာတုဗေဒမိသားစု ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပရန် ဆွေးနွေးညှိနှိုင်းလိုပါ၍ ၂-၁၀-၂၀၁၆ ရက်(တနင်္ဂနွေနေ့)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ယစ်မျိုးမွေ့ရုံတွင် နံနက် ၁၀ နာရီအရောက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

**ဆရာကြီး ဦးရန်အောင်** - ဖုန်း-၀၉-၅၁၁၃၉၃၈
**ဦးဘိုတင်ဝ** - ဖုန်း-၀၉-၃၁၁၃၂၂၄၈
**ဒေါ်လှဲ့လှဲ့သိန်း** - ဖုန်း-၀၉-၂၅၄၃၁၀၄၁၇
**ဦးအောင်မြင့်ဦး** - ဖုန်း-၀၉-၇၉၉၇၇၀၃၉၀
**ဦးမောင်မောင်အေး** - ဖုန်း-၀၉-၇၉၉၅၀၇၈၁၈
**ဒေါ်ခင်မေသက်** - ဖုန်း-၀၉-၂၅၂၉၃၉၉၄၃
**ဒေါ်မြင့်မြင့်ကြည်** - ဖုန်း-၀၉-၂၅၀၅၅၇၉၁၅

## ကြေညာချက်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ ခေတ်မီဓာတ်ခွဲခန်းဆောက်လုပ်ရန်နှင့် ရန်ကုန်မြို့တွင် ခေတ်မီဓာတ်ခွဲခန်းနှင့် ရုံးအဆောက်အအုံဆောက်လုပ်ရန် ၅-၈-၂၀၁၆ရက် နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းကြော်ငြာခေါ်ယူခဲ့သည့် အိတ်ဖွင့်တင်ဒါများအား ၂၉-၉-၂၀၁၆ရက် ၀၉း၀၀နာရီတွင် ဖွင့်ဖောက်စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော် ဦးမောင်မောင်လေး(ဘ)ဦးလှအောင် ၉/အမရ(နိုင်)၀၅၃၅၂၂၊ ကျွန်တော် ဦးစိုးဝင်း (ဘ)ဦးလှအောင် ၉/အမရ(နိုင်)၀၅၃၁၂၇မှ ဦးဝင်းနိုင်ထွန်း (ဘ)ဦးမောင်စီ ၁၂/မဂဒ(နိုင်)၁၆၀၉၁၁အား ၂၇-၈-၂၀၁၅ရက်စွဲဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့ ၂၆-၉-၂၀၁၆ရက်မှစ၍ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမောင်မောင်လေး ၉/အမရ(နိုင်) ၀၅၃၅၂၂**
**ဦးစိုးဝင်း ၉/အမရ(နိုင်) ၀၅၃၁၂၇**

# ဆင်သေချောင်းရေတိုက်စား၍ ကမ်းပြိုကျမှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့



**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်တွင်းရှိ ကုလားကျေးရွာနှင့် သာယာကုန်းကျေးရွာတို့တွင် ဆင်သေချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျမှုများဖြစ်ပွားခဲ့ပြီး နေအိမ်ပြောင်းရွှေ့ခဲ့ကြရသည့် အိမ်ထောင်စု ၂၈ စုအား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းဦးဆောင်၍ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများမှ အဝတ်အထည် စားသောက်ကုန်နှင့် ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၅ ရက်က ပေးအပ်ခဲ့သည်။

ရေဘေးသင့်ကျေးရွာသူ ကျေးရွာသားများအား နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံက ချောင်းတစ်လျှောက်ကမ်းပါးရေတိုက်စားမှု ဒဏ်ခံနိုင်သော သဘာဝအပင်များ စိုက်ပျိုးထားရန်၊ ရေတိုရေရှည်ကာကွယ် နည်းများကို စဉ်းစား၍ နိုင်ငံတော်ဘက်မှ ရှေ့ဆက်လက်လုပ်ဆောင်ပေးမည့် ကိစ္စများနှင့် ကျေးရွာနေပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရည်မွန်က မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်၍ ကမ်းပါးပြိုကျမှုမှ ထိန်းသိမ်းနိုင်မည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ ပြည်သူများဘက်မှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပြီး လက်ရှိတွင် ရွှေ့ပြောင်းပေးလိုက်ရသည့် နေအိမ်များအနေဖြင့် မိမိတို့ပိုင် အခြားသောမြေနေရာများတွင် အိမ်ဆောက်လုပ်၍ နေနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကမ်းပြိုမှုကြောင့် ရွှေ့ပြောင်းပေးလိုက်ရသော အိမ်ထောင်စု ၂၈ စုတို့မှ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၊ ဆန်ငါးပြည်၊ ဆီ၊ အဝတ် အထည်နှင့် ခေါက်ဆွဲခြောက်ထုပ်များကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ၂၀၀၇ ရွှေဝါရောင်သံဃလှုပ်ရှားမှု (၉)နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက် ၃၁×၈၄ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ စက်တင်ဘာ ၂၆ ရက်က ၂၀၀၇ ရွှေဝါရောင်သံဃလှုပ်ရှားမှု (၉) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်ဟောင်း ဂန္ထနယူပဒေသာကျောင်း ဆရာတော် ဦးပညာသာမိဘိဝံသက ငါးပါးသီလနှင့် ဩဝါဒကထာမိန့်ကြားခဲ့သည်။ မဟာအောင်မြေမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် ဉူးကဝိန္ဒာဘိဝံသက ဩဝါဒကထာမိန့်ကြားကာ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ပါဠိနယူပဒေသာကျောင်းဆရာတော် ဉူးဝိစိတ္တာဘိဝံသက ရေစက်ချ တရားဟောကြားချီးမြှင့်ခဲ့သည်။

ထို့နောက် ၂၀၀၇ ခုနှစ် ရွှေဝါရောင်သံဃလှုပ်ရှားမှုအတွင်း ကျဆုံးသွားကြသော ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသား၊ ပြည်သူများကိုရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သည်။ ထို့နောက် ၂၀၀၇ ရွှေဝါရောင်သံဃလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ရုပ်သံမှတ်တမ်းများကို ပြသခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တီဘီရောဂါအကြောင်း နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်းဖွင့်

**ဒလ စက်တင်ဘာ ၂၈**

တီဘီရောဂါအကြောင်း ကျန်းမာရေးပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသင်တန်းကို စက်တင်ဘာ ၂၆ ရက်မှစ၍ ဒလမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာနွဲ့နွဲ့မြင့် (လက်ထောက်ညွှန်ကြားရေးမှူး)၊ ဒေါက်တာကျော်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်အဖွဲ့က သင်ကြားပို့ချပေးခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ တီဘီဌာန၊ ပျော်ဘွယ်ကြီးနှင့် ရခိုင်ချောင်တိုက်နယ်ဆေးရုံ၊ မိခင်နှင့်ကလေး၊ ဒေသန္တရ၊ ညောင်ကုန်းကျေးလက်၊ ခနတ်ကျေးလက် ကျန်းမာရေးဌာနတို့မှ ကျန်းမာရေးမှူးများ၊ ဘက်စုံသားဖွား ဆရာမများနှင့် ဝန်ထမ်းများ တက် ရောက်သင်ယူခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေး(ဒလ)**




**ဟဲဟိုးလေဆိပ်တွင် စက်တင်ဘာ ၂၅ ရက်က မေ့ကျန်ခဲ့သောပစ္စည်းကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၆၀ ကျော်ခန့်အား တာချီလိတ်လေကြောင်း ရဲတပ်ဖွဲ့စုနှင့် မြန်မာ့လေကြောင်းတာဝန်ခံတို့မှ ပိုင်ရှင်ဖြစ်သူ ဦးညီညီအောင်ထံသို့ ယင်းနေ့ ညနေပိုင်းက ပြန်လည်ပေးအပ်ခဲ့စဉ်။**
မောင်ယဉ်ကျေး

# မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော



**ကလေး စက်တင်ဘာ ၂၈**

ကလေးမြို့ စမ်းမြို့ရပ်ကွက် နယ်မြေ(၃)တွင် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA တို့ပူးပေါင်းကာမှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာ များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက်က အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းက မှုခင်းလျော့နည်းကျဆင်းရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများနှင့် ဥပဒေများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းက မှုခင်းဖြစ်ပွားရခြင်း အကြောင်းအရာများနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက်ဆက်လက်၍ မူးယစ်တပ်ဖွဲ့စု (၅)(ကလေး)မှ ဒုတိယရဲမှူး လှထွေးက မူးယစ်ဆေးဝါး အန္တရာယ်များနှင့် ဆိုးကျိုးများအကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ငြိမ်းစိုးက ယာဉ်စည်းကမ်းလမ်းစည်းကမ်းများနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များ အကြောင်း၊ ရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းစသည်တို့ကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မှုခင်းသတင်းတိုများ

**ကော့သောင်း**

ကော့သောင်းမြို့နယ် ဘာလိအော်ကျေးရွာအရှေ့ဘက် ချောင်းဘေး၌ စက်တင်ဘာ ၂၄ ရက်က ရပ်ထားသည့် မသက်သစ်သားလှေနှင့်အတူ အိုငယ်နှင့် ထိန်လင်းတို့နှစ်ဦးအား ရာအိမ်မှူးနှင့်အဖွဲ့က တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းတို့ဝှက်သိမ်းထားသည့်နေရာမှ ဆာလာအိတ်ဖြင့်ထည့်လျက် ဘိန်းစာမှုန့် ၂၇ ဒသမ ၄၆၅ ကီလိုဂရမ်ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းနှင့်နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် ၁၀ မိုင်ကျေးရွာ အနီး(၁၁)မိုင် တိုးဂိတ်ရှေ့ ဘုတ်ပြင်း- ကော့သောင်းလမ်းမပေါ်တွင် စိုးဝင်းမောင်းနှင် လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဒို့ညီနောင်ခရီးသည်တင်မှန်လုံယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ပြား ၇၇၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**ဒလ**

ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်တွင် စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက အောင်ကိုမင်း (၁၉ နှစ်) ရှင်စောပုလမ်း ကျန်စစ်သားရပ်ကွက်နေသူ မောင်းနှင်သော ဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသူ ဒေါ်ဖြူက ထီးကို ဖွင့်ဆောင်းလိုက်ရာ ဆိုင်ကယ်ပေါ်မှပြုတ်ကျခဲ့ပြီး ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနတွင် ဆေးကုသမှုခံယူနေခဲ့စဉ် သေဆုံးသွားခဲ့သဖြင့် အောင်ကိုမင်း (၁၉ နှစ်)အား မြို့မ ရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဋ္ဌေး(ဒလ)**

**မကွေး**

မကွေးမြို့ပြည်တော်သာလမ်းရန်အောင်ရပ်ကွက်၌ မသူသူမျိုး(၂၄ နှစ်)အောင်ချမ်းသာရပ်ကွက်မကွေးမြို့နေသူသည် စက်တင်ဘာ ၂၃ ရက် ည ၈ နာရီက ညီမဖြစ်သူ မငြိမ်း သူဇာထွန်းနှင့်အတူ ဆိုင်ကယ်ဖြင့် မကွေးမြို့ပြည်တော်သာ လမ်းအတိုင်းအရှေ့မှအနောက်သို့ မောင်းနှင်လာစဉ် အမက(၁၂)ကျောင်း ရှေ့အရောက်နောက်မှ ရှေ့မီးမပါနံပါတ်ပြားမပါ လူငယ်နှစ်ဦးမောင်းနှင် လာသော ဆိုင်ကယ်မှကပ်လိုက်လာ၍ဆိုင်ကယ်အား အရှိန်လျှော့ မောင်းနှင်စဉ် အဆိုပါဆိုင်ကယ်နောက်တွင် လိုက်ပါလာသောလူငယ်(လူမြင်လျှင်မမှတ်မိ)မှ မသူသူမျိုး လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးအလေးချိန်တစ်ကျပ်ငါးမူးသားအား ဆွဲယူထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

**ဝန်းသို**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် နန်းခမ်းရဲကင်းစခန်းအပိုင်းတွင် စက်တင်ဘာ ၂၄ ရက်က နန်းခမ်းရဲကင်းစခန်း၏ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဘုံချောင်း ကျေးရွာတွင် တစ်ရွာတည်းနေ ဒေါ်ခင်လေးက ၎င်း၏ ငှက်ပျောခင်းထဲသို့ ကျွဲပေါက် တစ်ကောင်ဝင် ရောက်ခဲ့သဖြင့် ဓားဖြင့် ပစ်ပေါက်ခဲ့ရာ ကျွဲမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ကျွဲပိုင်ရှင် ဦးမြင့်ဝင်း(ခ)မာအောက် ဘုံချောင်းရွာ ဝန်းသိုမြို့နယ်နေသူက အရေးယူပေးရန် စက်တင်ဘာ ၂၆ ရက်တွင် ရဲစခန်းသို့ လာရောက်တိုင်တန်း ခဲ့သဖြင့် ဒေါ်ခင်လေးအား မြို့မရဲစခန်းမှ အမှုအားစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**မုံရွာ**

မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၌ စက်တင်ဘာ ၂၃ ရက် ညက မြဝတီရပ်ကွက်တွင်နေထိုင်သူ အသက် ၂၃ နှစ်ရှိ သံဂဟေလုပ်သား ဝဲကျော်(ခ)မျိုးသက်ဝင်းသည် သံခွံဆိပ်တွင် သံဂဆော်ရန် မီးစက်နှိုးစဉ် ရုတ်တရက်လဲကျ သွား၍ မုံရွာဆေးရုံကြီးသို့တင်ပို့စဉ် သေဆုံးသွားသဖြင့် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



**(၅၂)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ ဒုတိယ ရဲမှူးကြီး အုပ်စိုးထွန်း ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာလ တတိယပတ်က ရန်ကုန်မြို့ အင်းစိန်အထွေထွေရောဂါကုဆေးရုံအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။**
ထင်ပေါ်ဝင်း

# ပိုလန်မှ ပေးစာများ - ၂

## အောင်အောင် (IR)

စာရေးသူတို့ စီးနင်းလာတဲ့ ကာတာလေကြောင်း (QR 263) ဟာ ပိုလန်နိုင်ငံ ဝါဆောမြို့တော် ရှော့ပင်နိုင်ငံတကာလေဆိပ် (Chopin International Airport) ကို စက်တင်ဘာ ၁၁ ရက် ပိုလန်စံတော်ချိန် နံနက် ၆ နာရီ မိနစ် ၄၀ သာသာမှာ ဆိုက်ရောက်ပါတယ်။ ရှော့ပင်လေဆိပ်မှာ စာရေးသူတို့အဖွဲ့ လူဝင်မှုစစ်ဆေးရေးဝင်ရပါတယ်။ ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဖိတ်ခေါ်စာပါတာကြောင့် အထွေအထူးသိပ်မေးမနေဘဲ အားလုံးရှောရှောရှုရှုနဲ့ အဆင်ပြေသွားကြပါတယ်။

လေဆိပ်မှာပိုလန်တာဝန်ရှိသူတွေ စီစဉ်ပေးတဲ့ မာတလို့ခေါ်တဲ့ ဧည့်လမ်းညွှန် ပိုလန် အမျိုးသမီးတစ်ယောက်ကလာကြိုပါတယ်။ လေဆိပ်ကနေ မြို့ဟောင်း (Old City) နားက တည်းခိုမယ့်ဟိုတယ် (ibis Hotel)ကိုတက္ကစီနဲ့သွား၊ အဲဒီမှာ နာရီအနည်းငယ်နားပြီး မွန်းတည့် ၁၂ နာရီမှာ ဧည့်လမ်းညွှန်နဲ့ စာရေးသူတို့လေးယောက်သား ဝါဆောမြို့တော် လေ့လာရေးခရီးစဉ်ကို စတင်ခဲ့ပါတော့တယ်။

**သန့်ရှင်း၊ စိမ်းလန်း**

တနင်္ဂနွေနေ့ဖြစ်တာကြောင့် ဝါဆောမြို့လမ်းတွေပေါ်မှာယာဉ်၊ ကားသိသိသာ ရှင်းနေပြီး ကမ္ဘာလှည့်ခရီးသည်တွေ၊ အပန်းဖြေသူတွေနဲ့ စည်ကားနေပါတယ်။ ဝါဆောမြို့ဟာ စာရေးသူ မှန်းဆထားခဲ့တာထက် ပိုမိုသန့်ရှင်း၊ စိမ်းလန်းပြီး နေရာအနှံ့မှာ ခံ့ညားထည်ဝါတဲ့ အဆောက်အအုံကြီးတွေ၊ ရင်ပြင်ကျယ်ကြီးတွေ၊



ပြတိုက်ကြီးတွေ၊ ဘုရားရှိခိုးကျောင်းကြီးတွေတွေ့ရပါတယ်။

**ဘာသာရေးအပေါ် စိတ်ဝင်စားမှု**

တနင်္ဂနွေနေ့ဖြစ်တာမို့ ဝါဆောမြို့ကက်သိုလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွေမှာ ဝတ်ပြုသူတွေနဲ့ စည်စည်ကားကားရှိနေပြီး ပိုလန်လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းလောက်ဟာ ဘုရားရှိခိုးကျောင်းတွေမှာ ပုံမှန်ဝတ်ပြုသူတွေဖြစ်ကြတယ်လို့ သိရပါတယ်။ ဘုရားရှိခိုးကျောင်းတစ်ခုဆိုရင် ဝတ်ပြုသူတွေ ဘုရားကျောင်းအပြင်ဘက်အထိ ပြည့်လျှံနေတာတွေ့ခဲ့ရပါတယ်။ ဥရောပတိုက်နိုင်ငံ အတော်များများဟာ ခရစ်ယာန်ဘာသာဝင်အများစုဖြစ်ပေမယ့် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဘာသာရေးအပေါ် စိတ်ဝင်စားမှုလျော့ကျလာပြီး ဒိန်းမတ်တို့၊ ဆွီဒင်တို့၊ နော်ဝေတို့လို နိုင်ငံတွေမှာ ဘုရားကျောင်းသွားသူတွေဟာ လူဦးရေရဲ့၁၀ ရာခိုင်နှုန်းအောက်သာရှိတော့ပေမယ့် ပိုလန်နိုင်ငံသားတွေကတော့ ဘာသာရေးအပေါ်မှာ အတော်အလေးထားကြတာတွေ့ရပါတယ်။

ဝါဆောမှာ လေ့လာလည်ပတ်စရာ နေရာအများအပြားရှိတဲ့အထဲက စာရေးသူတို့အဖွဲ့ ခင်မင်စရာကောင်းလှတဲ့ ဧည့်လမ်းညွှန် “မာတ”နဲ့အတူ ဝါဇန်ကီးပန်းခြံ (Lazienki Park)၊ ရေပေါ်နန်းတော် (Palace on Water)၊ (ဘုရင့်နွေရာသီနန်းတော် King's summer palace လို့လည်း ခေါ်ပါတယ်)။ တော်ဝင်ရဲတိုက် (Royal Castle)၊ ဝါဆောတက္ကသိုလ် (Warsaw University)၊ နီကိုလပ်စ် ကော့ပါးနီးကပ်စ် အထိမ်းအမှတ်ရုပ်တု (Nicolas Copernicus)၊ အမည်မသိစစ်သည်တော်များ ဂူဗိမာန် (Tomb of unknown soldiers)၊ မြို့ဟောင်း (Old Town)နဲ့ ယဉ်ကျေးမှုနှင့် သိပ္ပံအဆောက်အအုံ (Palace of Culture and Science) တွေဆီ အလည်အပတ်ရောက်ခဲ့ပါတယ်။ ရှေ့ဆက်မရေးသားမီ ဒီဆောင်းပါးမှာပါရှိတဲ့ အမည်အသံထွက်များဟာမရေးသားမီ ပိုလန်လူမျိုး မိတ်ဆွေများထံမေးမြန်းပြီး အနီးစပ်ဆုံးကောက်ယူရေးသားခြင်းဖြစ်ပါတယ်။

**ဝါဇန်ကီးပန်းခြံ**

ဝါဇန်ကီးပန်းခြံဟာ ဝါဆောမှာ အကြီးမားဆုံး ပြည်သူ့ပန်းခြံကြီးတစ်ခုဖြစ်ပြီး အတွင်းမှာ ယခင် ပိုလန်နိုင်ငံ ရှင်ဘုရင်များရဲ့နွေရာသီနန်းတော် (King's summer palace) နဲ့ဆက်စပ်အဆောက်အအုံများ၊ ရေကန်များ၊ ပန်းဥယျာဉ်များတည်ရှိပါတယ်။ ဒါ့အပြင် ရှေးခေတ် ဂရိနဲ့ရိုမန်ဗိသုကာလက်ရာများနဲ့ တည်ဆောက်ထားတဲ့ လဟာပြင် ပြဇာတ်ရုံကြီးတစ်ရုံလည်းရှိပြီး တိုင်လုံးကြီးများ၊ ရုပ်တုကြီးများနဲ့ ရှုမငြီးဖွယ် တည်ဆောက်ထားပါတယ်။

ဒီပန်းခြံကြီးကို ၁၇ ရာစုလောက်မှာ တည်ဆောက်ခဲ့တယ်လို့ သိရပေမယ့် ပန်းခြံအတွင်းရှိ မူလအဆောက်အအုံအများအပြားဟာ ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးခဲ့တယ်လို့သိရပြီး လက်ရှိအဆောက်အအုံအများစုဟာ စစ်ကာလနောက်ပိုင်း ပြန်လည်ပြင်ဆင်တည်ဆောက်ထားတဲ့ အဆောက်အအုံများ ဖြစ်ကြပါတယ်။ ပန်းခြံကြီးအတွင်း ကမ္ဘာမှာထင်ရှားလှတဲ့ ပိုလန်လူမျိုးဂီတအနုပညာရှင်ရှော့ပင် (Frédéric Chopin)ရဲ့ကြေးရုပ်တုကြီးတည်ရှိပြီး တနင်္ဂနွေနေ့များမှာထင်ရှားတဲ့ နိုင်ငံတကာက အနုပညာရှင်များကိုဖိတ်ခေါ်ပြီး အခမဲ့ တေးဂီတဖျော်ဖြေပွဲများ၊ တစ်ကိုယ်တော် သီဆိုတင်ဆက်မှုများ ပြုလေ့ရှိတယ်လို့သိရပါတယ်။

**တရုတ်ရိုးရာထိုက်ချီလေ့ကျင့်ခန်း**

စာရေးသူတို့ရောက်ရှိချိန် ဂျပန်အနုပညာရှင် အမျိုးသမီးတစ်ဦးကတစ်ကိုယ်တော် စန္ဒရားနဲ့ တီးခတ်ဖျော်ဖြေနေတာတွေ့ခဲ့ရပြီး အနီးဝန်းကျင် မြက်ခင်းကျယ်ကြီးများမှာလူတွေရာနဲ့ချီပြီး စောင့်ကြည့်အားပေးနေတာတွေ့ရပါတယ်။ ပန်းခြံကြီးအတွင်း အခြားတစ်နေရာမှာ ပိုလန်အမျိုးသမီးငယ်လေးတစ်ဦး ဦးဆောင်ပြီး တရုတ်ရိုးရာထိုက်ချီ (Tai Chi) လေ့ကျင့်ခန်းကို ပိုလန်အမျိုးသားတွေ၊ အမျိုးသမီးတွေ စိတ်ဝင်တစားစုဖွဲ့လုပ်ဆောင်နေတာတွေ့ရပါတယ်။ ပန်းခြံကအပြန်မှာ ဧည့်လမ်းညွှန်နဲ့အတူ Restaurant Dom Polski ဆိုတဲ့ နာမည်ကြီးပိုလန်စားသောက်ဆိုင်မှာ နေ့လယ်စာစားသောက်ကြပါတယ်။

**မြို့ဟောင်း**

ဝါဆောကိုရောက်ရင် မြို့ဟောင်းကိုအလည်အပတ်သွားကြပါတယ်။ မြို့ဟောင်းဆိုပေမယ့် မြို့ဟောင်းရဲ့ အစိတ်အပိုင်းအများစုဟာ ဒုတိယကမ္ဘာစစ်အတွင်းထိခိုက်ပျက်စီးခဲ့တာကြောင့် စစ်ပြီးနောက်ပိုင်းမှ မြို့ဟောင်းကိုမူလပုံစံအတိုင်း ပြန်လည်တည်ထောင်ခဲ့တာဖြစ်ပါတယ်။

ပြန်လည်ပြင်ဆင်တည်ထောင်ရာမှာလည်း လက်ရာမြောက်သေသပ်လွန်းလှတဲ့အတွက် ၁၉၈၀ ပြည့်နှစ်မှာ UNESCO က ကမ္ဘာ့ယဉ်ကျေးမှုနေရာအဖြစ် အသိအမှတ်ပြု ခြင်းခံရပါတယ်။ ဝါဆောမြို့ဟောင်းကို ၁၃ ရာစုလောက်မှာတည်ထောင်ခဲ့တယ်လို့ သမိုင်းမှတ်တမ်းများရှိပြီး မြို့ဟောင်းအလယ်ဗဟိုဈေးရပ်ကွက်ကြီးမားလှတဲ့ ရင်ပြင်ကြီး အလယ်ဗဟိုမှာ ဝါဆောမြို့ရဲ့ အမြင့်မားဆုံးဖြစ်တဲ့ အထိမ်းအမှတ်ကျောက်တိုင်ကြီးတစ်ခု (Sigismund's Column) လည်း တည်ရှိပါတယ်။

မြို့ဟောင်းရဲ့ အချက်အချာနေရာတစ်ခုကတော်ဝင်ရဲတိုက်ကြီး (Royal Castle) ဖြစ်ပြီး ၁၅ ရာစုလောက်ကတည်ဆောက်ခဲ့တယ်လို့ အမှတ်အသားရှိပါတယ်။ မြို့ဟောင်းက အခြားအဆောက်အအုံများနည်းတူ ရဲတိုက်ကြီးရော၊ အထိမ်းအမှတ်ကျောက်တိုင်ကြီးပါ ဒုတိယကမ္ဘာစစ်ကာလအတွင်း အကြီးအကျယ် ပျက်စီးခဲ့ပြီးနောက်ပိုင်းမှ ပြန်လည်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ စာရေးသူတို့အဖွဲ့ အဲဒီမြို့ဟောင်းဆီရောက်တဲ့အခါ သီဆိုကခုန်နေကြတဲ့ လူငယ်တွေ၊ ကမ္ဘာလှည့် ခရီးသည်တွေ၊ ဖြေဖျော်တင်ဆက်သူတွေ၊ ဈေးရောင်း၊ ဈေးဝယ်တွေနဲ့ စည်ကားနေပြီး ညနေခင်း အမှောင်လွှမ်းလို့ ပြန်လာချိန်အထိ စည်စည်ကားကားရှိနေတာတွေ့ရပါတယ်။ ညနေစာကိုလည်း အဲဒီနားက ပိုလန်စားသောက်ဆိုင် (Restauracja Madga Gessler) မှာ စားလိုက်ကြပါတယ်။

**ဝါဆောတက္ကသိုလ်**

ဝါဆောတက္ကသိုလ် လေ့လာရေးခရီးစဉ်က အစီအစဉ်ထဲမှာ မပါဝင်ပေမယ့် စာရေးသူတို့က သွားချင်တယ်ဆိုလို့ လိုက်ပို့ပေးပါတယ်။ ပင်မတက္ကသိုလ်ကြီးက သိပ်ကြီးမားတယ်လို့ မထင်ရပေမယ့် တက္ကသိုလ်ရဲ့အဆောက်အအုံအတော်များများဟာ အနီးဝန်းကျင်နေရာအတော်များများမှာ ပြန့်ကျဲတည်ရှိနေတာတွေ့ရပါတယ်။ ကျောင်းဝင်းထဲအထိဝင်၊ အထဲကစာကြည့်တိုက်နားမှာ ဓာတ်ပုံတွေရိုက်၊ နွေရာသီကျောင်းပိတ်ရက်ကာလမို့ အတွင်းမှာလူတွေတော့ အတော်ရှင်းနေပါတယ်။ ဝါဆောတက္ကသိုလ် ၁၈၁၆ ခုနှစ်မှာ တည်ထောင်ခဲ့တာဖြစ်လို့ ဒီနှစ်အတွင်းမှာ နှစ်နှစ်ရာပြည့် အခမ်းအနားတွေ ကျင်းပပြုလုပ်ဖို့ တာဆူနေတာလည်းတွေ့ရပါတယ်။

ကျောင်းအနီးက ကမ္ဘာကျော် ပိုလန်အနုပညာရှင် ရှော့ပင် (Frédéric Chopin) ရဲ့အသည်းနှလုံးကို သိမ်းထားတယ်ဆိုတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုကိုဝင်ဖြစ်ပါတယ်။ The Church of the Holy Cross လို့ အမည်ရပါတယ်။ ဘုရားကျောင်းကို ၁၇၇၈ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး ဒုတိယ ကမ္ဘာစစ်အတွင်း ပျက်စီးခဲ့တယ်လို့ စစ်ပြီးနောက် မူလလက်ရာအတိုင်း ပြန်လည် တည်ဆောက်ထားတယ်လို့ သိရပါတယ်။ အတွင်းမှာ အတော်ကို ခမ်းခမ်းနားနားရှိ လှပြီး တနင်္ဂနွေမို့ တရားဟောဆရာရော၊ ဝတ်ပြုသူတွေရော၊ ဝင်ရောက်လေ့လာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေရော တွေ့ရပါတယ်။

**နီကိုလပ်စ် ကော့ပါးနီးကပ်စ် အထိမ်းအမှတ်ရုပ်တု**

ဝါဆောမှာ ပိုလန်လူမျိုးကမ္ဘာကျော်သိပ္ပံပညာရှင်တစ်ဦးဖြစ်တဲ့ နီကိုလပ်စ် ကော့ပါးနီးကပ်စ် (Nicolas Copernicus) ရဲ့အမှတ်တရကြေးရုပ်တုရှိပါတယ်။ ရုပ်တုကို ၁၈၃၀ ပြည့်နှစ်မှာတည်ဆောက်ပြီးစီးခဲ့ပြီး ကြေးရုပ်တုနဲ့ မလှမ်းမကမ်းမှာ ဝါဆောတက္ကသိုလ် တည်ရှိပါတယ်။ ခံ့ညားထည်ဝါလှတဲ့ ကြေးရုပ်တုကြီးအောက်ခြေမြေပြင်မှာ ကော့ပါးနီးကပ်စ်တင်ပြခဲ့တဲ့ စကြဝဠာ တွေ့ရှိချက်တွေကို ကြေးပြားချပ်များနဲ့ ပုံဖော်တင်ပြထားတာစိတ်ဝင်စားဖွယ် တွေ့ရပါတယ်။ အနီးဝန်းကျင်မှာ နန်းတော်တွေ၊ ဘုရားကျောင်းတွေ၊ တက္ကသိုလ်ကြီးတွေ တည်ရှိတာမို့ တက္ကသိုလ်ကျောင်းသားတွေ၊ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ အလွန်စည်ကားတဲ့ လမ်းတစ်နေရာလည်းဖြစ်ပါတယ်။

**အမည်မသိစစ်သည်တော်များဂူဗိမာန်**

ဝါဆောမြို့ရဲ့အခြားစိတ်ဝင်စားစရာကောင်းတဲ့ အမည်မသိ စစ်သည်တော်များ ဂူဗိမာန်ဖြစ်ပါတယ်။ ပထမကမ္ဘာစစ်ကာလ (၁၉၁၄ ဇူလိုင် - ၁၉၁၈ နိုဝင်ဘာ) နဲ့ ပိုလန်-ဆိုဗီယက်စစ်ပွဲကာလ (၁၉၁၉ ဖေဖော်ဝါရီ - ၁၉၂၁ မတ်) အတွင်းကျဆုံးခဲ့သော အမည်မသိစစ်သည်များကို ရည်စူး၍ ၁၉၂၅ တွင် တည်ဆောက်ခဲ့ပါတယ်။ အဲဒီမှာယူနီဖောင်း၊ လက်နက်အပြည့်အစုံနဲ့ အစောင့် စစ်သားနှစ်ယောက်စောင့်ကြပ်နေပြီး တစ်နာရီတစ်ခါ တစ်နှစ်ပတ်လုံး လူချိန်းတယ်လို့ သိရပါတယ်။ အဲဒီလို အစောင့်အကြပ် အပြောင်းအလဲပြုလုပ်တဲ့အချိန်ကို လေ့လာကြည့်ရှုသူအများအပြားလည်းတွေ့ရပါတယ်။

ဂူဗိမာန်အတွင်း ထာဝရတောက်လောင်နေတဲ့ မီးတောက်များလည်း ထွန်းညှိထားပါတယ်။ အဲဒီမှာခါတ်ပုံလည်း စိတ်ကြိုက်ရိုက်နိုင်ပါတယ်။ ဂူဗိမာန်အရှေ့မှာ ကြီးမားကျယ်ပြောလှတဲ့ ပျူဆစ်စကီ (Pilsudski Square) ရင်ပြင်ကြီး တည်ရှိပြီး ဂူဗိမာန်နောက်ဘက်မှာတော့ ကြီးမားလှတဲ့ ရေပန်းကြီးနှင့်အတူ သာယာလှပသည့် Saxon Palace နှင့် ပန်းဥယျာဉ်တည်ရှိပါတယ်။ အဲဒီမှာ စာရေးသူ ကျယ်ပြောလှတဲ့ ရင်ပြင်ကျယ်ကြီးကို ကြည့်ရင်းမွန်းကြပ်လှတဲ့ ရန်ကုန်လူနေမှုဘဝကို တွေးတောနေမိပါတော့တယ်။

ဒါ့အပြင် ဧည့်လမ်းညွှန်က တက္ကစီပေါ်ကတစ်ဆင့် ဝါဆောမြို့ရဲ့အခြားအထင်ကရ နေရာတွေဖြစ်တဲ့ ယခင် ပိုလန်ကွန်မြူနစ်ပါတီဌာနချုပ် အဆောက်အအုံ၊ အမေရိကန်သံရုံး၊ ရုရှားသံရုံး၊ ဒုတိယ ကမ္ဘာစစ်ကာလ ဂျူးလူမျိုးများကို ကန့်သတ်ထိန်းသိမ်းထားရာနေရာများ၊ သမ္မတနန်းတော်စသဖြင့် ရှင်းပြခဲ့လို့ ဝါဆောမြို့တော်အနှံ့ရောက်ရှိသွားသလိုခံစားရပါတယ်။ ညနေဘက်ရောက်တော့ အားလုံး ခြေကုန်လက်ပန်းကျနေကြပါပြီ။ ညစာလည်းစားခဲ့ကြပြီမို့ ညဘက်အထိ ကခုန်ဆူညံနေတဲ့ မြို့ဟောင်းကို နှုတ်ဆက်၊ မြို့ဟောင်းနားကတည်းခိုတဲ့ ဟိုတယ်ဘက်ဆီခြေကျင်လမ်းလျှောက်ပြန်လာခဲ့ကြပါတော့တယ်။

**ဝါဆောမြို့ဟောင်းကို ၁၃ ရာစုလောက်မှာ တည်ထောင်ခဲ့တယ်လို့ သမိုင်းမှတ်တမ်းများ ရှိပြီး မြို့ဟောင်းအလယ်ဗဟိုဈေး ရပ်ကွက် ကြီးမားလှတဲ့ ရင်ပြင်ကြီး အလယ်ဗဟိုမှာ ဝါဆောမြို့ရဲ့ အမြင့်မားဆုံးဖြစ်တဲ့ အထိမ်း အမှတ် ကျောက်တိုင်ကြီးတစ်ခု (Sigismund's Column) လည်း တည်ရှိပါတယ်။**

# ဘူမိအပူစွမ်းအင်ဆိုသည်မှာ

သိပ္ပံစာရေးဆရာကိုကိုအောင်



**အီတလီနိုင်ငံ Larderello ရှိ ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံတစ်ရုံ**

ဤမြေကမ္ဘာကြီးတွင် သဘာဝအလျောက် စွမ်းအင်အမျိုးမျိုးရှိနေကြပြီး ထိုသဘာဝစွမ်းအင်များကို လူသားတို့က တစ်စတစ်စ ဖော်ထုတ်တွေ့ရှိလာကြကာ လူသားအကျိုးပြုစွမ်းအင်များအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်။ သဘာဝယန္တရားကြီးလည်ပတ်နေမှုကြောင့် လေထု၊ ရေထုနှင့် မြေထုများအတွင်း ကိန်းအောင်းနေသောစွမ်းအင်များကို သိပ္ပံပညာရှင်တို့က မနားမနေ ရှာဖွေဖော်ထုတ်တွေ့ရှိလာကြပြီး ယင်းကဲ့သို့ ရှာဖွေတွေ့ရှိလာလေ...လူသားအကျိုးပြုစွမ်းအင်များအဖြစ် ပြောင်းလဲနိုင်လေဖြစ်ကာ လူသားအကျိုးပြုစွမ်းအင်များ တစ်နေ့တခြား တိုးပွားများပြားလာသည်နှင့်အမျှ ကမ္ဘာကြီးကလည်း သိသာစွာတိုးတက်ပြောင်းလဲလာခဲ့သည်။

လူသားအကျိုးပြုစွမ်းအင်များထဲတွင် စက်မှုစွမ်းအင်သည် ကမ္ဘာ့လူသားတို့နှင့် အစောဆုံး အကျွမ်းတဝင်ဖြစ်ခဲ့သည့် စွမ်းအင်ဖြစ်သည်။ ကမ္ဘာဦးလူသားတို့က အမဲလိုက်ရန်အတွက် တီထွင်ကြံဆပြုလုပ်ခဲ့ကြသည့် ကျောက်လက်နက်များသည်လည်းကောင်း၊ လုံးဝန်းသောအသီးများ ကြွေကျကာ ဆင်ခြေလျှောတစ်လျှောက်လိမ့်သွားသည်ကို မြင်တွေ့ခဲ့ကြရာမှ ပေါ်ပေါက်လာသော ဘီးသည်လည်းကောင်း စက်မှုစွမ်းအင်ကို အသုံးချထားသည့် ကိရိယာများဖြစ်ကြသည်။

ရှေးအခါက ဂရိလူမျိုးတို့သည် မြေထဲပင်လယ်မှရရှိသော ပယင်းချောင်းကို အဝတ်စဖြင့် ကြိမ်ဖန်များစွာပွတ်တိုက်သည့်အခါ ပယင်းချောင်းသည် သစ်ရွက်ခြောက်နှင့် ချည်မျှင်စကလေးများကို ဆွဲငင်နိုင်ကြောင်းတွေ့ရှိခဲ့ရာမှ အစပြုပေါ်ပေါက်လာသော လျှပ်စစ်စွမ်းအင်ကလည်း ကမ္ဘာကြီးကို တစ်ဆစ်ချိုး ပြောင်းလဲတိုးတက်စေခဲ့သလို...လျှပ်စစ်စွမ်းအင်ကို အကျိုးရှိသည်ထက်ရှိအောင် အနုစိတ် ခွဲခြမ်းစိတ်ဖြာ အသုံးချနိုင်စွမ်းရှိသည့် အီလက်ထရွန်နစ်စွမ်းအင်ကြောင့်လည်း ကမ္ဘာ့လူသားတို့၏ လူနေမှုအဆင့်က အံ့မခန်းတိုးတက်မြင့်မားလာခဲ့သည်။

မျက်မှောက်ကာလတွင် ခေတ်သစ်သိပ္ပံပညာဖြင့် ရှာဖွေဖော်ထုတ်ထားသည့် စွမ်းအင်တချို့မှာ လူသားတိုင်း၏လက်တစ်ကမ်းအကွာ၌ ရှိနေပြီး တချို့သောစွမ်းအင်တို့ကမူ သာမန်ပြည်သူတို့နှင့် အလှမ်းကွာဝေးလျက်ပင် ရှိနေသေးသည်။ အဏုမြူစွမ်းအင်၊ ဒီရေစွမ်းအင်၊ ဓာတုတည်ငြိမ်စွမ်းအင်စသည့် လူသိနည်းသော စွမ်းအင်အုပ်စုထဲတွင် လျှပ်စစ်ဓာတ်အားကို ပမာဏများပြားစွာထုတ်ယူနိုင်သော စွမ်းအင်တစ်မျိုးကလည်း ပါဝင်လျက်ရှိနေသည်။ ယင်းသည်ကား Geothermal Energy ခေါ် ဘူမိအပူစွမ်းအင်ပင် ဖြစ်သည်။

ဘူမိအပူစွမ်းအင်ဆိုသည်မှာ ကမ္ဘာ့မြေလွှာအတွင်းပိုင်း၌ သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသည့် ရေပူ သို့မဟုတ် ရေနွေးငွေ့တို့၏ လှုပ်ရှားတွန်းကန်မှုစွမ်းအင်ပင် ဖြစ်သည်။ ရေနွေးငွေ့၏ မူရင်းစွမ်းအင်၌ လှုပ်ရှားတွန်းကန်သည့် သဘောသဘာဝရှိကြောင်းကို ၁၆၀၀ ပြည့်လွန်နှစ်များကတည်းကပင် သိရှိခဲ့ကြသော်လည်း သာမန်ရေနွေးငွေ့စွမ်းအင်ကဲ့သို့မဟုတ်ဘဲ သဘာဝအလျောက် ကမ္ဘာ့မြေသားလွှာအောက်၌ ထုထည်ပမာဏနှင့် အပူဓာတ်ကြီးမားစွာရှိနေသော ရေပူနှင့် ရေနွေးငွေ့တို့ကြောင့် ထွက်ပေါ်လာသောစွမ်းအင်ဖြစ်၍ ဘူမိအပူစွမ်းအင်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

၁၆၀၀ ပြည့်နှစ်ကာလများက လောင်စာရရှိရေးအတွက် ကျောက်မီးသွေးကိုတူးဖော်ရာတွင် ကျောက်မီးသွေးတွင်းထဲမှ ရေများကို စုပ်ထုတ်နိုင်ရန် ရေနွေးငွေ့အားဖြင့်မောင်းနှင်သည့်စက်ကို အသုံးပြုခဲ့ကြသည်။ သို့ရာတွင် ထိုစဉ်ကာလများက သိပ္ပံပညာမတိုးတက်မထွန်းကားသေးသဖြင့် နည်းပညာပိုင်းဆိုင်ရာ၌ အားနည်းချက်အများအပြားရှိခဲ့သောကြောင့် ကုန်ကျစရိတ် အလွန်ပင်များပြားခဲ့သည်။ ၁၇၀၀ ပြည့်နှစ်ဝန်းကျင်အရောက်တွင် စီးပွားရေးအရ တွက်ခြေကိုက်အောင် မောင်းနှင်အသုံးပြုနိုင်သော ရေနွေးငွေ့စွမ်းအင်သုံးအင်ဂျင်များကို တီထွင်ထုတ်လုပ်လာနိုင်ခဲ့သည်။ ၁၇၀၂ ခုနှစ်အရောက်တွင် ဗြိတိသျှလူမျိုး နျူကိုမင်က သမားရိုးကျသုံး ရေနွေးငွေ့အင်ဂျင်ကို နည်းပညာပိုင်းအရ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ရာမှအစပြုကာ ဥရောပတစ်ခွင်၌ နျူကိုမင်အင်ဂျင်ကို ကျယ်ပြန့်စွာသုံးစွဲလာခဲ့ကြသည်။

ခေတ်အဆက်ဆက် သိပ္ပံပညာအမွေကို ဆက်ခံခဲ့ကြသူများက နျူကိုမင်အင်ဂျင်ကို စွမ်းရည်ပိုမိုကောင်းအောင် ထပ်မံ၍ အဆင့်မြှင့်တင်ပေးခဲ့ကြပြန်ရာ ၁၇၈၁ ခုနှစ်အရောက်တွင် ဂျိမ်းစ်ဝပ်ဆိုသူက စွမ်းရည်မြင့် ရေနွေးငွေ့အင်ဂျင်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ရေနွေးငွေ့အင်ဂျင်သုံးစွဲမှု တွင်ကျယ်လာသည်နှင့်အမျှ ကျောက်မီးသွေးသုံးစွဲမှုနှင့် ဝယ်လိုအားတို့ကလည်း အဆမတန်မြင့်တက်လာခဲ့သည်။

ထိုကာလများမှစ၍ ရေနွေးငွေ့အင်ဂျင်၏ စွမ်းရည်ကို ကောင်းစွာအသိအမှတ်ပြု လက်ခံသုံးစွဲသူများ တစ်နေ့တခြား တိုးပွားများပြားလာသလို ရေနွေးငွေ့အင်ဂျင်၏သဘောကို ယုံကြည်လက်ခံမှုမရှိသူများလည်း အများအပြားရှိနေခဲ့သည်။ ရေနွေးငွေ့အင်ဂျင်ကို ယုံကြည်လက်ခံမှု မရှိခဲ့ကြသူများထဲတွင် ပြင်သစ်ဘုရင် နပိုလီယံလည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်။ ရေနွေးငွေ့အင်ဂျင်ကို သင်္ဘော၌တပ်ဆင်ရန် ကြိုးပမ်းအားထုတ်နေမှုနှင့်ပတ်သက်၍ လောင်မြိုက်နေသောစက်ကြီးကို သင်္ဘောဝမ်းဗိုက်ထဲ၌ထည့်ပြီး ရေကိုဆန်တက်ရန် ကြံစည်အားထုတ်ခြင်းမှာ အဓိပ္ပာယ်မဲ့ကြောင်း နပိုလီယံက လူသိရှင်ကြားပြောကြားခဲ့ဖူးသည်။

နောက်ပိုင်းတွင် ရေနွေးငွေ့စွမ်းအင်ကို ပို၍အကျိုးရှိအောင် တီထွင်ပြောင်းလဲ အသုံးချနိုင်ခဲ့ကြရာ ၁၈၀၁ ခုနှစ်အရောက်တွင် ဗြိတိန်နိုင်ငံ၌ ကမ္ဘာ့ပထမဦးဆုံးသော ရေနွေးငွေ့မီးရထားစက်ခေါင်းကို တည်ဆောက်နိုင်ခဲ့သည်။ ၁၈၀၄ ခုနှစ်တွင် ဗြိတိသျှလူမျိုး ရစ်ချက်ထရီဗီသစ်က ရေနွေးငွေ့အင်ဂျင်တပ်မီးရထားဖြင့် ဗြိတိန်နိုင်ငံ ဝေလနယ်အတွင်းရှိ မြို့ငယ်နှစ်မြို့ကို ဆက်သွယ်မောင်းနှင်ပြခဲ့သည်။ လူ ၇၀ နှင့် သံတန်ချိန် ၁၃၀ ကို တင်ဆောင်ပြီး တွဲပိုင်းတွဲချိတ်ဆက်ထားသည့် ကမ္ဘာ့ပထမဦးဆုံး မီးရထားတွဲသည် မြို့ငယ်နှစ်မြို့အကြား ၉ မိုင်အနီးကို အချိန်နှစ်နာရီကြာအောင် ခုတ်မောင်းခဲ့ရသည်။ ထို့နောက် ၁၈၂၂ ခုနှစ်သို့အရောက်တွင် ဗြိတိသျှလူမျိုး ဂျော့ချ်စတီဗင်ဆင်က စီးပွားဖြစ်ပြေးဆွဲမောင်းနှင်နိုင်သော ကမ္ဘာ့ပထမဦးဆုံး လူစီးရထားတွဲကို ဆန်းသစ်တီထွင်ပေးနိုင်ခဲ့သည်။

ဤသို့အားဖြင့် ရေနွေးငွေ့စွမ်းအင်သည် အပူပေးခြင်း၊ ရေစုပ်ထုတ်ခြင်း၊ လှည့်အားထုတ်ပေးခြင်း၊ သင်္ဘောများကို ရွေ့လျားခုတ်မောင်းစေခြင်း၊ မီးရထားတွဲများကို ချိတ်ဆွဲသယ်ဆောင်နိုင်ခြင်း စသည်ဖြင့် အများပြည်သူကို ထိရောက်စွာ အကျိုးပြုနိုင်သောစွမ်းအင်တစ်ရပ် ဖြစ်လာခဲ့သည်။ သိပ္ပံပညာ အလွန်တိုးတက်ထွန်းကားသော မျက်မှောက်ကာလ၌မူ အပူပမာဏအလွန်ကြီးမားသည့် ရေနွေးငွေ့ကို နက်ရှိုင်းလှသည့် မြေလွှာအောက်မှ တူးဖော်ထုတ်လုပ်ရယူပြီး စွမ်းအားပြည့် အသုံးချသည့် ဘူမိအပူစွမ်းအင်သုံးနည်းပညာက ရှေ့တန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

ဤမြေကမ္ဘာကြီး၏ အလွန်နက်ရှိုင်းလှသောအတွင်းပိုင်းတွင် ပြင်းထန်သောဖိအားနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများ စသည်တို့ကြောင့် အပူချိန်မှာ ၅၀၀၀ ဒီဂရီဆဲလ်စီးယပ်စ်မျှ ပူပြင်းလျက်ရှိနေသည်။ မြေလွှာအနှစ်ပိုင်းမှ ပြင်းပြသော အပူဓာတ်သည် အပေါ်လွှာများဆီသို့ အပူလျှောက်ကူးခြင်း၊ အပူစီးကူးခြင်းနှင့် အပူဖြာကူးခြင်း နည်းလမ်းများဖြင့် ရောက်ရှိလာခဲ့ရာ ကြားအလွှာရှိ ကျောက်တို့ကို အရည်ပျော်စေသည်။ ကျောက်ရည်အချို့သည် ဖိအားကြောင့် အပေါ်ဘက်သို့ဆန်တက်လာရင်း အပူဓာတ်ကိုပါ သယ်ဆောင်လာကာ မီးတောင်ဝမှတစ်ဆင့် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ချော်ရည်များအဖြစ် အန်ထွက်လာကြသည်။

အများစုသော ကျောက်ရည်ပူတို့မှာ မြေလွှာအောက်၌သာ ရှိနေကြပြီး ယင်းတို့နှင့်နီးကပ်သော ကျောက်သားကျောက်ဆိုင်များ၊ မြေသားများနှင့် ရေတို့ကိုပါ ပူပြင်းစေသည်။ ကမ္ဘာ့မြေပြင်ပေါ်သို့ ရွာချသောမိုးရေများနှင့် လူတို့၏စွန့်ပစ်ရေများသည် ပူပြင်းသော ကျောက်သားမြေလွှာများထိတိုင် စိမ့်ဝင်ရောက်ရှိကာ အပူချိန် ၃၇၀ ဒီဂရီ ဆဲလ်စီးယပ်စ်ခန့်အထိ ပူပြင်းလျက်ရှိနေကြသည်။ သို့ရာတွင် ပြင်းထန်လွန်းသော ဖိအားကြောင့် ရေပူဘဝ၌သာရှိနေကြပြီး ရေနွေးငွေ့အဖြစ်သို့ ပြောင်းလဲမသွားကြချေ။ ထိုရေပူအချို့သည် ဖိအားကြောင့်ပင် မြေလွှာအက်ကြောင်းများမှတစ်ဆင့် အပေါ်သို့တက်လာရင်း လမ်းခရီး၌ အပူချိန်လျော့ကျသွားသည်။ အပူချိန်လျော့ကျသွားသော ရေများသည် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ရောက်လာသည့်အခါ ဖိအားလျော့ကျသွားမှုကြောင့် ရေပူစမ်း(Hot Spring)အဖြစ်လည်းကောင်း၊ ဖိအားအသင့်အတင့် ကျန်ရှိနေသေးသဖြင့် ရေပူပန်း(Geyser)အဖြစ်လည်းကောင်း စိမ့်ထွက်၊ ပန်းထွက်လာကြသလို အချို့ရေပူများကလည်း ရေနွေးငွေ့များအဖြစ် မြေပြင်ပေါ်သို့ ပန်းထွက်လာကြသည်။

ထို့ကဲ့သို့သော ဘူမိဗေဒသဘောတရားအရ မြေလွှာအောက် သဘာဝအလျောက် ပြင်းထန်သောဖိအားဖြင့် တည်ရှိနေကြသည့် ရေပူသိုက်မှ အပူချိန်မြင့်မားသောရေများကို မြေပြင်ပေါ်သို့ရောက်ရှိလာအောင် တွင်းများတူး၍စုပ်ထုတ်ပြီး မြေပေါ်သို့ရောက်သည်နှင့် ဖိအားလျော့ကျသွားမှုကြောင့် ရေနွေးငွေ့အသွင်သို့ပြောင်းသွားချိန်၌ တာဘိုင်စက်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပမာဏအများအပြားကို ထုတ်လုပ်နိုင်သည်။ ဤနည်းဖြင့် ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုတည်ဆောက်ကာ သဘာဝရေနွေးငွေ့၏စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးနိုင်သည်။

ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်များ၏ အလုပ်လုပ်ပုံသည် ရုပ်ကြွင်းလောင်စာများကို အသုံးပြုလည်ပတ်သည့် ဓာတ်အားပေးစက်များနှင့် အတူတူပင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်စေသော ရုပ်ကြွင်းလောင်စာများဖြင့် ရေနွေးငွေ့ထုတ်လုပ်သည့်နေရာတွင် သဘာဝရေနွေးငွေ့များကို သုံးစွဲခြင်းဖြစ်သည်။ လျှပ်ထုတ်တာဘိုင်စက်ကို ဖြတ်သန်းပြီးသည့် ရေနွေးငွေ့များကို အေးခံစင်မြင့်ပေါ်သို့ ပို့ဆောင်အအေးခံခြင်းဖြင့် ရေပြန်ဖြစ်စေကာ ထိုရေများကို မြေအောက်သို့ တစ်ဖန်ပြန်၍စိမ့်ဝင်စေခြင်းဖြင့် ဘူမိအပူစွမ်းအင်ကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်သည်။

> **ကမ္ဘာ့ပထမဦးဆုံးသော ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို အီတလီနိုင်ငံတွင် စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ အီတလီနိုင်ငံအပြင် အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ အိုက်စလန်၊ နယူးဇီလန်၊ ဂျပန်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်သည် ဘူမိအပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူ သုံးစွဲလျက်ရှိနေကြသည်။**

ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ ရေပူတွင်းများကို ၃ ကီလိုမီတာအထိနက်အောင် အဝီစိတွင်းတူးသကဲ့သို့ပင် တူးဖော်ရသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့်တာဘိုင်စက်များ စွမ်းအားပြည့် စဉ်ဆက်မပြတ်လည်ပတ်နိုင်ရန်အတွက် မြေအောင်းရေ၏အပူချိန်မှာ အနည်းဆုံး ၁၅၀ ဒီဂရီဆဲလ်စီးယပ်စ်၌ ရှိနေရန်လိုအပ်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ထုတ်လုပ်ပေးနိုင်ရေးအတွက် မြေအောက်တွင် အလွန်ကြီးမားသောရေပူသိုက်ကြီးရှိနေရန်လည်း လိုအပ်သည်။

ကမ္ဘာ့ပထမဦးဆုံးသော ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို အီတလီနိုင်ငံတွင် စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ အီတလီနိုင်ငံအပြင် အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ အိုက်စလန်၊ နယူးဇီလန်၊ ဂျပန်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်သည် ဘူမိအပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ရယူ သုံးစွဲလျက်ရှိနေကြသည်။ ကျွန်းပေါင်းများစွာဖြင့်ဖွဲ့စည်းထားသည့် အင်ဒိုနီးရှားနိုင်ငံတွင် ရာနှင့်ချီသောမီးတောင်များ တည်ရှိနေရာ မီးတောင်ပေါက်ကွဲပွင့်အန်မှု၏ အရင်းအမြစ်ဖြစ်သည့် ကျောက်ရည်ပူပမာဏ အများအပြားရှိနေခြင်းကို အကြောင်းပြု၍ ဘူမိအပူစွမ်းအင်ကို ရနိုင်သလောက်အသုံးချရန် ကြိုးပမ်းလျက်ရှိနေသည်။

ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ဘူမိအပူစွမ်းအင်ကို အသုံးချပြီး ထုတ်လုပ်သုံးစွဲနေကြသော လျှပ်စစ်ဓာတ်အားပမာဏစုစုပေါင်းမှာ မဂ္ဂါဝပ် ၇၀၀၀ မျှ ရှိနေသည်။ အမေရိကန်ပြည်ထောင်စုတစ်ခုတည်း၌ပင် ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ထုတ်လုပ်ပေးနေသည့် လျှပ်စစ်ဓာတ်အား ပမာဏမှာ မဂ္ဂါဝပ် ၂၇၀၀ ရှိနေရာ ထိုလျှပ်စစ်ဓာတ်အား ပမာဏသည် ရေနံစည်ပေါင်း ခြောက်သန်းကျော်ကိုသုံးစွဲပြီး ထုတ်ယူသောပမာဏနှင့် ဆတူပင်ဖြစ်သည်။

၂၀၁၁ ခုနှစ်၏ စာရင်းဇယားများအရ တစ်ကမ္ဘာလုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲမှုထဲတွင် ဘူမိအပူစွမ်းအင်ကိုသုံးပြီးထုတ်လုပ်သော လျှပ်စစ်ဓာတ်အားပမာဏက ၁ ရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း၊ တူးဖော်ထုတ်ယူမှုနည်းပညာ အဆင့်မြင့်လာသည်နှင့်အမျှ ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏကို ငါးရာခိုင်နှုန်းအထိ မြှင့်တင်နိုင်သည့်အခြေအနေသို့ပင် ရောက်ရှိနေပြီဖြစ်သည်။

မြေအောင်းရေပူကို မြေပေါ်သို့စုပ်ထုတ်ရယူပြီး ဘူမိအပူစွမ်းအင်ကိုအသုံးချကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းမှုမဖြစ်စေသည့်အပြင် လျှပ်စစ်ဓာတ်အားပေးစက်များကို ၂၄ နာရီပတ်လုံး လည်ပတ်စေနိုင်သည်။ မြေအောင်းရေပူများသည် ကုန်ခန်းနိုင်ဖွယ်မရှိသော စွမ်းအင်အရင်းအမြစ်များဖြစ်သည့်အတွက် ဘူမိအပူစွမ်းအင်သုံး ဓာတ်အားပေးစက်များကို တည်ဆောက်လည်ပတ်ရာတွင် ကနဦးကုန်ကျစရိတ် များပြားလှသည့်တိုင် လည်ပတ်မှုစရိတ်နှင့် ပြင်ဆင်ထိန်းသိမ်းစရိတ် အနည်းငယ်သာရှိနိုင်သဖြင့် ရေရှည်၌ စီးပွားရေးအရတွက်ခြေကိုက်သော ခေတ်သစ်စက်မှုလုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်။

မြေအောင်းရေပူများမှရရှိသော ဘူမိအပူစွမ်းအင်ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ကိစ္စရပ်များအတွက်သာမက ခန္ဓာကိုယ်အကြောများ ပြေလျော့စေရန်အတွက်လည်းကောင်း၊ အအေးပိုင်းဒေသများတွင် ဖန်လုံအိမ်များဖြင့် သစ်ပင်ပန်းမန်များ စိုက်ပျိုးရာ၌လည်းကောင်း၊ မွေးမြူရေးငါးပုစွန်များ ကြီးထွားမှုမြန်ဆန်စေရန်အတွက်လည်းကောင်း၊ နွားနို့ကို ပိုးသတ်ရန်အတွက်လည်းကောင်း၊ သစ်သားများကို ပေါင်းတင်အခြောက်ခံရာ၌လည်းကောင်း၊ ကြက်သွန်ကဲ့သို့သော အစိုဓာတ်ပါသည့် စားသောက်ကုန်ပစ္စည်းများကို တာရှည်အထားခံစေရေးအတွက် အခြောက်ခံရာ၌လည်းကောင်း၊ အအေးလွန်ကဲသောဒေသများ၌ နေအိမ်များကို အပူဓာတ်ထုတ်လွှတ်ပေးရာ၌လည်းကောင်း လက်တွေ့ကျကျ အသုံးချလျက်ရှိနေကြပြီဖြစ်သည်။

ဘူမိအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်နိုင်ရန်အတွက် ကွင်းဆင်းတိုင်းတာလေ့လာခြင်းနှင့် စက်ရုံတည်ဆောက်ခြင်းတို့အတွက် အချိန်ငါးနှစ်ကျော်မျှ ကြာမြင့်သည်။ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ထုတ်လုပ်ပေးနိုင်သော ဘူမိအပူစွမ်းအင်သုံးစက်ရုံတစ်ခု၏ ပျမ်းမျှတည်ဆောက်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌လည်း သဘာဝအလျောက် ရေပူစမ်းအများအပြား တည်ရှိနေကြရာ လောလောဆယ်အနေအထားအရ ရေပူစမ်းတွင်းပေါင်း ၉၂ တွင်း၏ တည်နေရာများကို လေ့လာဖော်ထုတ်ထားပြီးဖြစ်သည်။ ထိုရေပူစမ်းတွင်းများသည် သက်နုမီးတောင်ဒေသများ၌သာမက မီးတောင်ဒေသမဟုတ်သော နယ်မြေများ၌ပါ တည်ရှိနေကြသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ တည်ရှိနေကြသော အဆိုပါ ရေပူစမ်းတွင်းများ၏ တည်နေရာအများစုမှာ မီးသင့်ကျောက်ရပ်ဝန်းဒေသများ ဖြစ်ကြသည်။

၁၉၉၀ ပြည့်နှစ်အတွင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ယူနိုကယ်ကုမ္ပဏီမှ ဘူမိဗေဒပညာရှင်များပါဝင်သောအဖွဲ့က ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ဘူမိအပူစွမ်းအင် ထုတ်ယူသုံးစွဲနိုင်မည့် အလားအလာရှိမရှိကို စူးစမ်းလေ့လာခဲ့ကြသည်။ ထိုအဖွဲ့၏ တိုင်းတာချက်များအရ မြေအောက်ရေတို့၏ အပူချိန်များမှာ ၁၀၀ ဒီဂရီဆဲလ်စီးယပ်စ်ထက်ပင် လျော့နည်းနေကြောင်း တွေ့ရှိရသည့်အတွက် ဘူမိအပူစွမ်းအင်ကို ထုတ်ယူသုံးစွဲနိုင်သည့် အနေအထားမျိုးမရှိကြောင်း တွေ့ရှိခဲ့ကြရသည်။ ထိုအဖွဲ့က ရှေ့ပြေးစူးစမ်းလေ့လာမှုအဖြစ် ရေပူစမ်းတွင်း ၁၈ တွင်းမျှကိုသာ လေ့လာတိုင်းတာနိုင်ခဲ့ကြသော်လည်း အနာဂတ်ကာလများတွင် ဘူမိအပူစွမ်းအင်အရင်းအမြစ်များကို ဆက်လက်စူးစမ်းလေ့လာနိုင်ရေးအတွက် လမ်းပွင့်သွားစေသော လုပ်ငန်းစဉ်တစ်ခုကို ဆောင်ရွက်နိုင်ခဲ့ကြခြင်းပင်ဖြစ်ပေသည်။ ။

# ရန်ကုန်စီးပွားရေးတက္ကသိုလ် မေခဆောင်ဖောင်ဒေးရှင်းမှ စီးပွားရေးဖိုရမ်ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၈**

အစိုးရသစ်လက်ထက်တွင် စိန်ခေါ်မှုများစွာကြုံတွေ့နေရမှုများကို ကျော်ဖြတ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က မန္တလေးမြို့ Hotel Marvel အမရပူရခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ရန်ကုန်စီးပွားရေးတက္ကသိုလ် မေခဆောင်ဖောင်ဒေးရှင်းမှစီစဉ်သည့် စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် မေခဆောင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းက အမှာစကားပြောကြားပြီး ဖိုရမ်ဖြစ်မြောက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများကို ကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အဂတိတိုက်ဖျက်ရေးကော်မတီအဖွဲ့ဝင် ဦးသင်းအောင်၊ မေခဆောင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် စီးပွားရေးပညာတွဲ့(စာရင်းအင်း)ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်းဦးတို့က "မိမိလုပ်ငန်း အောင်မြင်တိုးတက်ဖို့ ဘဏ်စနစ်ကို အကောင်းဆုံးအသုံးချစို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြရာ တက်ရောက်ကြသူများ၏ မေးခွန်းများကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**လှိုင်ကော် စက်တင်ဘာ ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ လွိုင်ကော်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွေ့ဆုံ၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် လွိုင်ကော်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူးကိုယ်စား ဒေါ်နော်ခမ်းသိန်းက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြသည်။



ထို့နောက် Save the Children နှင့် ကိန္နရာကျေးလက်လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်း၊ World Vision လွိုင်ကော်ရုံးခွဲမှ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းနှင့် ရန်ကုန်ကရင်နှစ်ခြင်းအမျိုးသမီးအဖွဲ့မှ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကာ ဆွေးနွေးပွဲတက်ရောက်သည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲခဲ့ကြောင်း သိရသည်။

လွိုင်ကော်မြို့နယ် ကလေးသူငယ်အခွင့်ရေးဆိုင်ရာကော်မတီဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များအနေဖြင့် သိရှိပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လိုအပ်နေသည့် အခန်းကဏ္ဍများတွင် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလားဌာနပေါင်းစုံဘောလုံးပြိုင်

**သဲကုန်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဌာနပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် ညနေ ၃ နာရီက သဲကုန်းမြို့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားခဲ့ပြီး အဆိုပါဘောလုံးပြိုင်ပွဲတွင် အုပ်စု(က) ပညာရေးဌာန၊ ထွေ/အုပ်ဦးစီးဌာနနှင့် စားသုံးသူရေးရာ ညွန့်ပေါင်းအသင်း၊ အုပ်စု(ခ) လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်လမ်းဦးစီးဌာနအသင်းတို့ အုပ်စု (၂)ခုခွဲကာ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် ပညာရေးဌာနအသင်းနှင့်စားသုံးသူရေးရာ ညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဌာနအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် စားသုံးသူရေးရာ ညွန့်ပေါင်းအသင်းကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# လူမှုဖူလုံရေးဆေးခန်း အဆောက်အအုံသစ်ဖွင့်

**ဆားလင်းကြီး စက်တင်ဘာ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ဆားလင်းကြီးမြို့ လူမှုဖူလုံရေးဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲကိုစက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

လူမှုဖူလုံရေးဆေးခန်း အဆောက်အအုံသစ်ကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။ လူမှုဖူလုံရေးဆေးခန်း အဆောက်အအုံသစ်ကို မြေနေရာအကျယ်အဝန်း ၀ ဒသမ ၂၃ ဧကအပေါ်၌ အလျား ၃၂ ပေ၊ အကျယ် ၅၄ ပေရှိ အာရ်စီ နှစ်ထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်ခဲ့ပြီး ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအပါအဝင် စုစုပေါင်း ကျပ် ၈၆၁၈၅၀၀၀ အကုန်အကျခံ၍ Green Mark ကုမ္ပဏီမှ တာဝန်ယူကာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# နောင်တရားမြို့တွင် ရေလှောင်တမံတည်ဆောက်ရန် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်

**နောင်တရား စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် နောင်တရားမြို့ ရပ်ကွက်(၁) ထီနောင်ရေကန်၊ ရပ်ကွက်(၂) နောင်ယဉ်ကန်ကြီးနှင့် နောင်ယဉ်ကန်သေးတို့ကို ရေလှောင်တမံအဖြစ် တည်ဆောက်နိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဟိုပုံး)မှ ဝန်ထမ်းများက ကွင်းဆင်းတိုင်းတာမှုများ စက်တင်ဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရေကန်များသည် နောင်တရားမြို့တွင်းနှင့် မြို့အနီးကျေးရွာများရှိ ပြည်သူများက သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေအဖြစ် အားထားအသုံးပြုနေရသော ရေကန်များဖြစ်ပြီး လက်ရှိအချိန်တွင် ရေလှောင်ကန်များအတွင်း နွေရာသီတွင် ရေနည်းပါးကာ စိုက်ပျိုးရေအတွက် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါရေကန်များမှ သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေများ ပိုမိုရရှိနိုင်ပြီး ဒေသခံပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည့် ကန်တစ်ကန်ကို ရေလှောင်တမံအဖြစ် တည်ဆောက်ရန် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခြင်းဖြစ်ပြီး ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက နောင်တရားမြို့နှင့် အနီးတစ်ဝိုက်၌ရှိသော ကျေးရွာများတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိုက်ပျိုးရေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## သတင်းတိုများ

### ပြည်သူ့နီတိ နိုင်ငံသားအသိပညာပေးရေးအစီအစဉ် ဆွေးနွေးပွဲပြုလုပ်

ကချင်ပြည်နယ် ဗန်းမော်မြို့ Friendship ဟိုတယ်၌ International Foundation For Electoral Systems (IFES)အဖွဲ့နှင့် ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အတွင်း ဒေသအချို့ရှိ စစ်ဘေးရှောင်စခန်းများ၊ အလယ်တန်းနှင့် အထက်ကျောင်းများတွင် ပြည်သူ့နီတိ နိုင်ငံသားအသိပညာပေးရေးအစီအစဉ် သွားရောက်ဆောင်ရွက်ရန် ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့ရာ ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ချမ်းက အမှာစကားပြောကြားပြီး ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဦးသန်းဇော်ဦးက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# နတ်တလင်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**နတ်တလင်း စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ တံခွန်တိုင်ရွာရှိ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၅)စက်မှုလယ်ယာစခန်းရုံး သင်တန်းခန်းမ၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို စက်တင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနုက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်လွင်က သင်တန်းတွင် စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုများကို စာတွေ့လက်တွေ့ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ပို့ချပေးသည့် ဘာသာရပ်များကို ကြိုးစားမှတ်သားခြင်းအားဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာတွင် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ သင်တန်းသို့ နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# မိုးသည်းထန်၍ လမ်းပေါ်ကျန်ခဲ့သော ရွှံ့နွံများကို ရှင်းလင်း

**ချောက် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် စက်တင်ဘာ ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေများလျှံကျ၍ အမှတ်(၁၀)နယ်မြေ သံကန်ကြီးလက်ဖက်ရည်ဆိုင်အနီး လမ်းမပေါ်တွင် ရွှံ့နွံများဖြစ်ကျန်ရစ်ကာ လမ်းသွားပြည်သူများနှင့် ယာဉ်ကြီးယာဉ်ငယ်များ သွားလာရေးအတွက် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းမပေါ်ရှိ ရွှံ့နွံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းဌေး၏ အစီအစဉ်ဖြင့် စည်ပင်ဝန်ထမ်းများက စက်ကိရိယာများ အသုံးပြု၍ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက စတင်ရှင်းလင်းပေးခဲ့ရာ နေ့လယ်ပိုင်းတွင် ပြီးစီးခဲ့သဖြင့် ပြည်သူများ၊ ယာဉ်ကြီး ယာဉ်ငယ်များ ပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ရှင်းလင်းမှုများ ပြုလုပ်စဉ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ရဲတပ်ဖွဲ့ဝင်များကလည်း ကူညီ၍ လမ်းရှင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



# ရပ်ရှ်ဖို့ဒ်ရဲ့ အနာဂတ်




မျိုးဆက်သစ်တိုက်စစ်မှူးကောင်း လိုအပ်နေတဲ့ မန်ယူအတွက်တော့ ရပ်ရှ်ဖို့ဒ်ဟာ အားထားရသူတစ်ဦးဖြစ်လာပါလိမ့်မယ်လို့ မန်ယူနည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ရပ်ရှ်ဖို့ဒ်ရဲ့အရည်အသွေးတောက်ပလာဖို့ဆိုတာ အချိန်ကာလတစ်ခု လိုအပ်နေတာမှန်ပေမယ့် တကယ်တမ်းလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့စိတ်ဓာတ်ပြင်းထန်မှုက အရာရာကို ကျော်လွှားနိုင်မှာ ဖြစ်တယ်လို့လည်း မော်ရင်ဟိုက ရပ်ရှ်ဖို့ဒ်နဲ့ပတ်သက်ပြီး သုံးသပ်ထားပါတယ်။

အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ ရပ်ရှ်ဖို့ဒ်ဟာ မန်ယူလူငယ်အကယ်ဒမီထွက် ဘောလုံးသမားဖြစ်ပြီး တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ မန်ယူရဲ့ပုံရိပ်မျိုးကို ပြန်လည်ဖော်ထုတ် ထုဆစ်နိုင်မယ့်သူတစ်ဦးလို့ သုံးသပ်နေမှုအပေါ် နည်းပြ မော်ရင်ဟိုက အချိန်စောလွန်းနေပါသေးတယ်လို့ တုံ့ပြန်ထားပါတယ်။ ဒါပေမယ့် ရပ်ရှ်ဖို့ဒ်ရဲ့စွမ်းဆောင်မှုကိုတော့ သူက အသိအမှတ်ပြုတယ်လို့ ဆိုပါတယ်။

ရပ်ရှ်ဖို့ဒ်ဟာ မန်ယူအတွက် ပွဲပေါင်း ၂၅ ပွဲကစားပြီးချိန်မှာ ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ရပ်ရှ်ဖို့ဒ်စတင်ပါဝင်ကစားခဲ့တဲ့ မစ်ဂျေလန်းနဲ့ပွဲမှာ နှစ်ဂိုးသွင်းယူခဲ့သလို ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်နဲ့ပွဲမှာလည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အခုဆိုရင် ရပ်ရှ်ဖို့ဒ်ဟာ မန်ယူအတွက် ယူရိုပါလိဂ်၊ အက်ဖ်အေ၊ ပရီမီယာလိဂ်နဲ့ လိဂ်ဖလားပွဲတွေမှာ ဂိုးသွင်းယူနိုင်သူတစ်ဦးဖြစ်လာပါတယ်။

ဒါ့အပြင် ရပ်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းကို ရွှန်းနေစတင်ရောက်လာခဲ့တဲ့ အချိန်ကာလ ဂိုးတွေသွင်းယူနိုင်သလို အခုအချိန်မှာ ဂိုးတွေသွင်းယူနေတယ်လို့ ဆိုပါတယ်။ ရွှန်းနေဟာ မန်ယူကို စတင်ရောက်ရှိခဲ့စဉ်က အသက် ၁၈ နှစ်သာရှိသေးပေမယ့် ၂၅ ပွဲကစားပြီးချိန်မှာ ၁၂ ဂိုး သွင်းယူနိုင်ခဲ့သလို ရပ်ရှ်ဖို့ဒ်ကလည်း ၂၅ ပွဲကစားပြီးချိန်မှာ ၁၂ ဂိုးသွင်းယူထားနိုင်တာမို့ ရွှန်းနေလိုမျိုး မန်ယူအောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်သူတစ်ဦး ဖြစ်လာမယ်လို့ ယုံကြည်မှုတွေထားရှိခြင်းခံရသူ တစ်ဦးလည်း ဖြစ်နေပါတယ်။

အခုဆိုရင် ရပ်ရှ်ဖို့ဒ်ဟာ အင်္ဂလန်အသင်းအတွက်လည်း သူပထမဆုံးပါဝင်ကစားတဲ့ ဩစတြေးလျနဲ့ပွဲမှာလည်း ဂိုးသွင်းယူနိုင်ခဲ့တာမို့ သူရဲ့ပထမဆုံးနိုင်ငံတကာပွဲမှာ ဂိုးသွင်းနိုင်ခဲ့တဲ့ မှတ်တမ်းလည်း ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ရပ်ရှ်ဖို့ဒ်အလားအလာကို စောင့်ကြည့်နေတဲ့ ပီအက်စ်ဂျီနဲ့ ဘာစီလိုနာအသင်းတွေက စိတ်ဝင်စားမှုတွေရှိနေတယ်လို့ သတင်းတွေထွက်ပေါ်နေပြီဖြစ်ပါတယ်။

မန်ယူဟာ ရပ်ရှ်ဖို့ဒ်ကို လက်လွတ်မဆုံးရှုံးရအောင် လုပ်ခလစာနှစ်ဆတိုးပေးပြီး နောက်ထပ်ကာလရှည် စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ငယ်မွေးခြံပေါက် လူငယ်ကစားသမားတွေအနက် ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေကို လက်လွတ်ဆုံးရှုံးမခံတတ်တဲ့ မန်ယူဟာ အခုအချိန်မှာတော့ ဥရောပထိပ်တန်းကလပ်တွေရဲ့စိတ်ဝင်စားမှုခံနေရတဲ့ ရပ်ရှ်ဖို့ဒ်ကို ကာလရှည်စာချုပ်တစ်ရပ်အတွက် ဆွေးနွေးနေပြီလို့ ဆိုပါတယ်။

တကယ်တော့ ရပ်ရှ်ဖို့ဒ်ဟာ ကြံ့ခိုင်မှု၊ လျင်မြန်မှု၊ ပါးနပ်မှုတွေ လိုအပ်နေဆဲဖြစ်ပြီး အဲဒီအတွက် အတွေ့အကြုံကောင်းနဲ့ လေ့ကျင့်မှုတွေ လိုအပ်နေသေးတယ်။ ဒါကို ကျွန်တော်ဖြည့်ဆည်းပေးသွားမှာပါလို့ နည်းပြမော်ရင်ဟိုက ပြောကြားနေပါတယ်။ မော်ရင်ဟိုအနေဖြင့် မန်ယူကို စတင်ရောက်ရှိကိုင်တွယ်ချိန်မှာ ရပ်ရှ်ဖို့ဒ်လို လူငယ်ကစားသမားတွေကို ပြိုင်ပွဲတွေမှာ ထည့်သွင်းကစားစေနိုင်ဖို့ မန်ယူဂန္ထဝင်နည်းပြ ဖာဂူဆန်က အလေးအနက်တိုက်တွန်း ဆန္ဒပြုခဲ့တာဖြစ်ပါတယ်။

ဖာဂူဆန်ဟာ မန်ယူလူငယ်ကစားသမားတွေကို အခြေတည်ပြီး အောင်မြင်မှုရအောင် ဖော်ဆောင်ကြိုးစားနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်လို့ လူငယ်ကစားသမားတွေအပေါ် ယုံကြည်မှုရှိသူတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့် အရည်အချင်းရှိပြီး ခြေစွမ်းထက်မြက်တဲ့ လူငယ်ကစားသမားတွေကို ရဲရဲဝံ့ဝံ့ပွဲထုတ်ဖို့နဲ့ ပွဲတိုင်းမှာ လူငယ်ကစားသမားတစ်ဦး၊ နှစ်ဦးထည့်သွင်းအသုံးပြုဖို့ မော်ရင်ဟိုက အကြံပြုခဲ့သူလည်းဖြစ်ပါတယ်။

ငယ်ရွယ်ပြီး ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေကို လိုအပ်နေတဲ့ ကမ္ဘာ့ဘောလုံးလောကဈေးကွက်မှာတော့ ရပ်ရှ်ဖို့ဒ်က ထိပ်တန်းကလပ်တွေ မျက်စိကျစရာ လူငယ်တိုက်စစ်မှူးတစ်ဦးအဖြစ် ရောက်ရှိလာပြီဖြစ်ပါတယ်။ ရပ်ရှ်ဖို့ဒ်ကတော့ ကျွန်တော်ဟာ မန်ယူကစားသမားအဖြစ်နဲ့ပဲ အမြဲတမ်းရပ်တည်ဖြတ်သန်းသွားလိုပါတယ်လို့ ထုတ်ဖော်ပြောကြားနေပေမယ့် ငွေကြေးအလွန်အကျွံသုံးစွဲနေတဲ့ ဘောလုံးလောက အပြောင်းအရွှေ့ဈေးကွက်ရဲ့ရိုက်ခတ်မှုနဲ့ အဆမတန်မြင့်မားနေတဲ့ လုပ်ခလစာတွေကြောင့် ရပ်ရှ်ဖို့ဒ်လို လူငယ်ဘောလုံးသမားတွေ ကြာရှည်တောင့်ခံဖို့ဆိုတာ ခက်ခဲတာတော့ အမှန်ပါပဲ။

ဒါကြောင့်လည်း ရပ်ရှ်ဖို့ဒ်ဟာ လက်ရှိအချိန်မှာ လိုအပ်ချက်တွေရှိနေပေမယ့် အရည်အချင်းကောင်းတွေရှိနေတဲ့ လူငယ်ကစားသမားဖြစ်တာကြောင့် မန်ယူမှာ ရေရှည်ကစားနိုင်ဖို့အတွက် မန်ယူအသင်းတာဝန်ရှိသူတွေ ပြင်ဆင်နေခြင်းဖြစ်ပါတယ်။ ဒီလိုပဲ ဥရောပထိပ်တန်းကလပ်တွေဖြစ်တဲ့ ပီအက်စ်ဂျီ၊ ဘာစီလိုနာနဲ့ မိုနာကိုအသင်းတွေက ရပ်ရှ်ဖို့ဒ်ကို အနီးကပ်စောင့်ကြည့်နေပြီး လာမယ့်နှစ် ဘောလုံးသမားအပြောင်းအရွှေ့မှာ ခေါ်ယူနိုင်ဖို့ အခုကတည်းက ပြင်ဆင်မှုတွေပြုလုပ်နေတာမို့ ရပ်ရှ်ဖို့ဒ်ရဲ့ အနာဂတ်က စိတ်ဝင်စားစရာကောင်းနေပြီဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## ချယ်လ်ဆီးခံစစ်အတွက် ကူညီပေးမယ်ဆိုတဲ့ အေဗရာဟီမိုဗစ်ချ်




ချယ်လ်ဆီးအသင်းအနေနဲ့ နောက်တန်းကစားသမား အခက်အခဲကို ဖြေရှင်းနိုင်ဖို့ ငွေကြေးအလုံအလောက်ပံ့ပိုးကူညီပေးသွားမယ်လို့ အသင်းပိုင်ရှင် အေဗရာဟီမိုဗစ်ချ်က ဆိုပါတယ်။ ချယ်လ်ဆီးအသင်းဟာ နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ပြီးနောက် မိုဗစ်ချ်က ပြောဆိုလိုက်ပါတယ်။ နှစ်ပွဲဆက်တိုက်ရှုံးနိမ့်မှုအပေါ် အီတလီနိုင်ငံသား ချယ်လ်ဆီးနည်းပြ ကွန်တီကတော့ နောက်တန်းကစားသမားလိုအပ်ချက်ကြောင့် ဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းမှာ အဓိကအားထားရတဲ့ အသင်းခေါင်းဆောင် ဂျွန်တယ်ရီ ဒဏ်ရာရ အနားယူပြီးကတည်းက ချယ်လ်ဆီးအသင်းရဲ့ နောက်တန်းခံစစ်ဟာ အားပျော့လာခဲ့တယ်လို့ဆိုပါတယ်။ ကွန်တီအနေနဲ့ ဒေးဗစ်လုဇ်ကိုခေါ်ပြီး ခံစစ်အတွက် ခိုင်မာအောင်ကြိုးစားခဲ့ပေမယ့် ပြီးခဲ့တဲ့နှစ်ပွဲမှာတော့ ရှုံးပွဲတွေ ဆက်နေခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းမှာ နောက်တန်းအားနည်းချက်တွေ ပြုပြင်သွားဖို့လိုအပ်နေသေးတယ်လို့ ဆိုပါတယ်။

## အက်ဖ်အေရဲ့ စုံစမ်းစစ်ဆေးမှုကို ရင်ဆိုင်နေရတဲ့ ဆမ်အလာဒိုက်စ်

အင်္ဂလန်နည်းပြ ဆမ်အလာဒိုက်စ်ဟာ ကစားသမားများ ပြောင်းရွှေ့ရေးနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေ အကြံဉာဏ်ပေးခဲ့ခြင်းကို ပေါင်လေးသိန်းယူပြီး ဆောင်ရွက်ခဲ့တဲ့အတွက် အက်ဖ်အေက စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

အသက် ၆၁ နှစ်အရွယ်ရှိ နည်းပြဆမ်အလာဒိုက်စ်ကတော့ ဒီစွပ်စွဲမှုအပေါ် တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမရှိသေးပါဘူး။ အက်ဖ်အေကတော့ စွပ်စွဲမှုအပေါ်အထောက်အထားအပြည့်အစုံနဲ့ တင်ပြဖို့ တောင်းဆိုထားပါတယ်။ အက်ဖ်အေတာဝန်ရှိသူတွေ




အနေနဲ့ ဆမ်အလာဒိုက်စ်ရဲ့အမှုအပေါ် မကြာမီဆုံးဖြတ်ရဖွယ် ရှိနေပါတယ်။ ဆမ်အလာဒိုက်စ်က ဇူလိုင်လက အင်္ဂလန်နည်းပြဖြစ်လာပြီးနောက် ပထမဆုံးစွပ်စွဲမှုနဲ့ ရင်ဆိုင်ရတာ ဖြစ်ပါတယ်။ ကစားသမားအပြောင်းအရွှေ့ စည်းမျဉ်းစည်းကမ်းနဲ့ ပတ်သက်ပြီး ဆမ်အလာဒိုက်စ်အနေနဲ့ ပေါင်လေးသိန်းတန် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့တယ်လို့ ဆိုပါတယ်။ ဆမ်အလာဒိုက်စ်အနေဖြင့် အမှန်ကတယ် မမှန်မကန်ဆောင်ရွက်မှုတွေရှိခဲ့မယ်ဆိုရင် အက်ဖ်အေရဲ့ အရေးယူခြင်းကို ခံရဖွယ် ရှိနေပါတယ်။

## အာဆင်နယ် ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဒီဖရဲလ်




အာဆင်နယ်အသင်းအနေနဲ့ ပြင်သစ်တိုက်စစ်မှူး ဒီဖရဲလ်ကို ခေါ်ယူသွားဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ နည်းပြ အာစင်ဝင်းဂါးအနေနဲ့ ယခုနှစ်ရာသီအတွင်းမှာ ပြင်သစ်တိုက်စစ်မှူး ဒီဖရဲလ်ကို သုံးပွဲစောင့်ကြည့်ရာမှာ လာမယ့် ဇန်နဝါရီလအပြောင်းအရွှေ့ရာသီမှာ ခေါ်ယူသွားဖွယ်ရှိတယ်လို့ ဆိုပါတယ်။

ဒီဖရဲလ်ကို ဒီနှစ်ရာသီအစောပိုင်းက ခရစ္စတယ်ပဲလေ့စ်နဲ့ ဆွမ်ဆီးတို့ကလည်း ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်နဲ့ လီဗာပူးတို့က တိုက်စစ်မှူး ဒီဖရဲလ်ကိုစောင့်ကြည့်နေတယ်လို့ ဆိုပါတယ်။ ဒီဖရဲလ်ဟာ အီတလီကလပ်တွေဖြစ်တဲ့ ပါးမား၊ ဖော့ဂျီယာ၊ စီဆီနာ တို့အသင်းတွေမှာ ကစားခဲ့သူဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီဖရဲလ်ဟာ လွန်ခဲ့တဲ့ ရှစ်ပွဲမှာ ခုနစ်ဂိုးသွင်းယူထားပါတယ်။ လက်ရှိ ပါးမားအသင်းမှာလည်း ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဒေသတွင်း ဘာသာပေါင်းစုံချစ်ကြည်ရေးဖိုရမ် ဗန်းမော်မြို့၌ ကျင်းပလျက်ရှိ

**ဗန်းမော် စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ဒေသတွင်း ဘာသာပေါင်းစုံချစ်ကြည်ရေးဖိုရမ်ကို စက်တင်ဘာ ၂၆ ရက် နံနက်မှစ၍ ဗန်းမော်မြို့ ရောဘတ်ကျောင်းဝင်း လိုင်းယွန်းခန်းမ၌ ကျင်းပလျက်ရှိကြောင်းနှင့် လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်း၍ သဟဇာတဖြစ်သော မေတ္တာအသိုက်အဝန်းတစ်ရပ် ရှင်သန်ဖွံ့ဖြိုးစေရန် ရည်ရွယ်ပြုလုပ်သော အဆိုပါဖိုရမ်ကို မေတ္တာစက်ဝိုင်းပူးပေါင်းအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ ဖိုရမ်အဖွင့်အစီအစဉ်အဖြစ် မေတ္တာစက်ဝိုင်းအဖွဲ့ ဦးဆောင်ကော်မတီဝင် ဦးမျိုးဝင်းက မိတ်ဆက်စကားပြောကြားကာ မြဝတီမင်းကြီးကျောင်းတိုက်ဆရာတော်၊ ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးဘာရယ်ရမ်ပန်တစ်၊ ခရစ်ယာန်ဘာသာရေးခေါင်းဆောင် သိက္ခာတော်ရ ဦးမရစ်အောင်လီနှင့် အစ္စလာမ်ဘာသာရေးခေါင်းဆောင် အလ်ဟာဂျီမော်လနာရာကွတ်တို့က ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာများကို ဟောပြောခဲ့ကြပြီး မေတ္တာစက်ဝိုင်းအဖွဲ့မှ ဦးကိုကိုလွင်က ဘာသာပေါင်းစုံချစ်ကြည်ရေးသဘောတရားများကို ဆက်လက်ဟောပြောခဲ့သည်။

ဒေသတွင်း ဘာသာပေါင်းစုံချစ်ကြည်ရေးဖိုရမ်သို့ ဗန်းမော်မြို့နယ်အတွင်းမှ အားမာန်သစ်၊ ပန်းပျိုးလက်၊ ဖီးနစ်၊ အလင်းဗန်းမော်စသည့် ဘာသာပေါင်းစုံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံမှလူငယ်များ အင်အား ၁၀၀ ခန့် တက်ရောက်ကာ ဖိုရမ်ကို စက်တင်ဘာ ၂၉ ရက် အထိ လေးရက်ကြာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မတူညီသောဘာသာတရားများကို ကိုးကွယ်ယုံကြည်သူများအကြား အပြန်အလှန်နားလည်မှု တိုးပွားလာစေရန် အစီအစဉ်များ၊ လူထုအတွင်း မတူကွဲပြားမှုများကို အသိအမှတ်ပြုလေးစားခြင်းနှင့် ယုံကြည်မှုတည်ဆောက်မြှင့်တင်ပြီး လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းခိုင်မာစေရန်အတွက် အဓိကဖော်ဆောင်သွားမည့် မေတ္တာစက်ဝိုင်းအဖွဲ့ကို အရပ်ဘက်လူမှုရေးမိတ်ဆက်အဖွဲ့အစည်းများဖြစ်သည့် ကလျာဏမိတ္တဖောင်ဒေးရှင်း၊ ဂျက်ဆင်သုတေသနစင်တာ၊ ငြိမ်းဖောင်ဒေးရှင်း၊ Myitter Resource ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာသာပေါင်းစုံလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကတ်သလစ်လူငယ်ကော်မရှင်၊ မြန်မာနိုင်ငံ တက္ကသိုလ်ခရစ်ယာန်လုပ်ငန်း၊ ပီတိအပြီးပညာရေးနှင့်ဖွံ့ဖြိုးရေးဖောင်းဒေးရှင်း၊ ဆွေသဟာလူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကလျာဏယုဝခရစ်ယာန်အသင်း စုစုပေါင်း အသင်းအဖွဲ့ ၁၀ ခုက ၂၀၁၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုး၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကမ္ဘာ့အမွေအနှစ်အပေါ် အမြင်သဘောထားများနှင့် ပြည်သူများ၏အခန်းကဏ္ဍအကြောင်းအလုပ်ရုံဆွေးနွေး

**ပူတာအို စက်တင်ဘာ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအောက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း(UNESCO)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံအစီအစဉ်တို့ ပူးပေါင်းမှုဖြင့် ကမ္ဘာ့အမွေအနှစ်အပေါ် အမြင်သဘောထားများနှင့် ပြည်သူများ၏အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတစ်ရပ်ကို ကချင်ပြည်နယ် ပူတာအိုမြို့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ပညာပေးပြခန်း၌ စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့မြောက်ဖျား တောင်ပေါ်ဆက်စပ်သစ်တောဒေသ ကမ္ဘာ့အမွေအနှစ် စီမံအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွက် ခရိုင်အဆင့် ကမ္ဘာ့အမွေအနှစ် စီမံအုပ်ချုပ်မှုအထောက်အကူပြုကော်မတီကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း အမှာစကားပြောကြားပြီး အထက်အဆင့်ဆင့်မှ ညွှန်ကြားချက်များကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တောင်ပိုင်း တိုးချဲ့ရေးယာ သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ထိုဒေသတွင် ရှားပါးသဘာဝပေါက်ပင် မျိုးစိတ်များနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ယူနက်စကိုမှ နည်းပညာအကြံပေးအရာရှိ Mrs.Heather Peter က ကမ္ဘာ့အမွေအနှစ်များ ဖြစ်ပေါ်လာပုံသမိုင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေများတွင်နေထိုင်သော ဒေသခံများအနေဖြင့် အသိတရားရှိရှိဖြင့် ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် နယ်မြေကွင်းဆင်းဆောင်ရွက်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များတက်ရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ထရန်စဖော်မာတစ်လုံးတိုးချဲ့တပ်ဆင်

**ဝါးခယ်မ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက်ရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ဗို့အားပြည့်ဝစွာ သုံးနိုင်ရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်တစ်လုံးကို ရေကျော်ရပ်ကွက် ရုံဟောင်းလမ်း၌ တိုးချဲ့တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရေကျော်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ယခင်က ဈေးရပ်ကွက်ရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ ဗို့အားရယူသုံးစွဲခဲ့ရကြောင်း၊ အဆိုပါ ဈေးရပ်ကွက်ရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာကို အသုံးပြုဝန်အား လျှော့ချနိုင်ရန်နှင့် ရေကျော်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်စေရန်အတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပြည်သူများအနေဖြင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထရန်စဖော်မာသစ်ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာဇော်နှင့် ဝန်ထမ်းများက တည်ဆောက်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး အလားတူပင် ဝါးခယ်မမြို့ မြသိန်းတန်ရပ်ကွက် (၃)လမ်း၌လည်း ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်တစ်လုံးကို ဆက်လက်တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။



**လှမ်းသီဟ(ဝါးခယ်မ)**

# ပြည်သူများအတွက်လိုအပ်နေသော ကျေးလက်တံတားတည်ဆောက်ပေးနိုင်ရေး ကွင်းဆင်းတိုင်းတာ

**မိုးကုတ် စက်တင်ဘာ ၂၈**

မိုးကုတ်မြို့နယ် ကင်းကျေးရွာအုပ်စုအတွင်းရှိ ကင်းတံတားကျေးရွာ၊ ရေနီတောင်ကျေးရွာနှင့် ရေနီမြောက်ကျေးရွာတို့မှ ပြည်သူများအတွက် လိုအပ်လျက်ရှိသော အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ တံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်လမ်းမပေါ်ရှိ တံတားတည်ဆောက်မည့်နေရာတွင် ကွင်းဆင်းတိုင်းတာမှုများကို မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများက ကင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရေနီတောင်နှင့် ရေနီမြောက်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် အတူ စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်းတိုင်းတာခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကျေးလက်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာသုံးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်သွားလာရေးကို လွယ်ကူချောမွေ့စေမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအတွက် မိုးကုတ်မြို့သို့ ဆက်သွယ်ရာတွင်လည်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**နေဝါ(မိုးကုတ်)**

## သတင်းတိုများ

### မျိုးသန့်မျိုးစေ့ထုတ် တောင်သူများအား ပံ့ပိုးပစ္စည်းများပေးအပ်

ရေစကြိုမြို့နယ် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ဧရိယာအတွင်းရှိ မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုအသင်းဝင် တောင်သူများအတွက် ပံ့ပိုးပစ္စည်းများဖြစ်သော ပိုးသတ်ဆေးများ၊ ဇီဝစူပါရွက်ဖျန်းမြေသြဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်ကေသွယ်မြင့်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၂၆ ရက်က ထောက်ပံ့ပေးခဲ့ပြီး ပိုးသတ်ဆေးနှင့် မြေသြဇာအသုံးပြုပုံများကိုပါ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်ဧရိယာအတွင်း ဒေသခံတောင်သူ ၁၆ ဦး စုပေါင်း၍ မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုအသင်းကို ဖွဲ့စည်းကာ မနောသုခမျိုးသန့်ထုတ်စိုက်ခင်း ဧက ၃၀ ကို စိုက်ပျိုးထားကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

### လူစုလူဝေးကိုင်တွယ်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်

လူစုလူဝေးအား ကိုင်တွယ်ထိန်းသိမ်းရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစံညွှန်းများနှင့်အညီ ဖြေရှင်းတတ်စေရန်အတွက် လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း (Crowd Management) ဆင့်ပွားသင်တန်း အမှတ်စဉ်(၁၀/၂၀၁၆)ကို ဘားအံမြို့ရှိ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ စက်တင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး အဆိုပါသင်တန်းတွင် ဘားအံခရိုင်အတွင်းမှ ရဲအရာရှိနှင့် အခြားအဆင့် သင်တန်းသား ၅၀ တက်ရောက်ကာ သင်တန်းကို ရက်သတ္တပတ်နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**



(၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကို ဦးဆောင်သောတပ်ဖွဲ့ဝင်များနှင့် ရဲမေများသည် စက်တင်ဘာ ၂၄ ရက်က အ.ထ.က (ကြံခင်း) ကျောင်းဝင်းအတွင်း စုပေါင်းရှင်းလင်းစဉ် ငွေးမင်း

# စားသုံးရန်မသင့်သောစားသောက်ကုန်များကို စစ်ဆေးသိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခဲ့

**ကသာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ကုန်စုံဆိုင်နှင့် ကျောင်းဈေးဆိုင်များ၌ ရောင်းချနေသည့် စားသုံးရန်မသင့်သော မလိုင်ချောင်း၊ ခေါက်ဆွဲခြောက်၊ ချိုချဉ်ဘူးများနှင့် စီးကရက်ပုံချိုချဉ်တောင့်များကို တာဝန်ရှိသူများက စက်တင်ဘာ ၂၆ ရက်က လိုက်လံသိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ကသာခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝဏ္ဏသောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုံး၊ မြို့နယ်စည်ပင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ ကသာမြို့မရဲစခန်းမှူး ဒုရဲမှူးလှဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ကသာမြို့ သီရိခေမာဈေးနှင့် ပတ္တမြားဈေးရပ်ကွက်(၂)နှင့်(၃)ရှိ ကုန်စုံဆိုင်များ၊ ကသာ အထက(၁)၊ အထက(၂)၊ အထကခွဲ၊ အလက(၁)နှင့် အမကမူလတန်းလွန်ကျောင်းတို့ရှိ ကျောင်းဈေးဆိုင်များတွင် ရောင်းချနေသော Yongriwang တံဆိပ်ပါမလိုင်ချောင်းများ၊ တရုတ်စာတမ်းပါ ခေါက်ဆွဲခြောက် ၁၇၉ ထုပ်၊ ချိုချဉ်ကိုးဘူးနှင့် စီးကရက်ပုံချိုချဉ်တောင့် ကိုးဘူးတို့ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

အဆိုပါပစ္စည်းများကို ရောင်းချနေသည့်ဈေးသည်များအား နောင်တွင် ယခုကဲ့သို့ ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုလုပ်ရန် အသိပညာပေးဟောပြောခဲ့ပြီး သိမ်းဆည်းခဲ့သောစားသောက်ကုန်များကို ကသာမြို့မီတာ ၂၀၀ အားကစားကွင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ရပ်ရွာအခြေပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**ဖဒို စက်တင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကျောက်တံခါးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ရပ်ရွာအခြေပြု အဆင့်မြင့်စက်ချုပ်သင်တန်း(၁/၂၀၁၆)ကို ဖဒိုမြို့၌ စက်တင်ဘာ ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဖဒိုမြို့ ဖိုးပိုက်ဆံအမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က ငယ်ရွယ်သူအမျိုးသမီးများ အိုးမကွာအိမ်မကွာ စက်ချုပ်လုပ်ငန်းလုပ်ကိုင်နိုင်ပြီး ဝင်ငွေရရှိစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ကြိုးစားသင်ယူကြရန်နှင့် သင်တန်းလာရောက်ဖွင့်လှစ်ပေးသော လူမှုဝန်ထမ်းဦးစီးဌာနအား ကျေးဇူးတင်ကြောင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးသန်းက သင်တန်းသူများအား အမှာစကားပြောကြားသည်။ အဆိုပါ အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ယခင်ဖွင့်လှစ်ပြီးသော အခြေခံသင်တန်းနှစ်ခုမှ ထူးချွန်သော သင်တန်းသူ ၆၀ ကို ရွေးချယ်သင်ကြားပေးကြောင်း သိရသည်။

**သိန်းအေး**

## သတင်းတိုများ

### ကျေးလက်ကျောက်ချောလမ်းလုပ်ငန်းကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၇၀ ဒသမ ၂၂ သန်းဖြင့် Mandalay Crown ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ခုနစ်ချက်-သရက်ကန်-အလယ်ချောင်လမ်း အကျယ် ၁၂ ပေ၊ အရှည်တစ်မိုင်တွင် ကျောက်ချောခင်းခြင်းလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းတို့နှင့်အတူ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များက စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ မလှိုင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မလှိုင်-ပင်းတလဲလမ်းမှ သရက်ကန်ကျေးရွာအဝင်မြေသားလမ်း၊ ရေချို-ဆည်ကြီးလမ်း၊ နှောကန်-သက္ကယ်ကျင်းမြေသားလမ်း၊ ကူကြီး-သရက်ကန် ကျေးရွာချင်းဆက်မြေသားလမ်းနှင့် မလှိုင် - မိတ္ထီလာကားလမ်းမမှ ရုံးပင်ဇောက်ကျေးရွာသို့ဆက်သွယ်သည့်လမ်းတွင် ကျောက်ချောခင်းခြင်း၊ မန်ကျီးကုန်း-ရွှေပေါ်ကျွန်းမြေသားလမ်း၊ ပန်းအိုင်ကျေးရွာ-ကသစ်ပင်လမ်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**

### ကျေးရွာအစည်းအဝေးခန်းမဆောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ကျောက်အိုးကျေးရွာ၌ ကိုရီးယားနိုင်ငံ COICA မှ ငွေကျပ်သိန်း ၂၃၀ ပံ့ပိုးမှုဖြင့် တည်ဆောက်လျက်ရှိသော ဆယ်လ်မားအူးအွန်ဒုံ အစည်းအဝေးခန်းမ ဆောက်လုပ်နေမှုကို လုပ်ငန်းအခြေအနေများကို တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များ စက်တင်ဘာ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

## ဖာပွန်၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရန် ဆောင်ရွက်

**ဖာပွန် စက်တင်ဘာ ၂၈**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများ ဗို့အားပြည့်ဝစွာ သုံးစွဲခွင့်ရရှိပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် လက်ရှိဓာတ်အားပေးနေသော ၄၀၀ ဗို့ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင်ရှိ လိုင်းကြိုးအသေးများကို လိုင်းကြိုးအကြီးများဖြင့် အစားထိုးလဲလှယ်ခြင်း၊ ဆွေးမြည့်နေသော သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လိုင်းကြိုးအသေးများဖြစ်သည့် (HDBC wire, ACSR wire) ကြိုးများကို ကြိုးဆိုက်အကြီးဖြစ်သည့် (Insulated Aluminium Cable) ကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းနှင့် ဆွေးမြည့်သစ်သားဓာတ်တိုင် ၅၀ ကို ကိုးမီတာ ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကာ စက်တင်ဘာ ၂၇ ရက်တွင် ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၈၁ ဒသမ ၆၁ သန်းဖြင့် ရာဇဝတီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖာပွန်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးရဲထွန်း၏ ပြောကြားချက်အရ သိရသည်။

ဖာပွန်မြို့တွင် လျှပ်စစ်ဓာတ်အားလိုင်းမှ ၂၄ နာရီလျှပ်စစ်မီးသွယ်တန်း ရယူနိုင်ခြင်း မရှိသေးသဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနက ၅၀၀ ကေဗွီအေ ဒီဇယ်အင်ဂျင်မီးစက်ကြီးဖြင့် ညစဉ် ၆ နာရီခွဲမှ ၁၁ နာရီခွဲ အထိ မီးပေးလျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## ဗီဒီယိုအခွေအငှားဆိုင်များအား ရှောင်တခင်စစ်ဆေး

**ကော့သောင်း စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင်း ဗီဒီယိုအခွေအငှားဆိုင်များတွင် သတ်မှတ်လုပ်ငန်းလိုင်စင်များ ကိုင်ဆောင်လုပ်ကိုင်မှုရှိမရှိနှင့် စည်းကမ်းလိုက်နာမှုများရှိမရှိကို ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များပူးပေါင်း၍ စက်တင်ဘာ ၂၆ ရက် ညပိုင်းက ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြတ်အောင် ဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဗီဒီယို အခွေအငှားဆိုင်များတွင် သတ်မှတ်လုပ်ငန်းလိုင်စင်များ ကိုင်ဆောင်လုပ်ကိုင်မှု ရှိ မရှိ၊ လိုင်စင်သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှု ရှိ မရှိ၊ ညစ်ညမ်းဗီဒီယိုအခွေများနှင့် လိုင်စင်မဲ့ဗီဒီယိုအခွေများ ထားသိုငှားရမ်းပြသမှုရှိမရှိ စသည့်အချက်များကို လိုက်လံစစ်ဆေးခဲ့ကြကာ အခွေအငှားဆိုင်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## သုသေတနစံပြစိုက်ကွက်များ ကွင်းဆင်းစစ်ဆေး

**သံတွဲ စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (ပြည်နယ်မျိုးစေ့တာဝန်ခံ) ဒေါ်လှသင်္ဂီနှင့် ဒုတိယဦးစီးမှူး ဒေါ်မြင့်သူသူအောင်နှင့် အဖွဲ့သည် စက်တင်ဘာ ၂၁ ရက်က သံတွဲမြို့၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ခုနှစ်မိုးရာသီတွင် ခြံပြင်၊ ကွေ့ချောင်း၊ အမှတ်(၄)ရပ်ကွက်၊ ရွှေလှေကျေးရွာအုပ်စုများတွင် စိုက်ပျိုးထားရှိသည့် သုတေသနစံပြ စိုက်ကွက်များဖြစ်သော စိုက်ပျိုး နည်းစနစ်ငါးမျိုး ရေမြုပ်ခံစပါးငါးမျိုး၊ သီးနှံပုံစံတစ်ဧက စမ်းသပ်ကွက်၊ မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်စိုက်ခင်းများ၊ စံပြကွက်များနှင့်ကျေးရွာမျိုးစေ့ဘဏ် စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်နှင့် ကွင်းတာဝန်ခံများက ရှင်းလင်းပြသခဲ့ကြပြီး တာဝန်ရှိသူများက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သန့်ဇင် ပြန်/ဆက်**

# မြိုင်ကြီးငူအထူးဒေသ စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့နိုင်ရန် တက္ကသိုလ်ကျောင်းသား ကျောင်းသူနှင့် လူငယ်များ စုပေါင်းအလှူခံ



**သထုံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာကာ မြိုင်ကြီးငူအထူးဒေသသို့ ယာယီစစ်ဘေးရှောင်အဖြစ် ရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအား လူသားချင်းစာနာသောအားဖြင့် လိုအပ်သည်များကို ကူညီထောက်ပံ့နိုင်ရန်အတွက် ကရင်ပြည်နယ်အတွင်းမှ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် သထုံမြို့ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့တို့ ပူးပေါင်းကာ သထုံမြို့အတွင်း စက်တင်ဘာ ၂၇ ရက်က စုပေါင်းအလှူခံခဲ့ကြကြောင်း သိရသည်။

"ငြိမ်းချမ်းတဲ့ဒေသတွေမှာ နေထိုင်ရတဲ့ ကျွန်တော်တို့လို လူငယ်တွေက ပညာကို အေးချမ်းစွာသင်ရတယ်။ စားချင်တာစား သွားချင်သလိုသွားလို့ရတယ်။ ခုလို စစ်ဖြစ်နေတဲ့ ဒေသကလူတွေကျတော့ နေထိုင်စားသောက်ရမှုအခက်အခဲတွေ အများကြီးတွေ့နေရတယ်။ ကြားရသလောက်တော့ ဆေးဝါးတွေ၊ အစားအသောက်တွေ အထူးသဖြင့် လူတွေတအားများလာတော့ နေစရာနေရာနဲ့ အိမ်သာတွေ ဒါတွေအခက်အခဲဖြစ်တယ်လို့တော့ ကြားတယ်။ ကိုယ်ချင်းစာစိတ်နဲ့ ခုလို စိတ်တူကိုယ်တူ သူငယ်ချင်းတွေ စုပေါင်းအလှူခံထွက်ရတာပါ" ဟု ဘားအံနည်းပညာတက္ကသိုလ် ပရဟိတအဖွဲ့ဥက္ကဋ္ဌ စတုတ္ထနှစ်ကျောင်းသား ကိုအောင်ကိုကိုဦးက ပြောသည်။

ကရင်ပြည်နယ် ဘားအံနည်းပညာတက္ကသိုလ်နှင့် ဘားအံတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် သထုံမြို့ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းအချို့မှ လူငယ်များက မြို့တွင်း လူစည်ကားရာနေရာများတွင် သီချင်းများသီဆို၍ စစ်ဘေးရှောင်ပြည်သူများအတွက် အလှူခံခဲ့ကြခြင်းဖြစ်သည်။ နောက်ရက်များတွင် သထုံအပါဝင် နီးစပ်ရာမြို့နယ်များတွင် အလှူခံမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ အလှူခံရရှိသည့်ငွေများကို စစ်ဘေးရှောင်ပြည်သူများအတွက် အဓိကလိုအပ်ချက်များတွင် ရွေးချယ်ကာ ပေးလှူသွားမည်ဖြစ်ကြောင်း သိရသည်။
**သက်ဦး(သထုံ)**

# ကရင်ပြည်နယ် ကျောင်းပေါင်းစုံ ကိုယ်ကာယကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၈**

ကရင်ပြည်နယ်အတွင်း အားကစားနှင့်ပညာရေး ပေါင်းစပ်အစီအစဉ်ဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ အားကစားအဆင့်အတန်းမြင့်မားစေရေး၊ ကိုယ်ကာယကြံ့ခိုင်မှုရှိစေရေး၊ ဦးနှောက်ဉာဏ်ရည် ဖွံ့ဖြိုးစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ပြည်နယ်အတွင်း ပထမအကြိမ် ကျောင်းပေါင်းစုံကိုယ်ကာယကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်က စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။



ဘားအံမြို့အောင်သံလွင်အားကစားကွင်း၌ ကျင်းပသည့် အားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ကာ ကျောင်းအလိုက် ပြိုင်ပွဲဝင်အသင်း ၁၉ သင်းကို အားကစားပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အားကစားသမားများက ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီး၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျောင်းပေါင်းစုံ ကိုယ်ကာယကြံ့ခိုင်မှုကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲတွင် အမျိုးသားမီတာ ၁၀၀၊ မီတာ ၈၀၀၊ အမျိုးသမီးမီတာ ၁၀၀၊ မီတာ ၄၀၀နှင့် ရပ်လျက်အလျားခုန်၊ အိပ်ထမတင်၊ လက်ထောက်တွန်းတင် စသည့် အားကစားနှင့် ကိုယ်ကာယကြံ့ခိုင်မှု ပြိုင်ပွဲများပါဝင်ကြောင်း၊ အဆိုပါပြိုင်ပွဲများတွင် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၉ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၆၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြပြီး သက်တမ်းအုပ်စုအလိုက် အုပ်စုသုံးစုခွဲကာ ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် အထိ သုံးရက်ကြာကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။
**နေမျိုးလွင်(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်း ရော်ဘာအစေးခြစ်လုပ်ငန်းများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူ ဦးရေတစ်သိန်းခွဲခန့်ရှိ

**ရေး စက်တင်ဘာ ၂၈**

မွန်ပြည်နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် ရော်ဘာစိုက်ဧကပေါင်း ၄၉၁၁၀၀ ဧကရှိသည့်အနက် အစေးခြစ်စိုက်ဧကပေါင်းမှာ ၃၁၇၄၄၈ ဧက ရှိပြီး ထွက်ရှိသည့်တန်ချိန်ပေါင်းမှာ ၁၀၅၁၂၉ ဒသမ ၇၃ တန် ထွက်ရှိကာ အဆိုပါ ရော်ဘာစိုက်ဧကများ၌ ရွှေ့ပြောင်းအစေးခြစ်လုပ်သားဦးရေ တစ်သိန်းခွဲဝန်းကျင်ခန့် အစေးခြစ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက၊ အစေးခြစ်ဧကနှင့် ထွက်ရှိမှုအများဆုံးမှာ ရေးမြို့နယ်ဖြစ်ပြီး စိုက်ဧက ၁၅၁၅၆ ဧကနှင့် အစေးခြစ်ဧက ၁၁၃၆၉၇ ဧကရှိကြောင်း၊ ဒုတိယအများဆုံးမှာ ကျိုက်မရောမြို့နယ်ဖြစ်ပြီး စိုက်ဧက ၈၁၃၉၇ တွင် အစေးခြစ်ဧက ၄၇၁၉၅ ဧကရှိကြောင်း၊ တတိယအများဆုံးမှာ သံဖြူဇရပ်မြို့နယ်ဖြစ်ပြီး စိုက်ဧက ၆၅၀၁၅ ဧကတွင် အစေးခြစ်ဧက ၅၀၈၇၅ ဧက ရှိနေကြောင်း သိရသည်။ မော်လမြိုင်မြို့နယ်မှာ စိုက်ဧက ၂၂၂၅ ဧကတွင် အစေးခြစ်ဧက ၁၆၉၈ ဧကသာရှိ၍ အနည်းဆုံးဖြစ်ကြောင်း ရေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)၏ မှတ်တမ်းများအရ သိရ သည်။

ပြီးခဲ့သည့်နှစ်အတွင်းက အယ်နီညိုရာသီဥတုကြောင့် အပူချိန်မှာ ၂၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သဖြင့် ရော်ဘာထွက်ရှိမှု လျော့နည်းခဲ့ကြောင်း၊ ဒေသတွင်း ရော်ဘာစိုက်ပျိုးရာတွင်လည်း ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်စိုက်ပျိုးထားရှိမှုမှာလည်း အားနည်းကြောင်း၊ ထို့ကြောင့် ရော်ဘာထုတ်လုပ်မှုအရည်အသွေးပိုင်းကလည်း ကျဆင်းလာကာ ရော်ဘာဈေးနှုန်းမှာလည်း မကောင်းသဖြင့် ခြံငယ်အများစုတွင် အစေးခြစ်လုပ်ငန်းကို ယာယီရပ်ဆိုင်းပိတ်သိမ်းခဲ့ကြ၍ အစေးခြစ်ထုတ်လုပ်မှုလည်း ကျဆင်းခဲ့ကြောင်း ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဦးစီးအရာရှိ ဒေါ်ဝါဝါရီကပြောသည်။

ရေးမြို့နယ် ရော်ဘာဈေးကွက်အတွင်း ယခင်နှစ်က R3 ရော်ဘာအစိမ်းပြားတစ်ပေါင်လျှင် ကျပ် ၅၅၀ နှင့် စဖွင့်ခဲ့ပြီး အပိတ်ဈေးမှာလည်း တစ်ပေါင်လျှင် ၅၅၀ ကျပ် ဈေးဝန်းကျင်ခန့် ရှိခဲ့ရာမှ ယခုနှစ်တွင် ဈေးနှုန်းမှာ တစ်ပေါင်လျှင် ကျပ် ၅၀၀ အထက်တွင် ရှိနေသော်လည်း အစေးခြစ်လုပ်သားများက စိတ်ဝင်စားမှုနည်းပါးနေကြခြင်းကြောင့် ရော်ဘာစိုက်ပျိုးသူအများစုမှာ လုပ်ငန်းခွင်စတင်ရန်အခက်အခဲနှင့် ကြုံတွေ့နေကြရကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**


telenor
ကိုယ်တိုင်ရွေးချယ်ပေးတဲ့
လှူဒါန်းမှု
တယ်လီနောမှ (၂)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၁၇ သန်း သော
တယ်လီနောသုံးစွဲသူ တစ်ဦးတစ်ယောက်ချင်းတို့၏ကိုယ်စား
ငွေတစ်ဆယ်ကျပ်စီ လှူဒါန်းပေးရန်စီစဉ်ထားပါသည်။
သုံးစွဲသူအားလုံးအတွက် ကိုယ်စားပြုသော ကျပ် သိန်းပေါင်း ၁၇၀၀ ကို
အောက်ပါနေရာများသို့ သုံးစွဲသူများရွေးချယ်ပေးသော ပမာဏ အတိုင်း
အချိုးကျခွဲဝေ လှူဒါန်းသွားမှာ ဖြစ်ပါတယ်။
အောက်ဖော်ပြပါ ပရဟိတအဖွဲ့အစည်း Code အလိုက် 6060
သို့ SMS အခမဲ့ပို့ ရွေးချယ်လှူဒါန်းနိုင်ပါသည်။
ဆည်းဆာရိပ်ဘိုးဘွားရိပ်သာ
D1
လူငယ်သင်တန်းကျောင်းနှင့်
အမျိုးသမီးကလေးများကျောင်း
D2
NETWORK ACTIVITIES GROUP (NAG)
သဘာဝဘေးအန္တရာယ်
ကူညီကယ်ဆယ်ရေးအဖွဲ့
D3
stronger 2gether
TELENOR 2ND ANNIVERSARY
သုံးစွဲသူများကိုယ်စား တယ်လီနောက လှူဒါန်းပေးသောငွေကိုသုံးစွဲသူ၏ဖုန်းငွေလက်ကျန်မှ နှုတ်ယူခြင်းမပြုပါ။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

# သီတင်းကျွတ်အထူးအစီအစဉ်

PUN HLAING SILOAM HOSPITALS

သီတင်းကျွတ်အခါသမယတွင် မိမိတို့ချစ်ခင်လေးစားတန်ဖိုးထားရသော
မိဘ၊ ဘိုးဘွားများနှင့် ဆရာသမားများကို ကျန်းမာခြင်းလက်ဆောင်နဲ့ ကန်တော့ကြပါစို့...

| Health Screening Packages | Current Price(Ks) | Promotion Price(Ks) |
|---|---|---|
| Basic Standard Package | 89,000 | 70,000 |
| Executive Check | 140,000 | 100,000 |
| Deluxe (Male) | 210,000 | 150,000 |
| Deluxe (Female) - Under 40 | 220,000 | 150,000 |
| Deluxe (Female) - Over 40 | 330,000 | 250,000 |
| Healthy Man | 190,000 | 140,000 |
| Well Woman (without Breast Screening) | 220,000 | 165,000 |
| Basic Employment Package | 39,000 | 33,000 |
| Executive Employment Package | 52,000 | 40,000 |
| Deluxe Employment Package | 110,000 | 85,000 |
| Pre Marital Package | 75,000 | 60,000 |
| Woman Cancer Screening Package | 125,000 | 100,000 |

1st October 2016
to
31st October 2016

Medical Check Up Centre
01 68 44 33

LIKE US ON facebook
Pun Hlaing Siloam Hospitals






AUTO EXPO MYANMAR
မြန်မာ့အပြည်ပြည်ဆိုင်ရာယာဉ်ပိုပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်း ဆိုင်ရာနိုင်ငံတကာစက်မှုကုန်စည်ပြပွဲကြီး
POWER EXPO MYANMAR
မြန်မာ အပြည်ပြည်ဆိုင်ရာ အီလက်ထရောနစ်နည်းပညာနှင့် လျှပ်စစ်စွမ်းအင်ဆိုင်ရာပြပွဲကြီး
Dates
SEPT. 29 – OCT. 2, 2016
Venue
Tatmadaw Exhibition Hall
Children 12 years and under are not admitted
TATUNG
HIWIN
CHUNG-HSIN
MOBILETRON
E-LEAD
NANKANG
DEPO
KMC
FORTUNE ELECTRIC CO., LTD.
www.myanmarfairs.com
Taipei World Trade Center
Yorkers Trade & Marketing Service Co., Ltd
MIA
UMFCCI
MAMDA
AGTI


The Brand New
ERTIGA
Smart Investment for the Future
ERTIGA
16.1 km/L
Fuel Saving
3 years 100,000 km warranty
Bluetooth
START STOP
Push Start
JAPAN STANDARD
ERTIGA Roadshow - ထိုက်တန်မှုကိုတွေ့မြင်ခံစားလိုက်ပါ
မြို့ | နေရာ | နေ့ရက် | အချိန် | ကိုယ်စားလှယ် | ဖုန်းနံပါတ်
ရန်ကုန် | Junction Square | ၁၃-၁၄ စက်တင်ဘာ | ၉:၀၀ - ၈:၀၀ | လွင် နှင့် စွမ်း မော်တော် | ၀၁-၃၉၃၀၇၀
ရန်ကုန် | မြန်မာပလာဇာ | ၁၇-၁၈ စက်တင်ဘာ | ၉:၀၀ - ၉:၀၀ | အောင် မော်တော် | ၀၁-၆၅၅၈၁၃
ရန်ကုန် | တော်ဝင်စင်တာ | ၁၇-၁၈ စက်တင်ဘာ | ၉:၀၀ - ၈:၀၀ | ရဲနန်ဒီ မော်တော် | ၀၁-၂၀၁၆၁၉
မန္တလေး | မင်္ဂလာမန္တလေး | ၁၇-၁၈ စက်တင်ဘာ | ၉:၀၀ - ၈:၀၀ | United Eleven မော်တော် | ၀၉-၂၅၇၁၉၉၉၁၁
ရန်ကုန် | တော်ဝင်စင်တာ | ၂၄-၂၅ စက်တင်ဘာ | ၉:၀၀ - ၉:၀၀ | မျိုး မော်တော် | ၀၁-၄၀၀၃၉၉
Dealership Network
(၁)လွင် နှင့်စွမ်း မော်တော် ၀၁-၃၉၃၀၇၀
(၂)အောင် မော်တော် ၀၁-၆၅၅၈၁၃
(၃)မျိုး မော်တော် ၀၁-၄၀၀၃၉၉
(၄)ရဲနန်ဒီ မော်တော် ၀၁-၂၀၁၆၁၉
(၅)အမ်အေဒီပီ - အေအိုင်ဂျီ(မန္တလေး)မော်တော် ၀၉-၇၃၀၄၀၃၆၆
(၆)ရောဟသ်(နေပြည်တော်)မော်တော် ၀၉-၂၅၄၃၇၇၇၀၀
(၇)စီဂျီဒီစီ(ပုသိမ်) မော်တော် ၀၉-၇၇၁၂၁၂၉၈၅
(၈)ချင်းတွင်းဇရာ မော်တော် ၀၉-၄၅၄၂၄၇၇၇၂
(၉)United Eleven Motor ၀၉-၂၅၇၁၉၉၉၁၁
(၁၀) CKA(စစ်ကိုင်း)မော်တော် ၀၉-၉၇၅၅၅၁၉၄၄
(၁၁) Farmer Auto(မကွေး) ၀၉-၄၂၀၁၃၅၉၉၈
(၁၂) Farmer Auto(နေပြည်တော်) ၀၉-၅၆၀၁၃၆၄
Suzuki (Myanmar) Motor Co.,LTD
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI
Way of Life!


CAPITAL
hyper/supermarket
Wonderful BALI
15th Sept ~ 15th Oct, 2016
10 LUCKY WINNERS
CAPITAL Hyper/Supermarket ဆိုင်တိုင်းတွင်ကျပ်(၂)သောင်းဖိုးပြည့်တိုင်း ဘာလီကျွန်းသို့(၄) ညအိပ်(၅)ရက်ခရီး အခမဲ့သွားရောက်လည်ပတ်ခွင့်ရမည့်အခွင့်အရေး!!!


SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
A new business center, next to the Aung Zay Ya bridge.
800000 square feet innovative RBD, enjoy one-stop business and life.
International style buildings occupy the most beautiful landscape of
Hlaing River and Aung Zay Ya bridge.
Spring Line
is the iconic Business and residential center
at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
★ Permanent Property ★
SHOPPING ARCADE | BOUTIQUE BUSINESS HOTEL | SMART STAR OFFICE | VOHO& SOHO | ELITE CLUB
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon
TEL: 09 7930 66666

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုန္ဒက မဟာထေရ်
### သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ဆူးကလပ်ကျေးရွာ၊ သစ်ဆိမ့်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်ဖြစ်တော်မူသော ရွှေကျင်ဆရာတော် ဘဒ္ဒန္တ ကုန္ဒက မဟာထေရ်မြတ် (ဒေးဒရဲမြို့နယ် သံဃနာယကဥက္ကဋ္ဌဟောင်း)သည် (၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်) မွန်းလွဲ ၁၂:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ရက်) ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) တွင် ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အဂ္ဂိစျာပန ကျင်းပရေးကော်မတီ၊ သစ်ဆိမ့်ကျောင်း၊ ဆူးကလပ်ကျေးရွာ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဟာဂျီမဒေါ်မိုင်မူနာဘီဘီ(ခ)ဟာဂျီမဒေါ်စိန်ဒွေး (သံတွဲ)
### အသက်(၈၅)နှစ်

၂၁-၉-၂၀၁၆ ရက်တွင် ဒါရွှလ်ဖနာမှ ဒါရွှလ်ဘကာသို့ ပြောင်းကြွ၍ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကိုခံယူကာ ၂၂-၉-၂၀၁၆ရက်တွင် သံတွဲမြို့ စွန္နီမွတ်ဆလင်မ်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးခဲ့သော မိခင်ကြီး ဟာဂျီမဒေါ်မိုင်မူနာဘီဘီ(ခ)ဟာဂျီမဒေါ်စိန်ဒွေး နာမကျန်းစဉ် ပြုစုစောင့်ရှောက်ခဲ့ကြသူများ၊ ဈာပနဂျနာဇာသို့ လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ အနယ်နယ်အရပ်ရပ်မှ သတင်းမေးမြန်း၍ ဝမ်းနည်းသတင်းပေးပို့သူများ၊ အဘက်ဘက်မှ ကူညီခဲ့ကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဃ/၃၉၃၀၊ Man Star Medium Truck, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သိန်း ၅/ယမပ(နိုင်)၀၀၉၆၀၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(မုံရွာ)**

**အမြန်ရောင်းမည် (ညှိနှိုင်းဈေး)**

မြေညီကွန်ဒို (အခန်းကျယ်)

အသင့်ပြင်ဆင်ပြီး(တာမွေမြို့နယ်)

ဖုန်း ၀၉-၇၃၀၆၅၁၉၆၊ ၀၉-၂၅၀၀၁၁၄၀၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးချစ်ခိုင်၏သမီး အလက(၆)ဒဂုံတောင်တွင် တာဝန်ထမ်းဆောင်သူ အလယ်တန်းပြဆရာမ ဒေါ်မွန်မွန်စိန်(ခ) ဒေါ်မွန်စိန် ၁၂/လကန(နိုင်)၀၇၂၇၉၄ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မယုဇနမီမီခင် ၁/ရကန(နိုင်)၀၇၂၇၈၀၏ဖခင် ဦးလွင်ဦး ၁/ရကန(နိုင်)၀၃၇၃၉၈(ခ)ဦးလွင်မျိုးထွန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မြဝတီမြို့နယ်၊ အထက(ခွဲ)၁၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်သုခဇော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဦး ၇/မခန(နိုင်)၁၅၂၄၅၇ ဖြစ်ပါကြောင်း။ **ဦးမင်းဦး**

**မိခင်အမည်မှန်**

မြဝတီမြို့နယ်၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း(B)မှ မထက်ယွန်းဝတီ၏ မိခင်အမည်မှန်မှာ ဒေါ်နွဲ့မာဝင်း ၇/ပတန(နိုင်)၀၈၆၆၉၁ ဖြစ်ပါကြောင်း။

**ဒေါ်နွဲ့မာဝင်း**

**မိခင်အမည်မှန်**

မြဝတီမြို့နယ်၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း(B)မှ မအိသဇင်ဖြိုး(ခ)မအိသဇင်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်မူမူလွင် ၁၀/မလမ(နိုင်)၁၁၅၇၆၆ ဖြစ်ပါကြောင်း။

**ဒေါ်မူမူလွင်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်ကျော်စိန် (စစ်တွေ)
### အသက်(၈၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးရွှေဝင်း-ဒေါ်မူမူသန်းခိုင်တို့၏ဖခင် ဦးမောင်ကျော်စိန် အသက်(၈၃)နှစ်သည် ၂၅-၉-၂၀၁၆ရက် နံနက် ၂:၀၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(မုံရွာ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်အေးအေးမို့၏အစ်မ ဒေါက်တာဒေါ်ဝေဝေမြင့် အသက် (၆၉)နှစ်သည် ၂၆-၉-၂၀၁၆ရက် (တနင်္လာနေ့) ည ၉:၄၅နာရီတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်ဥပဒေအရာရှိ**
**ဦးမြင့်အောင်နှင့် ဇနီး ဒေါ်မိုးစန္ဒာ**

## အထူးဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ် ဥပဒေချုပ် ဒေါ်အေးအေးမို့၏အစ်မ ဒေါက်တာဒေါ်ဝေဝေမြင့် အသက် (၆၉)နှစ်သည် ၂၆-၉-၂၀၁၆ ရက် (တနင်္လာနေ့) ည ၉:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်ဥပဒေအရာရှိ မွန်ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးငွေစိုး(ရေး/ထောက်အရာရှိ)
### ဝိုင်းမော်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း
### အသက်(၅၃)နှစ်

ကချင်ပြည်နယ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဝိုင်းမော်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှ ရေး/ထောက်အရာရှိ ဦးငွေစိုးသည် ၂၅-၉-၂၀၁၆ ရက် နံနက် ၅:၃၅နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်ကွယ်ဂဘောဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့**

**အမည်မှန်နှင့် မိခင်အမည်မှန်**

ဝန်းသိုမြို့နယ် အထက၊ ဂျိုးတောင်တက္ကသိုလ်ဝင်တန်း(ဂ)မှ မခင်နှင်းစိုး၏ အမည်မှန်မှာ မနှင်းစိုးဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်အေးမြစန္ဒာ ၅/ဗမန(နိုင်)၀၀၀၄၄၀ ဖြစ်ပါသည်။

**မနှင်းစိုး၊ ဒေါ်အေးမြစန္ဒာ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုကျင် (ပုသိမ်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ တိုက်အမှတ် C-C၊ အခန်း ၀၄-၀၅ နေ ဦးကြည်ဆွေ(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်လေးလှိုင်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုကျင် (ပုသိမ်) အသက်(၇၈)နှစ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုကျင် (ပုသိမ်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ တိုက်အမှတ် C-C၊ အခန်း ၀၄-၀၅ နေ ဦးကြည်ဆွေ(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်လေးလှိုင်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုကျင် (ပုသိမ်) အသက်(၇၈)နှစ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုကျင် (ပုသိမ်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ တိုက်အမှတ် C-C၊ အခန်း ၀၄-၀၅ နေ ဦးကြည်ဆွေ (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်လေးလှိုင်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုကျင် (ပုသိမ်) အသက်(၇၈)နှစ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရွှေဘိုမြို့**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုကျင် (ပုသိမ်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ တိုက်အမှတ် C-C၊ အခန်း ၀၄-၀၅ နေ ဦးကြည်ဆွေ (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်လေးလှိုင်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုကျင် (ပုသိမ်) အသက်(၇၈)နှစ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ရေဦးမြို့**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုကျင် (ပုသိမ်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ တိုက်အမှတ် C-C၊ အခန်း ၀၄-၀၅ နေ ဦးကြည်ဆွေ (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်လေးလှိုင်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုကျင် (ပုသိမ်) အသက်(၇၈)နှစ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကလေးမြို့**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုကျင် (ပုသိမ်)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ တိုက်အမှတ် C-C၊ အခန်း ၀၄-၀၅ နေ ဦးကြည်ဆွေ (ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်လေးလှိုင်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော မိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်နုကျင် (ပုသိမ်) အသက်(၇၈)နှစ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကသာမြို့**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးငွေစိုး (ရေး/ထောက်အရာရှိ)
### ဝိုင်းမော်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်း၊ အသက်(၅၃)နှစ်

ကချင်ပြည်နယ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဝိုင်းမော်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ ရေး/ထောက်အရာရှိ ဦးငွေစိုးသည် ၂၅-၉-၂၀၁၆ရက် နံနက် ၅:၃၅နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်ကွယ်ဂဘောဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဝိုင်းမော်မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ဝိုင်းမော်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝေပုလ္လ(ခ)ဦးဝင်းနိုင်သိက္ခာတော်(၁၃)ဝါ၊ သက်တော်(၆၁)နှစ်သည် (၂၃.၉.၂၀၁၆) တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်းသိရပါသဖြင့် ဒေါ်ခင်အေးဝင်းညိုမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဌေးလှိုင်+ဒေါ်လဲ့လဲ့ဦး

မာလာမြိုင်ကုမ္ပဏီလီမိတက်

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမောင်မောင်သွင် (ငြိမ်း)
### ဖါးကုန်းမြို့
### အသက်(၈၆)နှစ်

သူငယ်ချင်း ဦးသူရသွင် (မြို့နယ်တရားသူကြီး၊ လှိုင်မြို့နယ်တရားရုံး)၏ ဖခင်ကြီး ၂၃-၉-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းရပါသည်။

**ဖေယျာ(၁၄၂)၊ တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁၀)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအေးဖေ
### အသက်(၈၆)နှစ်

သူငယ်ချင်း ဒေါ်စန္ဒာအေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)၏ဖခင်ကြီး ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ဖေယျာ(၁၄၂)၊ တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၀)မှ သူငယ်ချင်းများ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်ကြီးစောမီးဟူး (ငြိမ်း)၊ တောင်ငူမြို့
### အသက်(၇၇)နှစ်

၁၅-၉-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပြီဖြစ်သော ဖခင်ကြီးအား မေတ္တာအပြည့်ဖြင့် အထူးကြပ်မတ်ကုသစောင့်ရှောက်ပေးခဲ့သော သမားတော်ကြီး ဒေါက်တာမေရီဖောနှင့် ဒေါက်တာရှားရီဖောကေတု အထူးဆေးရုံမှ တာဝန်ရှိ ဆရာဝန် ဆရာမများ၊ နွေးညပြုစုစောင့်ရှောက်ပေးခဲ့သော ဆရာမလေးများ၊ ဆေးရုံတက်နေစဉ် လာရောက်မေတ္တာပြ ဆုတောင်းပေးကြသော အသင်းတော်ပေါင်းစုံမှ သင်းအုပ်များနှင့် အသင်းသူ အသင်းသားများ၊ ရပ်ဝေးမှ သတင်းမေးမြန်း မေတ္တာပြဆုတောင်းပေးကြသော မိတ်ဆွေ သူငယ်ချင်းများ၊ ဗိုလ်သင်တန်းအမှတ်စဉ် ၃၂ မှ သူငယ်ချင်းများ၊ မြေသို့အပ်နှံခြင်းအစီအစဉ်သို့ ကိုယ်တိုင်လာရောက်မေတ္တာပြကြသောသူများ၊ MBC မှ ဆရာတော် မန်းစံသိန်းထွန်းနှင့် CMF ကော်မတီဝင်များအားလည်းကောင်း၊ ကားများစီစဉ်ပေးသော စေတနာမန်မှ မဝါဝါမော်နှင့် လူသောခိုတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို ခရစ်တော်၏နာမ၌ ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းစိုးဝင်း(ခ)ဦးအန်းကူ (မုဒုံ)
### အသက်(၆၈)နှစ်

ဒေါက်တာ ချောစုစုဝင်း (Bangkok Hospital Office, Myanmar)၏ဖခင် ဦးသန်းစိုးဝင်း(ခ)ဦးအန်းကူ အသက်(၆၈)နှစ်သည် ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆:၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Sea Lion မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ထိုက် (စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်)
### အသက်(၆၅)နှစ်

မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီးသို့ နှစ်စဉ်မပျက်ဆွမ်းဆန်တော် အလှူငွေများ လှူဒါန်းခြင်းဖြင့် သာသနာတော်မြတ်ကြီး၏ အကျိုးကို ကူညီပံ့ပိုးခဲ့ပါသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံဒါယကာကြီး ဦးအောင်ထိုက် (စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်) အသက်(၆၅)နှစ်သည် ၂၃-၉-၂၀၁၆ ရက် (သောကြာနေ့)နံနက် ၁:၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ထိုက် (စိတ်တိုင်းကျ)
### မြို့လှမြို့
### အသက်(၆၅)နှစ်

မြို့လှမြို့၊ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးနှင့် ဆေးရုံကိစ္စအဝဝတွင် အစဉ်ကူညီပေးခဲ့သော ဦးအောင်ထိုက်သည် ၂၃-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့လှတိုက်နယ်ဆေးရုံကြီးကြပ်ရေးကော်မတီနှင့် ဆေးရုံဝန်ထမ်းမိသားစုများ**

# ကျောက်ခွက်-လက်ပံတို ရေနံမြေမှ အရာတော်ရေနံမြေသို့ ပို့လွှတ်သော ရေနံပိုက်လိုင်းပေါက်မှုဖြစ်ပွား



**ပခုက္ကူ စက်တင်ဘာ ၂၈**

ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၂)ရပ်ကွက်နေ ဦးမျိုးဝင်း၏ နေအိမ်ဝင်းအတွင်း၌ ကျောက်ခွက်-လက်ပံတို ရေနံမြေများမှ အရာတော်ရေနံမြေသို့ ပို့လွှတ်သော ရေနံပိုက်လိုင်းပေါက်မှု စက်တင်ဘာ ၂၈ ရက် နံနက် ၇ နာရီခွဲခန့်က ဖြစ်ပွားရာ ရေနံများ ယိုစိမ့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရေနံပိုက်လိုင်းပေါက်၍ ရေနံယိုစိမ့်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှု မရှိသော်လည်း ပြီးခဲ့သည့် ဩဂုတ်လအတွင်းကလည်း လေးနေရာ ပေါက်ခဲ့ဖူးသည်။ မြိုင်မြို့နယ် ကျောက်ခွက်ရေနံမြေ၊ ပေါက်မြို့နယ် လက်ပံတိုရေနံမြေများမှ ထွက်ရှိသော ရေနံများကို ပခုက္ကူမြို့နယ် အရာတော်ရေနံမြေသို့ ဆက်သွယ်ပေးပို့သော အဆိုပါ ပိုက်လိုင်းသည် သက်တမ်း နှစ် ၂၀ ကျော်ရှိပြီး ကမ္မမြို့လူနေရပ်ကွက်အတွင်း ဖြတ်သန်းဆက်သွယ်ထားသဖြင့် ယခုကဲ့သို့ အကြိမ်ကြိမ်ပိုက်လိုင်းပေါက်၍ ရေနံယိုစိမ့်မှုများ ဖြစ်နေသဖြင့် ဒေသခံပြည်သူများ စာမျက်နှာ ၅ ကော်လံ ၁ ●

# မြန်မာ- ထိုင်းနှင့် ကနေဒါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထိုးကြေးအပြင် အပိုဆောင်းငွေများချီးမြှင့်မည်



ဗာနီယွန်(ထိုင်း)



တူးတူး(နဂါးမာန်)

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Great Tiger Group (GTG)က စီစဉ်ကျင်းပသည့် မြန်မာ-ထိုင်းနှင့် ကနေဒါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် သတ်မှတ်ထိုးကြေးအပြင် အပိုဆောင်းချီးမြှင့်ငွေပါ တွဲဆိုင်းအလိုက် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ Central ဟိုတယ်၌ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် GTG မှ တွဲဆိုင်းများ အဓိကစီစဉ်သူ ဦးမြင့်လွင်(ဆရာကျား) က ပြောကြားသည်။

အဆိုပါ သုံးနိုင်ငံရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ လာမည့် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းတွဲဆိုင်း ရှစ်ဆိုင်းနှင့် ပြည်ပတွဲဆိုင်း နှစ်ဆိုင်း စုစုပေါင်း ငါးချီတွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။ ပွဲစီစဉ်သူ GTG အနေဖြင့် တွဲဆိုင်းအားလုံးကို သတ်မှတ်ထိုးကြေးအပြင် အပိုဆောင်းချီးမြှင့်ငွေများပါ ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်ရာ စာမျက်နှာ ၅ ကော်လံ ၁ ❁

## မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မြန်မာ့အလင်း)**

**အိုင်အက်စ်အဖွဲ့ ထူထောင်သည်ဟု သံသယရှိသူ ငါးဦးအား ဥရောပတွင်ဖမ်းဆီး**

စာမျက်နှာ - ၁၀

**သူတင်ကိုယ်တင် အပြိုင်ကြဲကြမည့် ထရန့်နှင့် ကလင်တန်တို့ စကားစစ်ထိုးပွဲ**

စာမျက်နှာ - ၁၁

**ဘုရားမှ ပြန်လာသူများအား အုပ်စုဖွဲ့၍ ဓားဖြင့်ခုတ်ပြီး ဆိုင်ကယ်ဖျက်ဆီးသူများအား အရေးယူ**

စာမျက်နှာ - ၁၃

